# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-10-2015) (၈၃၆၀)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# ကျွန်တော်ပုဂံကို ပြန်သွားပါဦးမည်



နေဝင်နေထွက်ချိန်တွေကိုမက်မက်မောမော စွဲလမ်းစွာ၊ ယဉ်ကျေးမှုအနုပညာလက်ရာတွေကို အံ့ချီးမဆုံး လာရောက်လေ့လာရတဲ့ မြန်မာနိုင်ငံရဲ့ မြေမြတ်မဟာဖြစ်တဲ့ ပုဂံမြေကို ခြေချမိခဲ့ချိန်က မြန်မာနိုင်ငံသားတစ်ယောက်အဖို့ ကျွန်တော် အရမ်းနောက်ကျခဲ့သည်။

အခြားနိုင်ငံများမှ နိုင်ငံခြားဧည့်သည် သန်းပေါင်းများစွာ အကြိမ်ကြိမ်ရောက်ရှိပြီးမှ ကျွန်တော် ပုဂံကို ရောက်ခဲ့သည်။ သို့သော် ရောက်ရှိလာသူတိုင်းကို လူမျိုး၊ အသားအရောင်မခွဲဘဲ ကြိုဆိုတတ်သည့် မြေမြတ်မဟာကတော့ ညလုံးပေါက်မအိပ်ခဲ့ရသည့် ကျွန်တော့်ကို နေခြည်သစ်တွေနဲ့ နွေးထွေးစွာ နှုတ်ဆက်ရှာသည်။

ရောက်ခါစနေ့မှာတော့ လာရင်းအလုပ်ကိစ္စကို တစ်နေကုန်ပြီးပြတ်အောင်လုပ်နေရသည့်အတွက် အတူလာသည့်သူအချို့ ပုဂံအနှံ့လည်ပြီးတာတောင် ကိုယ်ကအလုပ်ထဲ

သီဟသူ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

# “မြန်မာနိုင်ငံသား ဦးရေများပြီး မဲပေးရက်ရှည်သတ်မှတ်ထားတဲ့ နိုင်ငံသုံးနိုင်ငံကိုတော့ မဲလိုအပ်ချက်စာရင်းတောင်းခံထားပြီး မဲပေးရက်မကုန်ဆုံးမီ အချိန်မီ မဲလက်မှတ်များ ထပ်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်”

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တွေ့ဆုံခြင်း



ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် ပြည်ပရောက်မြန်မာနိုင်ငံသား မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးလျက်ရှိသော်လည်း အခက်အခဲများရှိနေခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကူညီဖြေရှင်းပေးနေခြင်းများအပါအဝင် မြန်မာနိုင်ငံသား ဦးရေများပြီး မဲပေးရက်ရှည် သတ်မှတ်ထားသည့် သုံးနိုင်ငံ၌ မဲလိုအပ်ချက်စာရင်းတောင်းခံ၍ အချိန်မီ မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်ကို တွေ့ဆုံမေးမြန်း ဖော်ပြအပ်ပါသည်။

မေး။ ။မေးမြန်းခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားတွေ ကြိုတင်မဲပေးရာမှာ အခက်အခဲတွေရှိနေတာနဲ့ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ပေးမှု၊ ကူညီဖြေရှင်းနေမှုအခြေအနေ သိလိုပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

## မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍများတွင် ဂျပန်က ချေးငွေ ကန်ဒေါ်လာ ၈၃၆သန်း ကူညီပံ့ပိုးမည်

ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) သည် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် အတိုးနှုန်းသက်သာသော ချေးငွေ အမေရိကန်ဒေါ်လာ ၈၃၆ သန်း ကူညီပံ့ပိုးရန် မြန်မာအစိုးရနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း Dealstreetasia.com ဝက်ဘ်ဆိုက်များတွင် ရေးသားဖော်ပြထားသည်။

JICA ၏ချေးငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းကြီး သုံးခုမှာ အနောက်-အရှေ့ စီးပွားရေး စင်္ကြံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားလိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် အမျိုးသားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကွန်ရက် ဖွံ့ဖြိုးရေးစီမံကိန်းအဆင့်-၂ တို့ပါဝင်သည်။

ဖော်ပြပါ စီမံကိန်းကြီးသုံးခုအရ အကောင်အထည်ဖော်မည့် လုပ်ငန်းများမှာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင်းရှိ တံတားကြီးသုံးခု အစားထိုးခြင်း၊ ၂၀၃၅ ခုနှစ်အထိ အကောင်အထည်ဖော်မည့် မြို့ပြပို့ဆောင်ရေးစီမံကိန်းအောက်ရှိ လက်ရှိရန်ကုန်မြို့ပတ်ရထားလိုင်းမှ ရထားလမ်း၊ ရထားတွဲ၊ ဘူတာများအပါအဝင် ရထားနှင့်ပတ်သက်သော အထောက်အကူပစ္စည်းများ အဆင့်မြှင့်တင်ရေး စသည်တို့ပါဝင်သည်ဟု သိရသည်။ [ကျော်သဲအိမ်]




ကြေးမုံ စာတည်းရှုထောင့် — ၂၁-၁၀-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ရှောင်လေဝေးဝေးယမကာဘေး

"ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊ အရက်" ဟူသည့် ယစ်မျိုးငါးမျိုးကို ရှောင်ရှားရမည့်အရာအဖြစ် ရှေးကာလကတည်းက လူတို့အသိအမှတ်ပြုထားကြသည်။ အရက်သေစာသောက်စားခြင်းသည် မင်္ဂလာတရားတော်အရဖြစ်စေ၊ လူမှုဘဝနယ်ပယ်၌ဖြစ်စေ ရှောင်ကြဉ်အပ်သည့် အရာဖြစ်သည်။

အရက်၏ဆိုးကျိုးများမှာ များပြားလှသဖြင့် သတင်းစာများမှနေ၍ မကြာခဏသတိပေးနေသော်လည်း အသိတရားရ၍ လျော့ကျသွားခြင်းမရှိသည့်အပြင် တစ်နေ့တခြား တိုးတက်များပြားလာသည်ဟု ဆိုနိုင်ပါသည်။ အရက်ကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများကို အသိပေးနေသော်ငြားလည်း ရေများရေနိုင် မီးများမီးနိုင်ဆိုသကဲ့ဖြစ်ပေါ်နေ၍ ထပ်တလဲလဲအသိပေးနေရခြင်းဖြစ်သည်။

မူးယစ်ရီဝေမှုကို အရက်သောက်သူတို့နှစ်သက်ကြသော်လည်း"အရက်သမား အမှားတစ်ထောင်"ဟု ဆိုစကားအတိုင်း အရက်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာသော ထိုမူးယစ်ရီဝေခြင်းမှ အသိတရားကင်းမဲ့ခြင်းအဖြစ်သို့ဆက်လက်ဖြစ်ပေါ်လာရာမှ မမှားသင့်သော အမှားများကို ဆက်တိုက်ဖြစ်ပေါ်လာသဖြင့် အမှားတစ်ထောင်ဟုပင် ခေါ်ဆိုထိုက်ပါသည်။

အထူးသဖြင့် အရက်သေစာသောက်စားခြင်းကြောင့် ကျန်းမာရေးများ တစ်စတစ်စထိခိုက်ကာ အသက်ပင်သေဆုံးရသည့်အဖြစ်များ မိမိတို့၏ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည်မှာ အရေးကြီးသောအချက်ဖြစ်သည်။ ထိုထက်ပို၍ အရေးကြီးသည်မှာ အနာဂတ်အတွက်အားထားရမည့် သားကောင်းရတနာလေးများ အရက်၏ ကျေးကျွန်ဘဝသို့ရောက်သွားပြီး လူညွန့်တုံးသွားခြင်းပင်ဖြစ်သည်။

အရက်ဆိုသည်မှာ မူးယစ်အုပ်စုဝင်အဖြစ် ပါဝင်နေသည်မှာ မှန်သော်လည်း တားဆီးနှိမ်နင်းရေးအပိုင်းတွင် များစွာကွာခြားနေသည်ကိုတွေ့ရသည်။ မူးယစ်ဆေးဝါးမှာ အန္တရာယ်ကြီးမားသော ဆေးဝါးဖြစ်သဖြင့် ဥပဒေအရထိရောက်စွာ တားဆီးနှိမ်နင်းနေသော်လည်း အရက်သေစာများကိုမူ ယစ်မျိုးဥပဒေကြောင်း ရှိပြီးဖြစ်သော်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

မူးယစ်ဆေးဝါးမှာ အမြန်ဆုံးအန္တရာယ်ပေးနိုင်သော်လည်း အရက်သေစာမှာ အလွန်အကျွံသောက်သုံးလာပါက တတိတိ၊ တဖြည်းဖြည်းနှင့် ဘေးဖြစ်လာနိုင်သည်ကို တွေ့ရပါသည်။ အချို့အရက်သေစာများမှာ လူတို့၏ခန္ဓာကိုယ်တည်ဆောက်ပုံအလိုက် သွေးဆူ၊ အသိမဲ့ဖြစ်စေတတ်ပြီး ကျန်းမာရေးထိခိုက်မှုသာမက အန္တရာယ်သို့ တွန်းပို့တတ်သကဲ့သို့ ဖြစ်စေပါသည်။

တဒင်္ဂသွေးဆူခြင်းသာမက အရက်က လူကိုနိုင်လာသောအခါ မသောက်လျှင်မနေနိုင်လောက်အောင် အချိန်မရွေးသောက်သုံးလာပြီး နောက်ဆုံးတွင် အသက်အန္တရာယ်ကိုပင် ထိခိုက်လာစေနိုင်သည့်အဖြစ်များသို့ ရောက်လာသည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပေလိမ့်မည်။ အရက်သည် အသိတရားကို ကင်းမဲ့စေသောအရာဖြစ်၍ မဖြစ်သင့်သည်များမဖြစ်စေရန် သတိပေးနေရခြင်းဖြစ်ပါသည်။

ယခုအခါ အရက်သည် လူမှုပတ်ဝန်းကျင်၌ ယဉ်ကျေးမှုအသွင်ကူးပြောင်းလာသည်။ ယခင်က အရက်သေစာများကို သတ်မှတ်ထားသောအချိန်၊ သတ်မှတ်ထားသောနေရာတို့တွင်သာ ရောင်းချခွင့်ပြုခဲ့သော်လည်း ယခုအခါ အချိန်မရွေး၊ နေရာမရွေး ရောင်းဝယ်ဖောက်ကားမှုရှိလာခြင်းသည် အရက်ယဉ်ကျေးမှုဖြစ်လာခြင်း၏ အကြောင်းတရားဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အဆိုပါယဉ်ကျေးမှုသည် လူငယ်လူရွယ်တို့အား ပိုမိုထိခိုက်မှုရှိလာပါသည်။ ထို့ကြောင့် အရက်ရောင်းဝယ်ဖောက်ကားခြင်း၊ အရက်ကြော်ငြာခြင်းများကို ကန့်သတ်လာရခြင်းမှာ ပြုလုပ်သင့်ပြုလုပ်ထိုက်ပါသည်။ အရက်ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် မိမိ၏ရင်သွေးငယ်များ အထက်ဖော်ပြပါဆိုးကျိုးများကို ကြုံတွေ့ ခံစားလာရမည်ဆိုပါက ကိုယ်ချင်းစာလိမ့်မည်ဟု ထင်မြင်မိပါသည်။

သို့ဖြစ်ရာ အရက်သေစာဟူသည် စည်းကမ်းတကျ ရောင်းဝယ်ဖောက်ကားသောက်သုံးသင့်သည့် အရာဖြစ်ပါသည်။ မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်း၏ အကျိုးအတွက် စည်းကမ်းမကျရောင်းဝယ်ဖောက်ကားပါက အရက်သောက်သုံးသူ လူငယ်လူရွယ်များ တစ်နေ့တခြားတိုးပွားပြီး နိုင်ငံနှင့်ပြည်သူအတွက် ထိခိုက်နစ်နာမှုဖြစ်စေနိုင်သည်ကို သတိချပ်သင့်ပါသည်။ ။

# တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သော ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကွန်ရက်အဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်ရှိ တံတားသုံးစင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းတို့အတွက် ဂျပန်နိုင်ငံမှ ပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေစုစုပေါင်း ဂျပန်ယန်း ၉၉ ဒသမ ၈၅၀ ဘီလီယံအား ရယူရန် နှစ်နိုင်ငံအစိုးရအကြား လဲလှယ်မှုစာချွန်လွှာနှင့် ချေးငွေစာချုပ်များလက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျင်းပသည်။

အဆိုပါချေးငွေများအတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် သုည ဒသမ ၀၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၀နှစ်နှင့်ပြန်ဆပ်ကာလနှစ် ၃၀ ဖြစ်ပြီး စုစုပေါင်းချေးငွေသက်တမ်းနှစ် ၄၀ ဖြစ်သည်။ ယင်းချေးငွေများရယူရန် လဲလှယ်မှုစာချွန်လွှာကို ဂျပန်နိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi နှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က လည်းကောင်း၊ ချေးငွေစာချုပ်များကို ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာနိုင်ငံရုံးခွဲ အကြီးအကဲ Mr. Keiichiro NAKAZAWA နှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းတို့ကလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးခဲ့ကြသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၀**

| | ရွှေဈေး | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၃၀၀၀ | ၇၉၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၃၀၀၀ | ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၁.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၅၁.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၁.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၆.၁၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၁.၄၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၇၂၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၁.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၃.၄၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၉၂၉.၈၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၂၂.၉၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# လူကုန်ကူးမှုနှင့် တရားမဝင်ငါးခိုးဖမ်းမှုကြောင့် ထိန်းသိမ်းခံရသူများ အရေးယူမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစည်းဝေးမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံ ကျွန်းများပေါ်သို့ ရောက်ရှိနေသော ထိုင်းနိုင်ငံငါးဖမ်းလှေများပေါ်မှ လူကုန်ကူးခံရသူများနှင့် အင်ဒိုနီးရှားရေပိုင်နက်တွင် တရားမဝင် ငါးခိုးဖမ်းမှုကြောင့် ထိန်းသိမ်းခံထားရသူများနှင့် ပတ်သက်သော ဥပဒေကြောင်းအရ အရေးယူမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး (Law Enforcement Cooperation) အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အောက်တိုဘာ (၂၀-၂၂) ရက်များတွင် ကျင်းပမည်ဖြစ်သည်။

ထိုအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။ ရဲမှူးချုပ် ဝင်းနိုင်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှအရာရှိများ၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး တပ်ဖွဲ့တို့မှ အရာရှိများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတာဝန်ရှိသူတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

အစည်းအဝေးတွင် လေးနိုင်ငံ ဆွေးနွေးမည့်အပြင် နှစ်နိုင်ငံချင်းစီအလိုက် သီးခြားဆွေးနွေးမှုများပြုလုပ်ကြမည်ဖြစ်သည်။ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံဆွေးနွေးသည့်အခါ ထိုင်းနိုင်ငံဘက်ခြမ်းတွင် ရောက်ရှိနေသော လူကုန်ကူးသူများ၏ သတင်းအချက်အလက်များဖလှယ်မှုနှင့် ထိုင်းငါးဖမ်းလုပ်ငန်း၏ နောက်ဆုံးလူကုန်ကူးမှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် နှစ်နိုင်ငံချင်းစီဆွေးနွေးသည့်အခါ အင်ဒိုနီးရှားနိုင်ငံတရားရုံးတွင် သက်သေခံနိုင်ရန်အတွက် ပြန်ရောက်နေသော မြန်မာရေလုပ်သားများထဲမှ သက်သေအဖြစ်ရွေးချယ်မှု၊ အမှုဖွင့်ထားသောအမှုအရေးအတွက်၊ သံသယရှိသူအရေးအတွက်၊ ထိန်းသိမ်းစိစစ်နေသူအရေးအတွက်၊ အခြားအမှုများဖြစ်ကြသော မူးယစ်ဆေးဝါးမှု၊ လူသတ်မှုစသည့်အမှုများနှင့် ပတ်သက်နေမှု၊ အင်ဒိုနီးရှားကျွန်းများပေါ်တွင် မြန်မာရေလုပ်သားများ သေဆုံးခဲ့ရမှုအရေးအတွက် စသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။

စက်တင်ဘာ ၂၈ ရက်က နေပြည်တော်တွင် ထိုင်းနိုင်ငံ ငါးဖမ်းစက်လှေများမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံကျွန်းများပေါ်သို့ ရောက်ရှိခဲ့သည့် မြန်မာရေလုပ်သားများ၏ လုပ်ခလစာရရှိရေးနှင့်နစ်နာကြေး လျော်ကြေးရရှိရေးတို့အတွက် အင်ဒိုနီးရှားနိုင်ငံတရားရုံးတွင် ပြန်ရောက်လာသော မြန်မာရေလုပ်သားများမှ သက်သေထွက်ဆိုချက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုကို အင်ဒိုနီးရှားနိုင်ငံ Indonesian Witness And Victim's Protection Agency မှ တာဝန်ရှိသူများသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ငါးဖမ်းလုပ်ငန်းတွင် လူကုန်ကူးမှုဆိုင်ရာ အင်ဒိုနီးရှား၊ မြန်မာနှင့်ထိုင်းနိုင်ငံပါဝင်သော သုံးနိုင်ငံအစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇွန်လ ၄ရက်နှင့် ၅ ရက်တို့တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီးဖြစ်သည်။ ထိုအစည်းအဝေး၏ သုံးလတစ်ကြိမ် အလှည့်ကျကျင်းပရန် သဘောတူညီချက်အရ ယခုအစည်းအဝေးကို လေးနိုင်ငံဆွေးနွေးနိုင်ရန် ကျင်းပမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။ **သန့်ဇင်ဝင်း**




# မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖော်ဆောင်

**ကျိုက်မရော အောက်တိုဘာ ၂၀**

ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ ၈ ရွာမှ ဦးလေးကျေးရွာနှင့် ကော့ဝက်ကျေးရွာတို့အား မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အောက်တိုဘာ ၁၅ ရက်က ကျိုက်မရောမြို့နယ်မှူး ဦးပြည့်စုံဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဦးစောဇော်ဝင်းထွန်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှလှ(ကျိုက်မရော)**

❒


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# အင်ဒိုနီးရှားနိုင်ငံမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးများ လှူဒါန်း

**ရန်ကုန်　　အောက်တိုဘာ　　၂၀**

အင်ဒိုနီးရှားနိုင်ငံအခြေစိုက် Kalbe International မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကျပ်သိန်း ၁၆၀ ကျော်ရှိ ဆေးဝါးများကို ယနေ့နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်းသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

Kalbe International(မြန်မာ)မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုနိုင်ရန် Vitalene ဆေးဝါးဘူး ၁၇၀၀၊ တန်ဖိုးငွေကျပ် ၁၆၁၁၆၀၀၀ ရှိဆေးဝါးများကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးအေးကိုကိုထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

"ဆေးဝါးတွေကို ပြင်ပလူနာဌာနနဲ့ အရေပြားရောဂါအထူးကုဌာနတွေကို ပြန်လည်ခွဲဝေပေးအပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဆေးဝါးထောက်ပံ့မှုတွေ ပြုလုပ်ပေးနေပြီး ဘတ်ဂျက်တွေလည်းတိုးမြှင့်ချထားပေးနေပါတယ်။ အခုလို ပြင်ပကလာရောက်လှူဒါန်းပံ့ပိုးမှုတွေကလည်း လူနာတွေအတွက် အသုံးပြုနိုင်တဲ့အတွက် အထောက်အပံ့ဖြစ်စေပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးက ပြောသည်။

Kalbe International အနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေမှုမှာ ၂၅ နှစ်ခန့်ရှိပြီဖြစ်ပြီး မြန်မာပြည်သူလူထုအတွက် လိုအပ်သောနေရာများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလိုကြောင်း Kalbe International ၏ မြန်မာပြည်မန်နေဂျာ Mr. Rudy Santosa က ပြောသည်။

ကျန်းမာရေးကဏ္ဍတွင် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တင်မှုများ၊ အသစ်တိုးချဲ့တည်ဆောက်မှုများ ဆောင်ရွက်နေပြီး နိုင်ငံတော်မှ နှစ်အလိုက် ဘတ်ဂျက်တိုးမြှင့်ဆောင်ရွက်ခဲ့ရာတွင် ဆေးဝါးထောက်ပံ့မှုများကိုတိုးမြှင့်ဆောင်ရွက်၍ အများပြည်သူဆေးဝါးစိုက်ထုတ် ကုန်ကျငွေများကိုလည်း လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၀၀၁)**





# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား လာရောက်တွေ့ဆုံ

**ရန်ကုန်　　အောက်တိုဘာ　　၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် အဖွဲ့(၈)ဖွဲ့မှ တာဝန်ရှိသူများကို ယနေ့ နံနက် ၈ နာရီတွင် Park Royal ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့သို့တွေ့ဆုံစဉ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ၏ ဒေသများတွင် ရွေးကောက်ပွဲများကျင်းပပေးနိုင်ရေး၊ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ လွတ်လပ်စွာ မဲဆွယ်စည်းရုံးဆောင်ရွက်နိုင်ရေး၊ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင်များ မဲပေးနိုင်ရေးနှင့် ရွေးကောက်ပွဲမကျင်းပနိုင်သည့် နေရာဒေသများ၏ မကျင်းပနိုင်သည့် အကြောင်းအရင်းများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**❀ရှေ့ဖုံးမှ**

ခေါင်းမြုပ်နေတာမထွက်နိုင်ဘဲဖြစ်နေသည်။ ဒါ့ကြောင့် လာရင်းကိစ္စကို ပြီးပြတ်အောင်လုပ်ရင်း နောက်တစ်ရက် ရတဲ့အချိန်ကို ဘယ်လိုအသုံးချမလဲစဉ်းစားရင်း တစ်ရက်တာအချိန်ကို သည်းခံကျော်ဖြတ်ခဲ့လိုက်သည်။ ထို့ကြောင့် နောက်တစ်နေ့ နံနက် ၄ နာရီလောက်ကတည်းကပင် အစောကြီးနိုးနေခဲ့သည်။

အတူပါလာသည့် အဖော်များနှင့် တစ်ရက် တစ်သောင်းကျော်ပေးရသည့် E-Bike ခေါ် ဘက်ထရီစက်ဘီးများငှား၍ ပုဂံ၏ နေထွက်ချိန် ရှုခင်းကြည့်ရန် ရွှေဆံတော်ဘုရားဘက်သို့ ထွက်လာခဲ့သည်။ တစ်ခါမှ မရောက်ခဲ့ဖူးသော်လည်း အတူပါလာသည့်အဖော်က ရောက်ဖူးသည့်အတွက် သူဦးဆောင်ရာနောက်သို့ လိုက်ရသည်။ ရွှေဆံတော်ကို ရောက်တော့ ကိုယ့်ထက်ဝီရိယကောင်းသည့် နိုင်ငံခြားသားဧည့်သည်များကို တွေ့ရသည်။

နေရာကောင်းတစ်ခုမှာထိုင်ရင်း သူများတကာလို နှင်းမှုန်တောညို့ညို့နှင့် စေတီများကြားက နေလုံးကြီးထွက်လာမည်ကို မျှော်လင့်တကြီးစောင့်နေမိသည်။ မကြာပါ။ . တာဝန်ကျေသည့်နေလုံးကြီးက အဆီအသွေးပြည့်ဝစွာနဲ့ထွက်၍ နှုတ်ဆက်တော့ တစ်သက်တွင် ပထမဆုံးသော နေထွက်ခြင်း၏ အလှကျက်သရေကို ခဏတာ တွေ့ခွင့်ရလိုက်သည်။

မိမိလို မြန်မာနိုင်ငံသားတစ်ယောက်မပြောနဲ့ ကမ္ဘာအနှံ့ကတောင် တခုတ်တရ လာရတဲ့ ပုဂံဆိုတာကို နေထွက်ချိန်အလှတစ်ခုတည်းနဲ့ပင် လက်ခံမိသွားသည်။ ဤနေရာမှာ ကြားဖြတ်တစ်ခု ပြောချင်တာက နေထွက်တာကို လာကြည့်တဲ့ နိုင်ငံခြားဧည့်သည်တွေထဲက အချို့ အမျိုးသမီးများရဲ့ ဘုရားပေါ်မှာ နေထိုင်တဲ့ အပြုအမူနဲ့ ဝတ်စားဆင်ယင်မှုပါပဲ။ မြန်မာနိုင်ငံက နိုင်ငံခြားခရီးသွားလုပ်ငန်းမှာ ရိုးရာယဉ်ကျေးမှုတစ်ခုတည်းကိုသာ အဓိကဦးစားပေးလုပ်နေရသည်ဆိုသော်လည်း စေတီပုထိုးတွေပေါ်တွင် တက်ရောက်ခြင်းများကိုတော့ စည်းကမ်းစည်းဘောင်လေးတွင် သတ်မှတ်ထုတ်ပြန်တင်းကျပ်သင့်တယ်လို့ ထင်ပါတယ်။

ဘာကြောင့်လဲဆိုရင် ပုဂံစေတီပုထိုးတစ်ခုပေါ်မှာ ဘယ်လိုအမျိုးသမီးကိုမှ မလုံမခြုံအနေအထားနဲ့ အနောက်တိုင်းယဉ်ကျေးမှုနဲ့ နေထိုင်ပြုမူနေတာကို ပုဂံမြို့သူမြို့သားတွေနဲ့ မြန်မာနိုင်ငံသား မည်သူမဆို နှစ်မြို့မည်မဟုတ်သောကြောင့်ဖြစ်သည်။

ရွှေဆံတော်စေတီပေါ်တွင် နေထွက်ချိန်ကို ကြည့်ပြီးတော့ ကျွန်တော်တို့ ပုဂံတွင် အနုအယဉ်ဆုံးဟု လူသိများသည့် အာနန္ဒာစေတီသို့ ဆက်လက်သွားခဲ့ကြသည်။ ငယ်စဉ်က သမိုင်းစာတွင်သင်ခဲ့ဖူးသော်လည်း ယခုလို ကိုယ်တွေ့ဖူးမြော်လေ့လာခွင့်ရတော့ အာနန္ဒာစေတီ၏ ပန္နက်ပုံမှစ၍ စေတီတည်ဆောက်မှု အနုလက်ရာ၊ အတွင်းမှ ဗုဒ္ဓဝင် ကျောက်ဆစ်ရုပ်တုများ၊ လိုဏ်ပတ်လမ်းနံရံအတွင်း မုခ်ချိုင့်လေးများအတွင်းမှ ကျောက်ဆစ်ရုပ်ပွားတော်များက ရှေးဟောင်းလက်ရာကို စိတ်ဝင်စားသည့် ကျွန်တော့်အတွက် တစ်နေကုန်လေ့လာချင်စိတ်ဖြစ်ခဲ့သော်လည်း ရသည့်တစ်နေ့တာအချိန်လေးအတွင်းတွင် ပုဂံရှိ အခြားစေတီပုထိုးများကိုလည်း ထပ်မံဖူးမြော်လိုသည့်စိတ်ကြောင့် အလျှော့ပေးခဲ့ရသည်။

သို့သော် နောက်ထပ်ရောက်ဖြစ်သည့် အလောင်းစည်သူမင်းကြီးကို သံဝေဂယူစရာကောင်းသည့် ရွှေဂူကြီးဘုရားအရောက်တွင်တော့ အာနန္ဒာစေတီမှ မပြန်ချင်ဘဲ ပြန်ခဲ့ရသည့် မချင့်မရဲစိတ်တို့ ပျောက်သွားခဲ့သည်။ ပုဂံခေတ်လယ်၏ ဗိသုကာလက်ရာများအနက် အချိုးအစားအကျဆုံး လက်ရာများတွေ့ရသည့်အပြင် နတ်ရုပ်များအပါအဝင် ပါဠိနှင့် သက္ကတဘာသာများဖြင့် ရေးထိုးထားသည့် ကျောက်စာနှစ်ချပ်ကလည်း ကမ္ဘာ့ ရှေးဟောင်းသုတေသီများကို ဖိတ်ခေါ်ဆွဲဆောင်နိုင်သည့် ရှေးလူတို့၏ အနုပညာကို လေးစားမိပြန်သည်။

ရှေးမြန်မာကြီးတို့သည် အနုသုခုမလက်ရာ၊ လက်ရုံးရည်၊ နှလုံးရည်တို့တွင် ထွန်းတောက်ခဲ့သည့်နည်းတူ သစ္စာအဓိဋ္ဌာန်တွင်လည်း တည်ကြည်ခဲ့ပုံကို ထပ်မံဖူးမြော်ခဲ့ရသည့် ကန်တော့ပလ္လင်စေတီရှိ ဘီလူးနှစ်ကောင်နှင့် ပုဂံညှပ်ကြီးတို့ ဒဏ္ဍာရီကြောင့် သိရှိခွင့်ရခဲ့ပြန်သည်။

လေ့လာမှတ်သားစရာများသည့် မြန်မာ့အသည်းနှလုံးနယ်မြေဖြစ်သည့် ပုဂံဒေသသို့ရောက်နေသည့် ကျွန်တော်တို့ မိတ်ဆွေတစ်စုသည် အချိန်ရသည့် တစ်ရက်တာကာလအတွင်း ပုဂံဘုရားစေတီများကို စုံအောင်မဖူးနိုင်မည်ကို စိတ်စောနေသောကြောင့် နံနက်စာစားဖို့ကိုပင် အားလုံးမေ့နေခဲ့ကြသည်။

ထိုမှတစ်ဖန် ကမ္ဘာကျော် ရာဇကုမာရ်ကျောက်စာရှိရာ ဂူပြောက်ကြီးဘုရားသို့ ရောက်ခဲ့သည်။ ပူပူနွေးနွေး ကမ္ဘာ့ ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ထားသည့်အတွက် မြစေတီ ခေါ် ရာဇကုမာရ်ကျောက်စာကိုကြည့်ဖို့ နိုင်ငံခြားသားဧည့်သည်တွေနဲ့အပြိုင် တိုးလိုက်ရသည်။

ပါဠိ၊ မွန်၊ မြန်မာ၊ ပျူ စသည့် ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် ကျောက်စာကို ကိုယ်တိုင်ကိုယ်ကျမြင်ရတော့ ရှေးဟောင်းသုတေသီတွေကိုလေးစားမိသည်။ ကိုယ်သာဆို ဘယ်က ဘယ်လို ဘာစာမှန်းမသိ ဖြစ်နေရမည့်အပြင် မြေကြီးထဲက ကျောက်တုံးတစ်ခုမျှသာ သဘောထားခဲ့မည်သာဖြစ်သည်။ သို့တိုင်အောင် ရှေးဟောင်းသုတေသီများကြား မြစေတီကျောက်စာတွင် တွေ့ရသည့် မူလက အမျိုးအမည်မသိသည့် ဘာသာတစ်ခုဖြစ်သည့် ပျူစာများနှင့်ပတ်သက်၍ မည်သူက စတင်သိရှိခဲ့သည်ကို အငြင်းပွားနေဆဲပင်ဖြစ်သည်။ နက်နဲလှသည့် ရှေးဟောင်းသုတေသနဘာသာရပ်ပင်။

ဆက်လက်ပြီးရာဇဝင်ထဲက နာမည်ကျော် ဗူးဘုရားကို ရောက်ဖြစ်ကြသည်။ ဧရာဝတီမြစ်ကမ်းပါးတွင်ပျူခေတ်က တည်ထားခဲ့ပြီး ပျူစောထီးမင်း၏ရာဇဝင်အပြင် ရေကြောင်းသွားလာသူများကို စောင့်ရှောက်သည့် မုန်တိုင်းနတ်ကွန်းကြောင့် ထင်ရှားသည့် ဘုရားတစ်ဆူဖြစ်သည်။

ပုဂံဘုရားများက အဆူရေ လေးထောင်ကျော်ရှိသည်ဟု သိရပြီး လူသွားများသည့် စေတီဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဂူကြီး၊ မဟာဗောဓိ၊ ဗူးဘုရား၊ ကန်တော့ပလ္လင်၊ မင်္ဂလာစေတီ၊ မြစေတီ၊ မနူဟာ၊ နန်းဘုရား၊ နဂါးရုံ၊ လောကနန္ဒာ၊ ဂူပြောက်ကြီး၊ အလိုတော်ပြည့်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ပြဿဒ်ကြီး၊ ရွှေဆံတော်၊ တုရင်တောင်၊ တန့်ကြည့်တောင်၊ ငှက်ပစ်တောင် စသည့်ဘုရားများရှိသော်လည်း ကျွန်တော်တို့ရသည့်အချိန်အတွင်းမှာ ဦးတည့်ရာသာ သွားနိုင်ခဲ့သည်။

ပုဂံရှေးဟောင်းမြို့တူးဖော်နေမှုကိုလည်း အပြင်မှပင်ကြည့်ခဲ့ရသည်။ အချိန်လုသွားနေရသည့်အတွက် သဲပန်းချီရေးတာကိုလည်း မစပ်စုနိုင်ခဲ့သလို ပုဂံယွန်းပညာကောလိပ်ကိုလည်း ခြေဦးမလှည့်နိုင်ခဲ့ပေ။

ညနေစောင်းတော့ ရွှေစည်းခုံဘုရားကို သွားရောက်ဖူးမြော်ရင်း ဧရာဝတီမြစ်ကမ်းနားကိုဆင်းကာ ပုဂံ၏ နေဝင်ချိန်အလှကို ငေးမောမိကြသည်။ နေဝင်နေထွက် ရှုခင်းအလှနှစ်မျိုးလုံးကိုပိုင်ဆိုင်ထားသည့် ချစ်စရာ့ ပုဂံပေပဲဟု စိတ်ထဲမှရေရွတ်မိသည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း မချင့်မရဲဖြစ်မိသည်။ မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ပြီး မြန်မာ့အသည်းနှလုံးမြို့တော်ကို ကောင်းကောင်းလေ့လာလည်ပတ်ခွင့်မရခြင်းအပေါ် စိတ်မကောင်းဖြစ်မိသည်။

သွားလာလည်ပတ်နေစဉ် တစ်ရက်တာအတွင်း ပုဂံသူပုဂံသားတို့၏အသံများကိုလည်း စနည်းနာကြည့်မိသည်။ သူတို့ဒေသကို သူတို့ချစ်သည်၊ တန်ဖိုးထားသည်၊ ကံတရား၏ ဖေးမမှုကြောင့် ဘုရားကျွေးသောထမင်းကို စားနေရသည်ဟု ဆိုသည်။ ***(စကားချပ်။ ။ ဘုရားကျွေးသောထမင်းဆိုသည်မှာ ဘုရားစေတီများစွာရှိသည့်အတွက် ဘုရားဖူးများလာသောအခါတွင် ထိုဘုရားဖူးများကို ဝန်ဆောင်မှုပေး၍ ဝင်ငွေရခြင်းကိုဆိုလိုပါသည်)***

မြို့ဟောင်းကို ယဉ်ကျေးမှုနယ်မြေနှင့်မလွတ်၍ ဖယ်ခိုင်းတော့လည်း ကြည်ဖြူစွာ ဖယ်ပေးခဲ့ကြသည်။ သက်ဆိုင်ရာက သတ်မှတ်ပြဌာန်းထားသည့် ရှေးဟောင်းနယ်မြေနှင့်ပတ်သက်သည့် ဥပဒေအမိန့်များကိုလည်း တစ်သဝေမတိမ်းလိုက်နာကြသည်။ မြေမတူးရဆိုလျှင် အိမ်သာတွင်းတောင် ခွင့်ပြုချက်ရမှ တူးသည်ဟုဆိုသည်။

သို့သော် သူတို့ စိတ်ထဲမှာ အလိုမကျတာ တစ်ခုရှိသည်။ ထိုအရာကတော့ ၎င်းတို့တန်ဖိုးထားသည့် ဘုရားစေတီအချို့ကို ဟိုတယ်စီမံကိန်းများထဲတွင် ထည့်သွင်းသိမ်းဆည်းလိုက်ကြခြင်းပင်ဖြစ်သည်။ ဟုတ်သည်။ စာရေးသူတို့ကိုယ်နှိုက်ပင် ဟိုတယ်စီမံကိန်းမြေဧရိယာထဲတွင် ရောက်ရှိသွားသော ဘုရားစေတီများကို တွေ့မြင်ခဲ့ရပြီး ထိုဘုရားစေတီများကိုလည်း ဝင်ရောက်ဖူးမြော်လေ့လာခွင့်မရခဲ့ပေ။ ပုဂံသူ ပုဂံသားတို့ဆန္ဒက သူတို့ဇာတိမြေတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်လာသည်ကို လက်သင့်ခံသော်လည်း ထိုဒေသသို့ စီးပွားရေးလာလုပ်သည့် လုပ်ငန်းရှင်များက ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ဘုရားစေတီများကို လက်ဝါးကြီးအုပ်သည့် ပုံစံဆန်သည့် လုပ်ဆောင်မှုမျိုးကိုမူ မနှစ်သက်ကြပေ။

တစ်နေ့တာကုန်ဆုံးတော့ တည်းခိုသည့်နေရာသို့ ပြန်ခဲ့ကြသည်။ ကြားဖူးနားဝရှိခဲ့သည့် မွန်းတည့် ၁၂ နာရီ မထိုးမီအရောက် ဖူးလျှင် ဆုတောင်းပြည့်သည်ဆိုသည့် ရွှေစည်းခုံ၊ တုရင်တောင်၊ လောကနန္ဒာနှင့် တန့်ကြည့်တောင်ဘုရားများကိုလည်း စေ့ငုစွာ မဖူးနိုင်ခဲ့ပေ။

အခြားအဓိဋ္ဌာန်ပြည့်သည်ဆိုသည့် ပြည့်ငါးပြည့်ဘုရားများလည်းဖူးခွင့်မရခဲ့ပေ။ နံနက်စာ ထမင်းမေ့ပြီး အချိန်လုပြေးလွှားဖူးခဲ့သည့်တိုင်အောင် ကြီးမြတ်သော သမိုင်းဝင် မြေမြတ်မဟာပေါ်တွင် မနှံ့စပ်နိုင်ခဲ့သလို ၎င်းရွှေမြေရဲ့ ခံ့ထည်မှုအလှကို မြစ်ဧရာထဲမှ ကြည့်ရှုခံစားမှု မပြုလုပ်နိုင်ခဲ့ပါ။

သို့သော် ကျွန်တော်ပြန်သွားပါဦးမည်။ မြန်မာ့သည်းပွတ်နေရာဖြစ်သည့် ပုဂံကို နောက်ထပ် ကြိမ်ဖန်များစွာ ကျွန်တော်သွားပါဦးမည်။ မရောက်လိုက်ခဲ့သည့်နေရာ၊ မဖူးလိုက်ရသည့် ဘုရား၊ မစားလိုက်ရသည့် အစားအစာ၊ စကားစမြည်မပြောလိုက်ရသေးသည့် ဒေသခံများ၊ သို့လောသို့လော ကျန်ရှိသေးသည့် အကြောင်းအရာများအတွက် တစ်နေ့နေ့တွင် ကျွန်တော် ပုဂံကို ပြန်သွားပါဦးမည်။

ထိုအချိန်တွင်တော့ ဟိုတယ်ဝန်းများထဲတွင် ရောက်ရှိနေသည့် စေတီပုထိုးများကို လွတ်လပ်စွာ ဖူးမြော်လေ့လာခွင့်ရရှိရန်ဆုတောင်းမိနေရင်း တစ်နေ့နေ့ ကျွန်တော် ပုဂံကို ပြန်သွားပါဦးမည်။ ။

■■■

# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေသီကျွန်းသို့တိုင် တောမီးလောင်မှု ကျယ်ပြန့်လာ

ဂျကာတာ အောက်တိုဘာ ၂၀

**အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဆူလာဝေသီကျွန်းသို့တိုင် တောမီးလောင်မှု ကျယ်ပြန့်လာနေပုံကို ဂြိုဟ်တုဓာတ်ပုံများအရ သိရှိရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။**



အင်ဒိုနီးရှားနိုင်ငံ၏ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့ရှိ အဓိက ကျွန်းကြီးနှစ်ကျွန်းဖြစ်သော ဆုမားတြားကျွန်းနှင့်ဘော်နီယိုကျွန်းတို့၌ တောမီးလောင်မှုများဖြစ်ပေါ်နေပြီး ပြည်ပနိုင်ငံများ၏ အကူအညီကို ရယူကာ မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် အစွမ်းကုန်ကြိုးပမ်းနေရချိန်တွင် ဆူလာဝေသီ ကျွန်း၌လည်း တောမီးလောင်မှုများဖြစ်ပေါ်နေပုံကို ဂြိုဟ်တုဓာတ်ပုံများအရ သိရှိရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီက ပြောကြားသည်။

ဆူလာဝေသီကျွန်း၌ အောက်တိုဘာ ၁၉ ရက်အစောပိုင်းက တောမီးလောင်မှုရှိနေသော နေရာများနှင့်ပတ်သက်၍ တာရာအကွာအမည်ရှိ ဂြိုဟ်တုက စုံစမ်းဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ စူတိုပို ပါဝိုနူဂရိုဟိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်စွန်းရှိပါပူဝါပြည်နယ်၊ နိုင်ငံအရှေ့ပိုင်းရှိ မာလူးကူးပြည်နယ်၊ နိုင်ငံအလယ်ပိုင်းရှိ နူဆာတန်ဂါရာ ပြည်နယ်တို့တွင်လည်း တောမီးလောင်မှုများကို ဂြိုဟ်တု မှတ်တမ်းများအရ သိရှိရကြောင်း ၎င်းက ပြောကြားသည်။

ဆူလာဝေသီကျွန်း၌ တောမီးလောင်မှုများသည် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်သူများက စိုက်ပျိုးရန် မြေနေရာအတွက် တောခုတ်ထွင် ရှင်းလင်းရာမှ ဖြစ်ပေါ်ရကြောင်း စူတိုပိုက ပြောကြားသည်။

ဆုမားတြားနှင့် ဘော်နီယိုကျွန်းတို့၌ ပုံမှန်ဖြစ်ပွားလေ့ရှိသော တောမီးလောင်မှုများကို ငြိမ်းသတ်နိုင်ရန် အင်ဒိုနီးရှားအစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့ထံမှ အကူအညီရယူကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ။**



# မွန်ဂိုလီးယားနှင့် ဗဟိုအာရှငါးနိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ်အာဘေး တစ်ပတ်ကြာ သွားရောက်လည်ပတ်မည်

**တိုကျို အောက်တိုဘာ ၂၀**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်ထိ မွန်ဂိုလီးယားနှင့် ဗဟိုအာရှငါးနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အစိုးရက အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

အာဘေးသည် ဗဟိုအာရှငါးနိုင်ငံသို့ သွားရောက်လည်ပတ်မည့် ပထမဆုံးသော ဂျပန်ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်ဝန်ကြီးချုပ်၏ ခရီးစဉ်မှာ အရင်းအမြစ်ကြွယ်ဝသောဒေသနှင့် စီးပွားရေးသံခင်းတမန်ခင်းတိုးမြှင့်ရန်နှင့် တရုတ်နိုင်ငံ၏ ဩဇာအာဏာလွှမ်းမိုးမှုကိုတန်ပြန်ရန် ရည်ရွယ်ပုံပေါ်ကြောင်း ကျွမ်းကျင်သူအချို့က ရည်ညွှန်းပြောဆိုနေကြသည်။ သဘာဝအရင်းအမြစ် ပေါကြွယ်ဝပြီး ယူရေးရှားဒေသ၏ အလယ်ဗဟိုတွင်တည်ရှိနေသောကြောင့် ဗဟိုအာရှဒေသမှာ အလွန်အရေးပါခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဒီဒေးဆူဂါက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။ ဗဟိုအာရှငါးနိုင်ငံမှာ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ တာမင့်နစ္စတန်နှင့် ဥဇဘတ်ကစ္စတန်နိုင်ငံတို့ဖြစ်သည်။

အဆိုပါခရီးစဉ်မှတစ်ဆင့် တိုင်းပြည်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် အပြောင်းအလဲမရှိ ပံ့ပိုးပေးလျက်ရှိသော ဂျပန်နိုင်ငံက ဗဟိုအာရှတိုင်းပြည်များနှင့်ဆက်ဆံရေးကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း ထိပ်တန်းအစိုးရပြောရေးဆိုခွင့်ရှိသူ ယိုရှီဒီဒေးဆူဂါက ဆက်လက်ပြောကြားသည်။ ရုရှားနိုင်ငံကလည်း ဗဟိုအာရှဒေသတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာမှုက ယင်းဒေသအား ၎င်းတို့၏ လွှမ်းမိုးမှုအောက်ထားရှိရန် ရည်မှန်းချက်အပေါ် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်နေသည်။ ဆူဂါ၏အဆိုအရ လွန်ခဲ့သောနှစ်နှစ်ခွဲက မွန်ဂိုလီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ဖူးသော်လည်း အာဘေးမှာ အာဏာရှိစဉ်အတွင်း ယင်းနိုင်ငံသို့နှစ်ကြိမ်သွားရောက်လည်ပတ်သော ပထမဆုံးသော ဂျပန်ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သည်။ ခေါင်းဆောင်များကြား မကြာခဏဖလှယ်မှုများပြုလုပ်မှုများမှတစ်ဆင့် ဂျပန်အစိုးရက မွန်ဂိုလီးယားနိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်အဆင့် ဆက်ဆံရေးတိုးမြှင့်လိုကြောင်း ဆူဂါကဆိုသည်။

**ကျိုဒိုနယူးစ်။**



# တိုင်ဖုန်းမုန်တိုင်း "ကွတ်ပူ" တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်တွင် ၁၂ ဦးသေ

**မနီလာ အောက်တိုဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်း ကွတ်ပူတိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ၁၂ ဦးသေဆုံးခဲ့ပြီးဖြစ်သည်။ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ဒေသအတော်များများတွင် သွားလာဆက်သွယ်မှုများပြတ်တောက်သွားခဲ့ရသည်။ ရဲတပ်ဖွဲ့နှင့် စစ်ဘက်က ပျက်စီးဆုံးရှုံးမှုများကို အတည်ပြုနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါတိုင်ဖုန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ လူဇွန်ကျွန်းသို့ တနင်္ဂနွေနေ့က စတင်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ တနင်္လာနေ့တွင် အပူပိုင်းမုန်တိုင်းအဖြစ် လျော့ကျသွားပြီး ညပိုင်းတွင် လူဇွန်ကျွန်းကိုဖြတ်ကျော်သွားခဲ့သည်။ ဒေသခံသဘာဝဘေးကယ်ဆယ်ရေးတာဝန်ရှိသူများက လောလောဆယ် သေဆုံးသူ ၁၂ ရှိပြီဖြစ်ကြောင်း အင်္ဂါနေ့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သေဆုံးသူများတွင် ခြောက်နှစ်အရွယ် သမီးငယ်တစ်ဦးသည် လူဇွန်ကျွန်းရှိတောင်ပေါ်တဲတားတစ်ခုမှ လေပြင်းတိုက်ခတ်မှုကြောင့် လွင့်ပါပြီး မြစ်ထဲသို့ပြုတ်ကျသေဆုံးသွားခြင်းဖြစ်သည်ဟု ဆိုသည်။

ကွတ်ပူတိုင်ဖုန်းမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအဖြစ်ဆက်လက်လျော့ကျပြီး ဖိလစ်ပိုင်နှင့် ထိုင်ဝမ်ကြားရှိ ဘာရှီတူးမြောင်းသို့ရွေ့လျားတိုက်ခတ်သွားမည်ဟု မျှော်လင့်ရကြောင်း ဖိလစ်ပိုင်မိုးလေဝသတာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ရှားမှုအစီအစဉ် ဖွံ့ဖြိုးပြီးနိုင်ငံများ မျှဝေတာဝန်ယူမှု အားနည်းဟုဆို

**ဘွန်း အောက်တိုဘာ ၂၀**

အမေရိကန်ပြည်ထောင်စုနှင့် အခြားချမ်းသာသော နိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားမှုအစီအစဉ်နှင့် ပတ်သက်၍ ယင်းနိုင်ငံများက မျှဝေတာဝန်ယူရမည့် လုပ်ငန်းရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်ခြင်းမရှိကြောင်း အရပ်ဘက်အဖွဲ့အစည်း ၁၈ ခုက ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ကန့်သတ်ရေးအတွက် အစိုးရအဖွဲ့များက ကတိကဝတ်ပြုခဲ့ကြသော်လည်း အပူချိန် နှစ်ဒီဂရီ ဆဲလ်စီးယပ်စ် (၃ ဒသမ ၆ ဒီဂရီ ဖာရင်ဟိုက်) မြင့်တက်မှုကို ကန့်သတ်နိုင်ရန် ထိရောက်သော အရေးယူဆောင်ရွက်မှုပြုလုပ်နိုင်ခြင်းမရှိကြောင်း အဆိုပါ လေ့လာချက်တွင် ဖော်ပြသည်။

ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့လျှော့ချရေးဆိုင်ရာ ရည်မှန်းချက်နှင့်ပတ်သက်၍ ဖွံ့ဖြိုးပြီးနိုင်ငံများအားလုံးက အသီးသီး ခွဲဝေတာဝန်ယူရမည့် လုပ်ငန်းတာဝန်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ခရစ်ယာန်အကူအညီပေးရေးအဖွဲ့၊ အောက်စဖန်း၊ နိုင်ငံတကာကုန်သွယ်ရေး သမဂ္ဂအဖွဲ့ချုပ်နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့တို့ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများက ထုတ်ပြန်သည့် လေ့လာချက်တွင် ဖော်ပြသည်။

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်ကို အပြီးသတ်မူကြမ်းရေးဆွဲသည့် အစည်းအဝေးတစ်ရပ်ကို ဂျာမနီနိုင်ငံ ဘွန်းမြို့၌ အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိစဉ် အဆိုပါလေ့လာချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

**ရိုက်တာ။**



# ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ ဘတ်စ်ကားတစ်စီးဗုံးပေါက်ကွဲ ၁၁ ဦး သေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၀**

ခွဲထွက်ရေးသမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများနှင့် နှစ်ပေါင်းများစွာ တွေ့ကြုံခံစားနေရသည့် ပါကစ္စတန်နိုင်ငံ အနောက်ပိုင်း ကွတ်တာမြို့၌ အောက်တိုဘာ ၁၉ ရက်က လူအပြည့်အသိပ်လိုက်ပါလာသည့် ခရီးသည်တင် ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၁ ဦး သေဆုံးခဲ့ကြောင်း ယနေ့ရိုက်တာ သတင်းတွင် ဖော်ပြသည်။

လုပ်ငန်းခွင်မှ နေအိမ်များရှိရာသို့ပြန်လာကြသည့် ခရီးသည်များကို တင်ဆောင်လာသော ခရီးသည်တင် ဘတ်စ်ကားသည် ယင်းပြည်နယ် မြို့တော်၏ ဆင်ခြေဖုံးအရပ်သို့ ဦးတည်မောင်းနှင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ယင်းမြို့ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူ အဗ္ဗဒူခါဟစ် ခါတစ်ခ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်တွင် ဆယ်စုနှစ်တစ်ခု နီးပါးကာလမျှ ခွဲထွက်ရေးဝါဒီများက ပါကစ္စတန်အစိုးရဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘလူချီတိုင်းရင်းသားမျိုးနွယ်မဟုတ်သူများအား ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အောက်တိုဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ပါကစ္စတန်အစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသည့် မည်သည့်အုပ်စုကမျှ ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ကြေညာခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

### မြန်မာနိုင်ငံသားမှ

ဖြေ။ ။ပြည်ပရောက် မြန်မာနိုင်ငံသားစုစုပေါင်း ၃၄၇၄၇ဦး ကြိုတင်ဆန္ဒမဲပေးဖို့ ဆန္ဒပြုတဲ့ပုံစံ(၁၅)ဖြည့်ပြီး သံရုံးတွေက ကျွန်တော်တို့ဆီ ပြန်ပို့ပါတယ်။ ဖြည့်ပြီးပုံစံ(၁၅)တွေကို ရွေးကောက်ပွဲကော်မရှင်ကိုစိစစ်ဖို့ ကြိုတင်မဲပြန်ပို့ပေးရန် ဆက်ပို့ပါတယ်။ အချက်အလက်ပြည့်စုံတဲ့ မဲပေးမယ့်သူဦးရေ စုစုပေါင်း ၂၉၀၀၀ ကျော် စာရင်းပြန်ရပါတယ်။ မြန်မာသံရုံး ၄၄ ရုံးကို ဆန္ဒမဲလက်မှတ်တွေအချိန်မီရောက်ဖို့ အထူးသံတမန်၊ အမြန်ချောပို့၊ တချို့သံရုံးတွေဆိုရင် အချိန်မီရောက်ဖို့ နေပြည်တော်က ဝန်ထမ်းတွေကိုယ်တိုင်ပဲ သွားပို့ခဲ့ပါတယ်။

ကြိုတင်မဲပေးဖို့ရက်ကို အောက်တိုဘာ ၁၃ ရက်ကနေ ၁၈ ရက်အတွင်း သင့်သလို သံရုံးတွေက သတ်မှတ်ဖို့ ညွှန်ကြားခဲ့ပါတယ်။ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ကြိုတင်မဲပေးပြီးသူ ၁၉၈၂၄ ဦးရှိပါတယ်။

ကြိုတင်မဲပေးရာမှာ မဲစာရင်းမှာ အမည်ပါသော်လည်း မဲလက်မှတ်ပါမလာတာ၊ မဲလက်မှတ် သုံးစောင်ပါလာဖို့ဖြစ်သော်လည်း နှစ်စောင်၊ တစ်စောင်ပဲပါတာတွေ ဖြစ်ခဲ့ပါတယ်။ ပုံစံ(၁၅)ဖြည့်ပြီး သံရုံးကို တင်ခဲ့သူတွေထဲမှာလည်း ကြိုတင်မဲပေးမယ့်စာရင်းထဲမှာ လုံးဝအမည်စာရင်း ပြန်ပါမလာတာလည်း ရှိပါတယ်။

အဲဒီလိုဖြစ်ရတာကတော့ မြန်မာနိုင်ငံ လိပ်စာမပြည့်စုံတာရယ်၊ လက်ရှိ ၎င်းတို့နေထိုင်တဲ့ နိုင်ငံရဲ့လိပ်စာမှာ နိုင်ငံအမည်ကို မထည့်မိလိုက်လို့ ကြိုတင်မဲကို ရွေးကောက်ပွဲကော်မရှင်က ဘယ်နိုင်ငံပြန်ပို့ရမယ်မသိ ဖြစ်ကုန်တာတွေရှိပါတယ်။ ကြိုတင်မဲပေးသူတွေများတဲ့ စင်ကာပူ၊ တိုကျိုနဲ့ ဆိုးလ် မြန်မာသံရုံးတွေမှာ အများဆုံးဖြစ်ခဲ့ပါတယ်။ တချို့ဆို ဥပမာ - တိုကျို မြန်မာသံရုံးကို ပို့ရမယ့် ကြိုတင်မဲတွေ အီဂျစ်နိုင်ငံ မြန်မာသံရုံးကို ရောက်သွားတာမျိုး ဖြစ်ခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်တို့ သိသိချင်းသံရုံးအချင်းချင်းညှိပြီး အမြန်စာပို့စနစ်နဲ့ ပြင်ဆင်ပေးပို့ကြဖို့ကို ညွှန်ကြားခဲ့ပါတယ်။

ဒါကြောင့် အခုဆို ဥပမာ- စင်ကာပူ၊ တိုကျို မြန်မာသံရုံးတွေကို သတ်မှတ်မဲပေးရက်ကို ထပ်တိုးပြီး မြန်မာနိုင်ငံသားတွေ မဲပေးနိုင်ဖို့ မဲလက်မှတ်ပါမလာတာကို ပြန်ရှာပြီး ပေးနိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ တချို့သံရုံးဆို မဲပေးမယ့်ရက် ထပ်တိုးမယ်ဆို တိုးနိုင်ကြောင်း၊ အဲဒီကြိုတင်မဲတွေ အချိန်မီရွေးကောက်ပွဲကော်မရှင်ကို ပြန်ရောက်ဖို့အတွက် လိုအပ်ရင် သံရုံးဝန်ထမ်းတစ်ဦးကို အထူးတာဝန်ပေးပြီး မြန်မာနိုင်ငံအရောက် ပြန်လာပြီး ပို့ပေးနိုင်ဖို့ကိုပါ အစီအစဉ်ပြုလုပ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ အောက်တိုဘာလကုန်အထိ ရွေးကောက်ပွဲကော်မရှင်ဆီ ကြိုတင်မဲတွေ ပြန်ရောက်ဖို့အထိ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

**မေး။ ။အခုရှင်းပြတဲ့အထဲမှာပါတဲ့ မြန်မာသံရုံး သုံးရုံး (စင်ကာပူ၊ တိုကျိုနဲ့ ဆိုးလ်)တို့နဲ့ ပတ်သက်ပြီး ကြိုတင်မဲပေးဖို့ ကျန်နေတဲ့ မြန်မာနိုင်ငံသားတွေကို ဘယ်လိုကူညီပေးနိုင်ပါမလဲ။**

ဖြေ။ ။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ မနေ့က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ညှိနှိုင်းခဲ့ကြပါတယ်။ ကြိုတင်ဆန္ဒမဲပေးခွင့်ရရှိသူများ စာရင်းထဲမှာပါပြီး ဆန္ဒမဲ မပေးရသေးသူများစာရင်းကို သံရုံး နှစ်ရုံးက ပေးပို့လို့ရရှိပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်နဲ့ညှိပြီး အချိန်မီမဲပေးနိုင်ဖို့ ကြိုးစား နေပါတယ်။ သံရုံးတွေကလည်း ပေးလိုက်တဲ့စာရင်းမှာပါရှိတဲ့ နိုင်ငံသားတွေကို အဆင်သင့်ဖြစ်ရင် ဆက်သွယ်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့မှာ ရွေးကောက်ပွဲကို နိုင်ငံခြားသံတမန်တွေ လေ့လာခွင့်ပြုမှာပါလား။**

ဖြေ။ ။နိုင်ငံခြားရေးဝန်ကြီးဌာနက ရန်ကုန်မြို့မှာရှိတဲ့ သံရုံးတွေ၊ မြန်မာနိုင်ငံကို ပူးတွဲခန့်အပ်တဲ့ သံရုံးတွေအားလုံးကို လေ့လာသူအဖြစ် တက်ရောက်ဖို့ ဖိတ်ကြားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရုံးစိုက်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေကိုလည်း ဖိတ်ကြားပြီးဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေ၊ ဩစတြေးလျ၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ မွန်ဂိုလီးယား စတဲ့ နိုင်ငံတွေက ရွေးကောက်ပွဲကော်မရှင်တွေနဲ့ လေ့လာသူတွေကိုပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ဖိတ်ကြားမှုကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ရွေးကောက်ပွဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာနက ပါဝင်လုပ်ဆောင်ခဲ့ပုံကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။နိုင်ငံခြားရေးဝန်ကြီးဌာန ရွေးကောက်ပွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို အမြဲတမ်းအတွင်းဝန် ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအဖွဲ့ (Task Force)ကို ညွှန်ကြားရေးမှူးဦးဆောင်၍ ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာသံရုံးတွေရဲ့ တင်ပြလာချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ညှိနှိုင်းပြီး လမ်းညွှန်မှုခံယူဆောင်ရွက်ခဲ့ပါတယ်။ မြန်မာသံရုံးဝန်ထမ်းတွေအနေနဲ့ မဲစပေးတဲ့ ပထမရက်မှာ ကြုံတွေ့တဲ့ အခက်အခဲများကို အခြေခံပြီး ဒုတိယရက်၊ တတိယရက်တွေမှာတော့ အတတ်နိုင်ဆုံးအဆင်ပြေအောင် ကြိုးစားစီစဉ်ပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံသားဦးရေများပြီး မဲပေးရက်ရှည်သတ်မှတ်ထားတဲ့ နိုင်ငံ သုံးနိုင်ငံကိုတော့ မဲလိုအပ်ချက် စာရင်းတောင်းခံထားပြီး မဲပေးရက်မကုန်ဆုံးမီ အချိန်မီ မဲလက်မှတ်များ ထပ်ပို့နိုင်ရေးညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့ မြန်မာနိုင်ငံတစ်ဝန်းမှာ ကျင်းပမယ့် ရွေးကောက်ပွဲတွေကို လေ့လာမယ့် မြန်မာနိုင်ငံအခြေစိုက်သံတမန်တွေရဲ့ သွားလာမှုနဲ့ လေ့လာရေးဆိုင်ရာကိစ္စများ အဆင်ပြေစေရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးနေပါတယ်။ အဲ့ဒီလို ပြည်တွင်းလေ့လာရေးခရီးသွားရောက်တဲ့အခါမှာ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ စတဲ့ အလွှာအသီးသီးက လူများနဲ့ တွေ့ဆုံမှုများရှိမှာဖြစ်ပါတယ်။ အဲ့ဒီလိုတွေ့ဆုံတဲ့အခါမှာ သံတမန်များအနေနဲ့ Vienna ကွန်ဗင်းရှင်းကို လိုက်နာထိန်းသိမ်းကြဖို့ အိမ်ရှင်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တဲ့ ပုံမျိုး မဖြစ်စေဖို့ကို သတိပြုဖို့လိုပါတယ်။

# လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်





**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာများ ပိုကောင်းသည်ထက်ကောင်းအောင်၊ ပြည်သူလူထုမှ တပ်မတော်အပေါ် ပိုမိုယုံကြည်အားကိုးလာအောင် လုပ်ဆောင်ရန်တာဝန်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် သမိုင်းနှင့်ယှဉ်၍ နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများတွင် တပ်မတော်မှ ဆောင်ရွက်ခဲ့မှုများကို မပျက်မယွင်းရအောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှိ သင်တန်းခန်းမ၌ အရာရှိ၊ စစ်သည်များအား အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရှိ ရုံး/ဌာနများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်များ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားများ စုစုပေါင်း ၇၁၄ ဦး တက်ရောက်ကြသည်။

တွေ့ဆုံစဉ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သမိုင်းသည် နိုင်ငံတော်သမိုင်းနှင့်ခွဲခြား၍ မရကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သန္ဓေတည်ခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ရဲဘော်သုံးကျိပ်မှ ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်ရေးအတွက် ဂျပန်တွင် စစ်ပညာသင်ကြား၍ ထိုင်းနိုင်ငံအတွင်း တပ်မတော်စတင် ဖွဲ့စည်းခဲ့ကြောင်း၊ လွတ်လပ်ရေးကိုလည်း တပ်မတော်ဦးဆောင်မှုဖြင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းမှုဖြင့် ရယူခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် ရလဒ်တစ်ခုမှာ ပြည်တွင်းသောင်းကျန်းမှုပင်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို တာဝန်ယူထိန်းသိမ်းခဲ့ရသည့် ဖြစ်စဉ်သုံးကြိမ်ရှိကြောင်း၊ ၁၉၅၈ ခုနှစ်တွင် တိုင်းပြည်၏ ယိုးယွင်းလာသည့်အခြေအနေကြောင့် အာဏာရအစိုးရ၏ ဝန်ကြီးချုပ်မှ ကာကွယ်ရေးဦးစီးချုပ်ကို အာဏာလွှဲပေးခြင်းဖြစ်ကြောင်း၊ ၁၉၆၂ ခုနှစ်တွင် တိုင်းပြည်၏အခြေအနေ အရပ်ရပ်ကြောင့် တပ်မတော်မှ အာဏာသိမ်းခဲ့ရကြောင်း၊ ၁၉၈၈ ခုနှစ်တွင် အုပ်ချုပ်မှုယန္တရားပျက်ပြားပြီး နိုင်ငံတစ်ဝန်းမင်းမဲ့စရိုက်ဆန်စွာ လုယက်၊ သတ်ဖြတ်၊ ဖျက်ဆီးမှုများကြောင့် တပ်မတော်မှ ဝင်ရောက်ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးထိန်းသိမ်းခဲ့ရမှုဖြစ်စဉ်ဖြစ်ရပ်များတွင် တပ်မတော်အနေဖြင့် အသက်ခန္ဓာ၊ သွေးချွေးများစွာ ပေးဆပ်ခဲ့ရကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားပြည်သူ အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အမျိုးသားနိုင်ငံရေး အကြောင်းအရာများဖြစ်ကြောင်း၊ ယင်းအမျိုးသားနိုင်ငံရေး အကြောင်းအရာများကို လုပ်ဆောင်ခြင်းသည် နိုင်ငံ့အရေးတာဝန်ထမ်းဆောင်ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံ့အရေး တာဝန်ထမ်းဆောင်ရာတွင် ပြည်သူများအနေဖြင့်လည်း ဒီမိုကရေစီစနစ်ကျစွာ မှန်မှန်ကန်ကန်လုပ်ဆောင်ကြရန် တာဝန်ရှိကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များအား လူရွေးမမှားရန် လိုအပ်ကြောင်း၊ တပ်မတော်သားမိသားစုများအနေဖြင့်လည်း မဲဆန္ဒပေးရွေးချယ်ရာတွင် နိုင်ငံနှင့် ဒေသကို အကျိုးပြုမည့်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး အမြင် ၄ မြင်ရှိသူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ တပ်မတော်အပေါ် စာနာနားလည်မှုရှိသူ၊ အမျိုးဘာသာသာသနာကို မှန်မှန်ကန်ကန်နှင့် စနစ်တကျ ထိန်းသိမ်းနိုင်သူ၊ ပြည်ပအဖွဲ့အစည်း၊ နိုင်ငံခြားသားများ၏ တစ်နည်းနည်းအားဖြင့် လွှမ်းမိုးမှုမရှိသူများကို စဉ်းစားရွေးချယ်ရန် အကြံပြုလိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အရေးတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင်သုံးရပ်သည်လည်း မှန်ကန်ညီညွတ်ရန် လိုအပ်ကြောင်း၊ ယင်းသို့မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ် လိုအပ်သဖြင့် နိုင်ငံတော်ကာကွယ်ရေးအခန်းကဏ္ဍ ပါဝင်လာကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတွင် ပြည်သူလူထုအနေဖြင့်လည်း စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုအခါတွင် မိမိသဘောဆန္ဒအလျောက် စစ်မှုထမ်းဆောင်ခြင်းကို ဆောင်ရွက်နေသော်လည်း နောင်တစ်ချိန်တွင် နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရစနစ်အရ အချိန်ကာလ အပိုင်းအခြားတစ်ခုဖြင့် စစ်မှုထမ်းဆောင်ရမည်ဖြစ်ပြီး ဆန္ဒရှိပါက အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်ထမ်းဆောင်နိုင်မည်ဖြစ်၍ ယင်းအတွက်လည်း ကြိုတင်ပြင်ဆင်ရန် လိုအပ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွင် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးခဲ့သည်ကို သတိပြုစေလိုကြောင်း။

စစ်မှုထမ်းများ၏ ဘဝနောင်ရေးစိတ်အေးရစေရန် စစ်မှုထမ်းဟောင်းအိမ်ရာများ၊ စစ်မှုထမ်းဟောင်းဘိုးဘွားရိပ်သာများကို ဆောက်လုပ်လျက်ရှိကြောင်း၊ တပ်မတော်တွင် နှစ်ရှည်လများ ပြစ်မှုကင်းရှင်းစွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့သည့် အရာရှိ၊ စစ်သည်များကိုလည်း ရာထူးအဆင့်များ တိုးမြှင့်ပေးခြင်းဖြင့် အကျိုးခံစားခွင့် ပိုမိုရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်နှင့်ပတ်သက်ပါက ပြည်သူသာ အမိ၊ ပြည်သူသာအဖဖြစ်သကဲ့သို့ တပ်မတော်သားတစ်ယောက်အနေဖြင့် တပ်မတော်သာအမိ၊ တပ်မတော်သာအဖအဖြစ်အားကိုးမှုရှိအောင် ဆောင်ရွက်ပေးနေသည်ကို သိရှိပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ အမျိုးသားနိုင်ငံရေးနှင့် နိုင်ငံ့အရေး ကိစ္စများတွင် မှန်မှန်ကန်ကန်တာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

### မော်ချီးဒေသမှ

ခွဲခြားခြင်းဆောင်ရွက်ရာ ရပ်ဝေးမှလာရောက် လုပ်ကြသူများက ပို၍များနေကြောင်း စိစစ်တွေ့ရှိရသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့က ဆေးရုံဟောင်းနေရာကယ်ဆယ်ရေးစခန်းတွင် ယာယီတဲနှင့်အိမ်သာများ ဆောက်လုပ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြသည်။

ထို့နောက် တိုက်လေးလုံးအောက်ဘက်ရှိ သဘာဝဘေးသင့်အိမ်ထောင်စုဝင်များ နေထိုင်နိုင်ရန်အတွက် မြေနေရာသစ်များအား စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုပြီး လိုခါးလိုကျေးရွာ နှစ်ခြင်းဘုရားရှိခိုးကျောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းမှ သဘာဝဘေးသင့် မိသားစုဝင်များအား ဆေးရုံဟောင်းနေရာသို့ ပြောင်းရွှေ့နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အတူ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် လွိုင်ကော်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအားလည်းကောင်း၊ ထောက်ပံ့ပစ္စည်းသယ်ယူပေးခြင်းကိုလည်းကောင်း၊ သဘာဝဘေးသင့် ပြည်သူများ မိမိတို့နေရပ်ပြန်နိုင်ရေးအတွက် မော်ချီးဒေသမှ လွိုင်ကော်ကယ်ဆယ်ရေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

မော်ချီးဒေသ တားမြစ်ဇရိယာအဖြစ် ၁၃ ကုန်း တောင်ပေါ်၊ အောင်ချမ်းသာ၊ ဇီးပင်ကွေ့၊ ရတနာအောင်မြေ စသည့်နေရာများကို အန္တရာယ်ရှိသည့်နေရာများအဖြစ် သတ်မှတ်ထားပြီး တောင်ပေါ်ရှိ လုပ်သားအိမ်ထောင်စုဝင်များ ပြောင်းရွှေ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း

ချစ်နိုင်(စိတ်ပညာ)

**သတင်းမပြတ်ယူ**

အလုပ်အကိုင်ရရှိဖို့သည် လူတစ်ယောက်အတွက် အရေးကြီးလေသည်။ အလုပ်အကိုင်ရဖို့ ဘာလိုသလဲ။

မိတ်ကောင်းဆွေကောင်းလိုပေသည်။

ဘာကြောင့် မိတ်ကောင်းဆွေကောင်းလိုသနည်း။

အဆက်အသွယ် သတင်းအချက်အလက်ရဖို့ဖြစ်ပေသည်။

ဘယ်နေရာမှာ ဘာအလုပ်အကိုင်ရနိုင်သည်ကို သတင်းသိရမည်။ ထိုသို့သိရှိနိုင်ရန် ပြောသူရှိရမည်။ ညွှန်သူ ရှိရမည်။ ပြသူရှိရမည်။ လူပုဂ္ဂိုလ် ဘယ်သူကမှ ပြညွှန်နိုင်သူမတွေ့လျှင်လည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှာ ပါသည်ကို သိမြင်ရမည်။ ထိုသို့ သိမြင်ရအောင် နေ့စဉ်သတင်းစာဖတ်ရပါမည်။

အပတ်စဉ်ဂျာနယ်အချို့ကို ဖတ်ရမည်။

လစဉ်မဂ္ဂဇင်းအချို့ကို ဖတ်ရပေလိမ့်မည်။

စာနယ်ဇင်းတို့ထံမှ သတင်းရနိုင်သည်။ ဘယ်ကုမ္ပဏီ သို့မဟုတ် အစိုးရ ဘယ်ဌာနမှာ နေရာလစ်လပ်သည်။ လူလိုသည်။ ထိုအလုပ်ကို မိမိလျှောက်နိုင်ပေလိမ့်မည်။ အလုပ်တော့ခေါ်ပါ၏။ မိမိ၏အရည်အချင်းနှင့်မကိုက်ညီလျှင်လည်းမဖြစ်။ လက်ဖက်ရည်ဆိုင်ဖျော်ဆရာ၊ ထမင်းဆိုင်၊ စားဖိုမှူး အလုပ်မျိုးက စာနယ်ဇင်းမှာ ကြော်ငြာပြီး ခေါ်တာမျိုးရှားပါး၏။ အဆက်အသွယ်အရ ရှာဖွေလေ့ရှိကြ၏။ မိမိက ထိုအလုပ်မျိုးကို လုပ်နိုင်ကိုင်နိုင်လျှင် အဆက်အသွယ်ရှာ၍ အလုပ်ဝင်နိုင်အောင် ကြိုးစားရမည်ဖြစ်၏။

သတင်းရဖို့ ပထမလိုအပ်သည်။

အလုပ်ခွင်က လိုအပ်သော အရည်အသွေးသတ်မှတ်ချက် မိမိမှာ ရှိအောင်လုပ်ရမည်။ ဥပမာ-အင်္ဂလိပ်စာ ကျွမ်းကျင်ပြတတ်သော ဆရာ ဆရာမ နေရာမျိုး မြို့ကြီးပြကြီးမှာ များစွာလိုအပ်ပါ၏။ မိမိမှာ အနည်းဆုံးအင်္ဂလိပ်စာ အထူးပြု ဘီအေ၊ အမ်အေဘွဲ့တစ်ခုခုတော့ရှိရမည်။ အလယ်တန်းအင်္ဂလိပ်စာကို ကောင်းစွာ သင်နိုင်သလား။ အထက်တန်းအင်္ဂလိပ်စာကို ကျွမ်းကျင်စွာ သင်နိုင်သလား။ မိမိမှာ ပြသနိုင်သော အရည်အချင်းတော့ ရှိရပေလိမ့်မည်။

**အရည်အသွေး**

အစိုးရဌာနတစ်ခုမှ အလုပ်ပြုတ်လာခဲ့သော ဝန်ထမ်းတစ်ဦးသည် စာပေးစာယူနှင့်ဘွဲ့ရခဲ့ဖူးသဖြင့် ရပ်ရွာခန့် တွဲဖက်ကျောင်းဆရာအလုပ်ကို လုပ်ရလေသည်။ မိသားစုပိုမိုအဆင်ပြေအောင် အင်္ဂလိပ်စာ ဆယ်တန်း ကျူရှင်ပြသည်။ နှစ်ပေါင်းများစွာ အင်္ဂလိပ်စာ၊ မြန်မာစာ စာပေဖတ်ရှုလေ့လာခဲ့မှုနှင့် စေတနာပါပါသင်ကြားပြသမှုကြောင့် ထိုကျေးရွာမှ မကြုံစဖူး ဆယ်တန်း အင်္ဂလိပ်စာဂုဏ်ထူးနှင့် အောင်မြင်သူတွေ ပေါ်ထွက်လာခဲ့လေသည်။ ထိုပုဂ္ဂိုလ်မှာ ဦးတင်ဦး(ကျူရှင်)ဟူသော အမည်ဖြင့် စာရေးနေသော ဆောင်းပါးရှင်၊ သတင်းစာဆရာဖြစ်လာပါသည်။

မိမိလုပ်ကိုင်သော အလုပ်အကိုင်ကို ထူးခြားအောင် ထူးချွန်မှုကို ပြသနိုင်လျှင် အောင်မြင်သည်။ ငွေကြေးအရ ဖြစ်ချင် ဖြစ်မည်။ ဂုဏ်သတင်းလည်း အောင်မြင်ခြင်းပင်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးနှင့် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ခဲ့သော တပည့်များက ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ သူဌေးသူကြွယ်များ ဖြစ်လာကြသောအခါ သူတို့ငယ်စဉ်က စေတနာအပြည့်အဝဖြင့်သင်ကြားပြသခဲ့သော ဆရာအိုကြီးကို ဂရုတစိုက် ထောက်ပံ့ပြုစုကြလေသည်။

**ကျွမ်းကျင်ပါစေ**

အချိန်အတော်ကြာကြာတော့ တုံ့ပြန်မှုက ဖင့်နွှေး၏။

အခုရေတွင်းတူး အခုရေကြည်သောက်ချင်၍ မရချေ။ အလုပ်အကိုင်အခွင့်အလမ်းတစ်ခုကို ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ကြာမျှ တရွေ့ရွေ့နီးအောင် ကြိုးစားအားထုတ်ပြီးရယူကြရပါသည်။ အတတ်ပညာတစ်ခုခု ကျွမ်းကျင်ရလိမ့်မည်။

အလုပ်အကိုင်များကို တစ်ခုချင်း စာရင်းထိုး၍ ရေတွက်လျှင် ထောင်ဂဏန်း၊ သောင်းဂဏန်းမျှရှိပါလိမ့်မည်။ မူလတန်းပြ ဆရာမှာပင် ဘာသာရပ်အလိုက် အထူးပြုကျွမ်းကျင်မှု ကွဲပြားခြားနားနိုင်သေးသည်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအမျိုးမျိုးအတွက် ဘာသာရပ်ဆိုင်ရာ ကွဲပြားမှုအလိုက်အမည်တပ်လျှင် ကျောင်းဆရာ၊ ကျောင်းဆရာမ အမျိုးပေါင်းမနည်းပေ။ ဆရာ ဆရာချင်းမတူ။

ရှေ့နေဆိုလည်း အစိုးရရှေ့နေ၊ ပြင်ပရှေ့နေ၊ တရားမမှု အထူးပြုကျွမ်းကျင်သော ရှေ့နေ၊ ရာဇဝတ်မှု အထူးနာမည်ရသောရှေ့နေ၊ မြို့နယ်၊ ခရိုင်၊ တရားရုံးချုပ်ရှေ့နေ စသည်ဖြင့် အဆင့်ဆင့်ရှိပေသည်။ ဥပဒေဘွဲ့လည်း အမျိုးမျိုး၊ ဥပဒေဘာသာလည်း အမျိုးမျိုး။ နိုင်ငံတကာရေကြောင်း ပိုင်နက်ဆိုင်ရာ ဥပဒေကျွမ်းကျင်သူသည် ခါးပိုက်နှိုက်မှု၊ ခိုးမှု၊ ရာဇဝတ်မှုမျိုးတွင် သင့်လျော်ချင်မှ သင့်လျော်မည်။ မလုပ်နိုင်ဘူးဟု မဆိုလိုသော်လည်း သူ့နေရာနှင့်သူမှ ဆီလျော်ပေမည်။ ရှေ့နေ ရှေ့နေချင်း ကျွမ်းကျင်တတ်မြောက်မှုချင်းမတူ။

ကိုယ်လုပ်ချင်သော အလုပ်အကိုင်ကို နေ့ချင်းညချင်းရဖို့ရာလည်း မလွယ်ချေ။ သဘော်သားမှာလည်း အမည်သာ တူချင်တူမည်။ အဆင့်အတန်းချင်း၊ ကျွမ်းကျင်မှုချင်း၊ ရာထူးချင်း၊ လစာချင်းမတူကြချေ။ ကျွမ်းကျင်မှု၊ လုပ်သက်အတွေ့အကြုံနှင့် နေရာလစ်လပ်မှုပေါ်မူတည်ကာ အလုပ်နားရသူလည်းရှိမည်။ ရာထူးအဆင့်ဆင့်တိုးပြီး သဘော်ကပ္ပတိန် ရာထူးရသူလည်း ဖြစ်ချင်ဖြစ်မည်။

**လိုအပ်ချက်**

ယေဘုယျအားဖြင့် အလုပ်အကိုင်တစ်ခုခုလိုချင်လျှင် အောက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီရပေလိမ့်မည်။

၁။ အကျင့်စာရိတ္တကောင်းမွန်ခြင်း
၂။ ဆက်ဆံရေးကောင်းမွန်ခြင်း၊ ကူညီတတ်ခြင်း
၃။ စည်းကမ်းရှိခြင်း၊ စနစ်တကျရှိခြင်း
၄။ တာဝန်သိတတ်ခြင်း၊ တာဝန်ကျေပွန်ခြင်း
၅။ လုပ်ငန်းကျွမ်းကျင်ခြင်း

အလုပ်ပေးနိုင်သူ သို့မဟုတ် အလုပ်ခန့်ရန် ရွေးချယ်ပိုင်ခွင့်ရှိသူတို့က အထက်ပါလိုအပ်ချက်များကို ဦးစားပေးနိုင်းယှဉ်ကြည့်ပြီး ရွေးချယ်မှာဖြစ်လေသည်။ အသက်၊ လိင်၊ ကိုးကွယ်သောဘာသာ၊ အရပ်အမောင်း စသည်တို့ကိုလည်း ကြည့်ချင်ကြည့်ကြပေလိမ့်မည်။ ကိုယ့်ဘက်ကမဖြည့်ဘဲ လောကြီးနေ၍မရ။

**ပါရမီ**

အသက်ငယ်စဉ်မှာတော့ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်မင်းသမီး၊ အဆိုတော်၊ မော်ဒယ် ဖြစ်ချင်သည်။ ထင်ပေါ်ကျော်ကြားချင်ကြသည်။ တကယ်တမ်းမှာ အနုပညာပါရမီ အခံမရှိလျှင် ကိုယ်ဖြစ်ချင်တိုင်းမရပေ။ အနုပညာအစွမ်းအစ မပြနိုင်လျှင်လည်း ရွက်ကြမ်းရေကျိုဘဝနှင့် အဆုံးသတ်ကြရ၏။ ထိပ်တန်းအောင်မြင်မှုကို ရနေကြသော ရုပ်ရှင်မင်းသား နေတိုးနှင့် ပြေတီဦးတို့၏ အနုပညာလမ်းကြောင်းကို လေ့လာကြည့်သောအခါ ရုပ်ရှင်လောကထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး ရှစ်နှစ်ကြာမှ ပရိသတ်နှစ်သက်လက်ခံသောအဆင့် ရောက်လာကြကြောင်း တွေ့ရ၏။

တစ်ကားတည်းနှင့်ပေါက်သော မင်းသားမှာ ကောလိပ်ဂျင်ဇာတ်ကားဖြင့် ကောလိပ်ဂျင်နေဝင်း၊ စေလိုရာစေ ဇာတ်ကားဖြင့် ဇော်ဝမ်း၊ မေတ္တာရှင်မလေး ငြိမ်းငြိမ်းအိ ဇာတ်ကားဖြင့် အင်္ဂလန်စိန် စသူတို့ ဖြစ်ကြလေသည်။ ထွန်းဝေ၊ ရွှေဘ စသော နိုင်ငံကျော်ထိပ်တန်းမင်းသားများသည်ပင် ဒုတိယမင်းသား အဆင့်တွင် မထင်မရှားဖြင့် နှစ်အတော်ကြာကြာဖြတ်သန်းရင်း အောင်မြင်မှုကို ဖွဲ့ရှိစွာ စောင့်စားခဲ့ကြရလေသည်။

**ပညာခွန်အား**

"ပညာတတ်လျှင် အလုပ်အမြဲရှိသည်"ဟု ရပ်ရွာထဲတွင် လူကြီးသူမတွေ ပြောလေ့ရှိပေသည်။ တကယ်မှန်ကန်သည့် စကားပင်ဖြစ်၏။ မုန့်ဟင်းခါး ချက်သည့် အတတ်ဖြစ်စေ၊ လက်သမား၊ ပန်းရန်အတတ်ပင်ဖြစ်စေ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို ကျနသေချာစွာသာတတ်ပါစေ၊ အလုပ်မရှားချေ။ မတောက်တခေါက်ဆိုလျှင် မစားလောက်။

ကားမောင်းသမားချင်းအတူတူ အသုဘကားကို မောင်းသူ၊ သန့်ရှင်းရေးဌာန ဈေးကားမောင်းသူ၊ အဝေးပြေးလိုင်းကားမောင်းသူ၊ ကုန်တင်ကားမောင်းသူ၊ သူဌေးကားကို မောင်းသူ၊ ဝန်ကြီးချုပ်ကားကို မောင်းရသူ အခြေအနေ အမျိုးမျိုး၊ အဆင်းအနံ့၊ အဆင့်အတန်းမတူကြပေ။

အသုဘကားမောင်းရသူမှာ အလောင်းစော်နံ့ပေမည်။ သူဌေးကား မောင်းရသူမှာ လေအေးပေးစက်နှင့် စီးရမည်။ ဝန်ကြီးချုပ်၏ကားကို မောင်းရသူမှာ အချိန်တိကျမှုနှင့် အမိန့်နာခံမှု၊ သန့်ရှင်းသပ်ရပ်မှု လိုအပ်ပေလိမ့်မည်။ ချွေးစော်ချေးစော်နံ့ဟောင်နေအောင်ညစ်ပတ်ပေရေ၍ ရလိမ့်မည်မဟုတ်ပေ။ ကားမောင်းရခြင်းအလုပ်ကို လုပ်နေရသူခြင်းမှာ ဌာနန္တရကွာခြားလှသည်ကို မြင်ရမည်ဖြစ်သည်။

**ဌာနန္တရ**

အလုပ်အကိုင်ဆိုသည်က ဈေးသည်ဟု ဆိုလျှင် လုံလောက်၏။ ဌာနန္တရ သဘောပြောရသည့်အခါ ပူစီဖောင်းရောင်းရသောဈေးသည်လား၊ စူပါမားကတ်စတိုးဆိုင်မှာ ရောင်းသောအရောင်းဈေးသည်လား၊ အထည်သည်လား၊ ငါးစိမ်းသည်လား၊ စိန်ရွှေရတနာ ရောင်းသူဈေးသည်လား။ ဌာနန္တရကောင်းအောင် အာရုံထား၍ ကြိုးစားသင့်သည်။

ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်ရောင်းသူက စိန်ကုန်သည်မဖြစ်ဘူးဟု မည်သူပြောနိုင်ပါမည်နည်း။ သူ၏ ကိုယ်ကျင့်သီလ၊ စာရိတ္တအလှနှင့် ဥပဓိရုပ်ပြည့်စုံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ စိတ်ရှည်သည်းခံတတ်ခြင်း၊ ဘာသာတရား ကိုင်းရှိုင်းရိုသေခြင်း စသည်တို့ကြောင့် ဘုရားရှင်ပြင်တော်ပေါ်တွင် သူပုတီးစိပ်ရင်း၊ တရားထိုင်ရင်း၊ တရားနာရင်း သူဌေးသား တစ်ဦးနှင့် ဖူးစာဆုံသွားခြင်းမျိုး(ပြဇာတ်ဆန်သော်ငြားလည်း) လောကမှာ တကယ်ရှိတတ်ကြသည် မဟုတ်လော။

သမကောကာသမဏော၊ ဂေါနေနဂေါနော။

တူရာတူရာပေါင်းဖော်စုဝေးတတ်ကြသည့်သဘော။

ဆရာတော် သံဃာတော်များက ဟောကြားခဲ့ပါ၏။ ရပ်ထဲ၊ ရွာထဲ၌ အရက်သမားက အရက်သမားချင်း တွဲကြသည်။

ဖဲသမားက ဖဲသမားချင်းတွဲ၏။ ပညာရှိက ပညာရှိချင်း ယှဉ်တွဲလေ့ရှိ၏။ တရားဘာဝနာဝါသနာပါသူက ဖဲဝိုင်းသို့မသွား။

**အစုအဝေး**

အပျော်အပါးလိုက်စားသူကလည်း တရားစခန်းများဆီသို့ မသီလာပေ။ အညှီနံ့မရလျှင် သူမပျော်ပိုက်။ လူ့သဘာဝ၊ လူ့သဘောစရိုက်ချင်းတူသူချင်း ပေါင်းသင်းစုဝေးတတ်၏။

ကိုယ်ကဘယ်အစုအဝေးမှာ ပျော်ရွှင်ပါမည်နည်း။ ကလျာဏမိတ္တဟု ဆိုသော မိတ်ကောင်းဆွေကောင်းရှာရမည်။

မိမိကိုယ်ကိုအရည်အသွေးကောင်းအောင် ဦးစွာပထမ ပြုပြင်ထူထောင်ရပေမည်။

သပ္ပုရိသဥပနိဿယ ဟူသော ဆရာကောင်းသမားကောင်း၊ အမှီအခိုကောင်းဆီသို့ ချဉ်းကပ်ရပေလိမ့်မည်။ အလုပ်အကိုင်အခွင့်အလမ်းတွေကား လောကအဝန်းတွင် အများကြီးပါ။

မိမိမသိခြင်းကြောင့်သာ၊ မိမိမမြင်တတ်၍သာ။ မိမိကလက်လှမ်းမမီအောင် နိမ့်ကျနေသေးသောကြောင့်ပါ။ မိမိကိုယ်ကို အရည်အချင်း၊ အရည်အသွေး မြင့်အောင် မြှင့်ရမည်။ နေ့စဉ်ဝါသနာပါရာ၊ မိမိစရိုက်နှင့် ကိုက်ညီရာ အတတ်ပညာတစ်ခုခုကို စူးစိုက်လေ့လာသင်ယူရပါမည်။ ဓာတ်ပုံရိုက်၊ ပန်းချီဆွဲ၊ ဇာထိုးပန်းထိုး၊ စက်ချုပ် စသည့် နီးစပ်ရာက စတင်ရပါမည်။ အတတ်ပညာ စာအုပ်ကို စာတွေ့ဖတ်ပါ။ လက်တွေ့အလုပ်ကိုလည်း လေ့ကျင့်ပါ။ ကျွမ်းကျင်မှုတစ်ခုခုရှိပါစေ။

**စာတွေ့လက်တွေ့**

သတင်းစာနေ့စဉ်ဖတ်ရပါမည်။ သတင်းစာဖတ်လျှင်လာဘ်မြင်သည်။ နိုင်ငံတကာ ဗဟုသုတရသည်။ ပြည်တွင်း၊ ပြည်ပ အခြေအနေများကို ဆက်စပ်နားလည်လာမည်။ ဗဟုသုတပြည့်ဝမည်။ စာမဖတ်လျှင် ဘာမှမသိ။ ဗဟုသုတ မရှိ။ မြင်ကွင်းကျယ်သိမြင်နိုင်စွမ်းမရှိတော့ သူတစ်ပါးညာတာကို ခံရ၏။ သူတစ်ပါးလိမ်လျှင် ယုံမှတ်၏။ စာမဖတ်လျှင် အ၏။

အတန်းပညာမမြင့်လှသော်လည်း စာဖတ်လျှင် ဗဟုသုတရှိလာမည်။ တောသူတောင်သားဖြစ်သော်လည်း အသိအမြင်ကျယ်လေသည်။ လူကုန်ကူးခံရမည် မဟုတ်ပေ။

ပညာတတ်လျှင်အလုပ်အမြဲရှိသည်။

မှော်ဘီဆရာသိန်းအကြောင်းဖတ်ရင်း ဤအချက်ကထင်ရှားသည်။ မှော်ဘီဆရာသိန်း (၁၈၆၂-၁၉၄၂)သည် ထင်ရှားကျော်ကြားသော မြန်မာပညာရှိစာရေးဆရာကြီးဖြစ်၏။

မှော်ဘီမြို့အနီး ကျေးလက်တောရွာလေးမှာ မွေးခဲ့၏။

သူ၏ဖခင်မှာ ဆင်းရဲသားလယ်သမားဖြစ်၏။ ငယ်စဉ်ကပင် ကျောင်းမနေနိုင်ဘဲ ဖခင်၏ လယ်အလုပ်ကို ကူညီလုပ်ကိုင်ရ၏။ အသက်(၁၀)နှစ်အရွယ်မှစ၍ သူတစ်ပါးအိမ်တွင် ကျွဲကျောင်း၊ ထမင်းပို့၊ လယ်ကူလီလုပ်ရ၏။ စပါးကြိတ်၊ မောင်းထောင်း၊ ဆန်ဖွပ် စသည်အလုပ်လုပ်ရ၏။

**ပညာတန်ခိုး**

နွားကျောင်းရင်း ဘုန်းကြီးကျောင်းမှာ စာသင်ရ၏။ ကိုရင်ဝတ်ရ၏။ သူဆင်းရဲဘဝမှ အင်္ဂလိပ်အရာရှိများကို မြန်မာစာ၊ မြန်မာမှု သင်ကြားပေးနိုင်သော ဆရာဘဝသို့ရောက်ရှိအောင် နှစ်ပေါင်းများစွာ လေ့လာဆည်းပူးခဲ့ရ၏။

သူက မြန်မာစာသင်ကြားပေးခဲ့သော A.J.Page သည် နောင်တွင်တရားလွှတ်တော်ဝန်ကြီးချုပ်၊ J.S.Furnivallသည် နောင်တွင်မြန်မာအစိုးရ အတိုင်ပင်ခံ၊ C.W. Dunn သည် နောင်တွင် သမဝါယမမင်းကြီး၊ C.A.James သည် နောင်တွင် ရာဇဝတ်ဝန်ကြီး၊ G.Fraser သည် နောင်တွင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခစသည်ဖြင့် ဖြစ်ကြလေသည်။ ပြည်သူအများ လေးစားခံရသော စာရေးဆရာကြီး ဘဝအထိရောက်ရှိလာသော လယ်သမားသား၊ ဆင်းရဲသား လယ်ကူလီလေး၏ ဘဝသည် ကိုယ့်အားကိုယ်ကိုးကြိုးစားခဲ့ရမည်ကို သိမြင်နိုင်ပါသည်။ အားမကျသင့်ပေဖူးလား။

စာအုပ်ပေါင်း ၆၀၀ကျော် ရေးသားပြီး ခေတ်သစ်ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် မြန်မာစာပေခေတ်မီထွန်းကားရေးကို ဦးဆောင်ပါဝင်ခဲ့သည့် စာရေးဆရာကြီး ပီမိုးနင်း(၁၈၈၃-၁၉၄၀) သည်လည်း ဆင်းရဲသား မိဘနှစ်ပါးမှ မွေးဖွားခဲ့သူပင်ဖြစ်၏။ ငယ်မည် မိုးနှင်း၊ ကျောင်းအမည်က ဖိလစ်၊ ကလောင်အမည် ပီမိုးနင်းဟု အောင်မြင်ကျော်ကြားသော စာပေပညာရှင်ကြီးသည် အလုပ်အကိုင်မျိုးစုံလုပ်ခဲ့၏။ ဂျောင်ဝိုင်းရွာ၌ လယ်သမား၊ ပြည်မြို့ဆေးရုံကြီး၌ စာရေး၊ ကျောင်းဆရာ၊ ဘိန်းကုမ္ပဏီမှာ စာရေး၊ စာတည်း၊ စာပြင်၊ ပုံနှိပ်ထုတ်ဝေသူ၊ လမ်းဘက်ဌာနတွင် စာရေး၊ လက်တင် ဘာသာသာသနာပြုဆရာ၊ ဟံသာဝတီတိုက်မှာ ဘာသာပြန်သူ၊ ပုံနှိပ်ထုတ်ဝေသူ၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ။

**အလုပ်မရှား**

ဆရာပီမိုးနင်းအတွက် အလုပ်အကိုင်မရှားချေ။ လုပ်ကိုင်သမျှအလုပ်အကိုင်ကို ထူးခြားအောင် ထူးချွန်အောင်လည်း ကြိုးစားလုပ်ဆောင်သဖြင့် အောင်မြင်လေ၏။

အမေရိကန်စာရေးဆရာ မတ်တွိန်း၊ ဂျက်လန်ဒန်နှင့် ရုရှားစာရေးဆရာ မက္ကဇင်ဂေါ်ကီ စသော စာရေးဆရာကြီးများသည်လည်း ဆင်းရဲသားဘဝ၊ အလုပ်ကြမ်းမျိုးစုံ၊ အလုပ်အကိုင်မျိုးစုံကို လုပ်ကိုင်ခဲ့ကြပြီး ကမ္ဘာကျော်သည့် စာပေတို့ကို ပြုစုရေးသားနိုင်ခဲ့ကြသူများဖြစ်ကြ၏။

**ပညာတတ်လျှင် အလုပ်အကိုင်မရှား**

ပညာတတ်အောင် အချိန်ယူပြီးကြိုးစားမည်ဟု ခံယူအပ်ပါသည်။ တိုင်းပြည်မှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးသည်ဟု ထိုင်နေရင်း ညည်းညူနေခြင်းဖြင့် အကြောင်းမထူး။ ပညာအခြေခံပါမှ အလုပ်အကိုင်က ဝင်ငွေကောင်းစွာရနိုင်သည်။ ပညာနိမ့်ပါးသဖြင့် အလုပ်ရှားနေကြခြင်းပါ။

ကိုယ်ကျင့်တရား(စာရိတ္တ)ကောင်းခြင်း၊ ယဉ်ကျေးရည်မွန်ခြင်း၊ လူမှုဆက်ဆံရေးကောင်းခြင်း၊ စိတ်ဆန္ဒထက်သန်ခြင်း၊ အလုပ်ကြိုးစားခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်းတို့ ပြည့်စုံစေရမည်။ နေ့စဉ်မပြတ် စာဖတ်ပါ။ စာဖတ်ခြင်းဖြင့် ကြီးမြင့်နိုင်ပါသည်။ ပညာဗဟုသုတ ပြည့်ဝလာလိမ့်မည်။

**ပြင်ဆင်ထားပါ**

မကျန်းမာလျှင် အလုပ်ကိုကောင်းစွာ မလုပ်နိုင်။ အလုပ်ရွေးချယ်ရပေလိမ့်မည်။ မကြံ့ခိုင်လျှင် ခက်ခဲကြမ်းတမ်းသော အတွေ့အကြုံများကို မဖြတ်သန်းနိုင်။ ကျန်းမာကြံ့ခိုင်မှုရှိအောင် နေ့စဉ်လမ်းလျှောက်ခြင်းနှင့် ကာယလေ့ကျင့်ခန်းလုပ်ရမည်။

အလုပ်အကိုင်အခွင့်အလမ်းများသည် ၂၀၁၆ ခုနှစ်မှစ၍ ပြည်ပကုမ္ပဏီများစွာတို့၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် စီးဝင်တိုးပွားလာမည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှုနယ်ပယ်အသီးသီးမှာ သိသိသာသာတိုးပွားများပြားလာတော့မည်။ မိုးကရွာတော့မည်။ ရေခံစရာအဆင်သင့် လူငယ်များက ရှာဖွေထားပါ၏လော။ ခွက်နှင့်ခံသူက ခွက်မျှသာရမည်။ အိုးနှင့်ခံသူ၊ ပုံးနှင့်ခံသူ၊ စည်နှင့်ခံသူ၊ မိမိစွမ်းရည်၊ အရည်အသွေးနှင့် တတ်မြောက်ကျွမ်းကျင်သမျှ အလုပ်အကိုင်အခွင့်အလမ်းတွေ ရကြပေတော့မည်။


အဆင်သင့်ပြင်နှင့်ပေရော့ဟု တင်ပြချင်ပါသည်။ ဖြတ်လမ်းလိုက်ရန် မကြံစည်ပါနှင့်။ နည်းပညာတစ်ခုခုနှင့် အတတ်ပညာတစ်ရပ်ရပ်ဖြင့် ထူးချွန်ထူးခြားအောင်ကြိုးစားပြီး အလုပ်လုပ်မည်ဟုသာ ရည်ရွယ်ကြစေလိုပါသည်။ မြန်မာပြည် (၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ) လူဦးရေအခြေအနေသည် ယနေ့မှ နောင်အနှစ် ၃၀ ကြာအထိ လူငယ်ထုလုပ်အားစွမ်းရည်နှင့် အရေအတွက် ကောင်းကျိုးကြောင့် နိုင်ငံတကာမှာ မျက်နှာပန်းလှအောင် တိုးတက်နိုင်စွမ်း (သဘာဝကပေးလာသော အခြေအနေ)ရှိနေပါသည်။ ယုံယုံကြည်ကြည်ဖြင့် ပညာရည်ပြည့်ဝအောင် ဖြည့်စွမ်းကြဖို့သာ အရေးကြီးပါသည်။ ။

# ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ချက်သမ္မတနိုင်ငံ အစိုးရတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ချက်သမ္မတ နိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ချက်သံအမတ်ကြီး Mr. Jaroslav Dolecek နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ချက်သမ္မတနိုင်ငံ အစိုးရတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ချက်သမ္မတနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ချက်သံအမတ်ကြီး Mr. Jaroslav Dolecek တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။**(အပေါ်ပုံ)**

အဆိုပါ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်နွယ်မှုများ၊ ကုန်သွယ်ရေးနှင့် စက်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန ပညာရှင်ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပညာရေးဝန်ကြီးဌာန၏ ပညာရှင်ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတု ခန်းမ၌ ကျင်းပခဲ့သည်။

ပူဇော်ကန်တော့ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပူဇော်ကန်တော့ပွဲနှင့် ဂုဏ်ပြုပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပညာရှင်ဆရာကြီး ဆရာမကြီးများအား ရှိခိုးကန်တော့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ပညာရှင်ဆရာကြီး ဆရာမကြီးများအား ဂါရဝပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံပညာရှင်များကိုယ်စား နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာသန်းဦးနှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်ရီရီမြင့်တို့က ဆုပေးစကားပြောကြားကြသည်။

ယင်းနောက် အလှူရှင်များက ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်မှုလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့က ရွေးချယ်ဆုချီးမြှင့်ခဲ့သည့် ၂၀၁၄ ခုနှစ် ထူးချွန်ဆရာ ဆရာမ ကိုးဦးအား ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ပြီး ပညာရှင်ဆရာကြီး ဆရာမကြီးများအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**(ပညာရေး)**

# တိုင်းရင်းဆေးဖြင့် အခမဲ့ နယ်လှည့်ကွင်းဆင်းဆေးကုသ

**ချောင်းဆုံ အောက်တိုဘာ ၂၀**

မွန်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနက ကြီးမှူးပြီး မော်လမြိုင်ခရိုင် တိုင်းရင်းဆေးရုံ တိုင်းရင်းဆေးမှူး ဦးစိန်ဝင်းငွေ ဦးဆောင်သော ဝန်ထမ်း ခုနစ်ဦးနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက ချောင်းဆုံမြို့နယ် ကမာမိုကျေးရွာ ကရုဏာရှင်အသင်း စေတနာအခမဲ့ဆေးခန်း၌ ကျေးရွာပြည်သူများအား နယ်လှည့်ကွင်းဆင်းဆေးကုသပေးကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်တိုင်းရင်းဆေးမှူးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများအား သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေငန်း စသည့်ရောဂါများ ဆေးစစ်ပေးခဲ့ပြီး တိုင်းရင်းဆေးနည်းဖြင့် လူနာ ၁၂၅ ဦးအား အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေ တက်မည်

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၄ ပေခန့်မှ ၂၁ ဒသမ ၁၃ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားကြောင်း သိရသည်။ **(ကြေးမုံ)**

## နောင်ချို၌ အထူးရဲတပ်ဖွဲ့ သင်တန်းဖွင့်

**နောင်ချို အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် အထူးရဲ ၈၃ ဦး ခန့်အပ်ခြင်းနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက နောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က အထူးရဲသင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသား ၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**(စိုးဝင်း)**

## မူဆယ်၌ အထူးရဲတပ်ဖွဲ့ဝင်များခန့်အပ်

**မူဆယ် အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် မူဆယ်မြို့နယ်မဲရုံများ၌ လုံခြုံရေးတာဝန် ပေးအပ်မည့် အထူးရဲများခန့်အပ်သည့်ပွဲကို အောက်တိုဘာ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အောင်ဆန်းသူရိယအေးချိုရိပ်သာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဦးအောင်ကျော်မိုးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက အထူးရဲသင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်၊ ရဲကျင့်ဝတ်နှင့် အထူးရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများကို ပြောကြားခဲ့သည်။

မူဆယ်မြို့နယ်အထူးရဲတပ်ဖွဲ့မှာ အင်အား ၆၅ ဦးဖြစ်ပြီး မုံးကိုးမြို့နယ်၌ ၂၃ ဦးရှိကြောင်း သိရသည်။ **(ဝ၁၁၂)**

## ရွေးကောက်ပွဲအတွက် အထူးရဲတပ်ဖွဲ့ဝင်များသင်တန်းဖွင့်

**ပေါင်းတည် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် အထွေထွေရွေးကောက်ပွဲကာလ မဲရုံများတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့နယ်အထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထူးရဲသင်တန်းသား ၁၁၇ ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား မဲရုံလုပ်ငန်းစဉ် ဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီတွင် အထက(၁) မင်္ဂလာတောင်ညွန့် မြတ်မင်္ဂလာခန်းမ၌ ဖွင့်လှစ်သည်။

ယင်းသင်တန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းဇော်က မဲရုံနှင့် ပတ်သက်သောလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ဇလွန်၌ ပြည်သူ့အကျိုးပြု အရန်သားဖွားသင်တန်းဆင်း

**ဇလွန် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ပြည်သူကိုအကျိုးပြုမည့် စေတနာ့ဝန်ထမ်း အရန်သားဖွားသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ဇလွန်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းသန်းတို့က အမှာစကားပြောကြားကာ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်း သိရသည်။

သင်တန်းတွင် စာတွေ့လက်တွေ့ ခြောက်လသင်ကြားကာ ဇလွန်မြို့နယ်တွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး။

❐ကျောဖုံးမှ

**မေး။ ။ ပြည်ပနိုင်ငံ(နိုင်ငံခြား)ကနေ ကြိုတင်မဲပေးသူအချို့ လွှတ်တော်သုံးရပ်နဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေအတွက် မဲပေးပိုင်ခွင့်ရှိတဲ့ မဲလက်မှတ်အရေအတွက် အပြည့်မရရှိမှုတွေ ကြုံတွေ့နေရတာမျိုး ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီကိစ္စရပ်တွေအတွက် ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘယ်လို လုပ်ဆောင်ပေးသွားမယ်ဆိုတာကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ဒါကတော့ ဘယ်နေရာမှာ လွဲမှားမှုတွေ ဖြစ်သွားတယ်ဆိုတာ ကျွန်တော်တို့ မသိဘူး။ လူတစ်ယောက်က မန္တလေးအတွက် မဲပေးရမယ့်သူဆိုရင်လည်း သုံးစောင်ထုတ်ပေးလိုက်တာပဲ။ သူ့အတွက် ကျွန်တော်တို့က နိုင်ငံခြားရေးဝန်ကြီးဌာနကို အပ်တာကိုး။ အပ်တဲ့အခါမှာ နိုင်ငံခြားရေးဝန်ကြီးဌာနကို ကျွန်တော့်ဘက်က အထုပ်လိုက်ကြီး ပေးလိုက်တယ်။ ဒါကို သူတို့က တစ်ကမ္ဘာလုံးစာလိုက်ပြီး ခွဲပေးရတယ်။ မြို့နယ် (၃၃၀)ကနေရတဲ့ ကြိုတင်မဲစာရင်းတွေကို တစ်ကမ္ဘာလုံးအတွက် ခွဲပေးရတယ်။ ဒီအခါမှာ ပြည်သူ့လွှတ်တော် လွှတ်သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ ဒီအလုပ်ဟာ လွယ်ကူတဲ့အလုပ်မဟုတ်ဘူး။ ဒါအတွက် လုပ်ရတဲ့အလုပ်တွေက အများကြီးပါပဲ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ မဲပေးချင်တဲ့သူတွေစာရင်းကို ရှာရတယ်။ တစ်နိုင်ငံလုံးက မြို့နယ် (၃၃၀)ကို ပြန်စိစစ်တယ်။ သက်ဆိုင်ရာ မြို့နယ်ကနေ မဲစာရင်းတွေကို ကျွန်တော်တို့ရတယ်။ ပြီးရင် တစ်ကမ္ဘာလုံးကို ပြန်ဖြန့်ဝေတယ်။ ဒီလက်မှတ်တွေကို ရွေးကောက်ပွဲမကျင်းပမီ မြန်မာပြည်ကိုပြန်ရောက်အောင် ပို့ပေးရတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့သူတွေရဲ့ ကြိုတင်မဲတွေက မြန်မာပြည်ကို ပြန်ရောက်လာမယ်။

**ကျန်ခဲ့တဲ့ မဲလက်မှတ်တွေအတွက် တတ်နိုင်သမျှကြိုးစားပြီး သူတို့ရဲ့အခွင့်အရေးမဆုံးရှုံးအောင် လုပ်နေတယ်။**

**မေး။ ။ ဟုတ်ကဲ့ပါ။ အခု ထုတ်ပြန်ကြေညာခဲ့ပြီးတဲ့ မဲစာရင်းတွေအတွက် ဘယ်လိုစိန်ခေါ်မှုကို တွေ့ကြုံရပါသလဲ။ ဘယ်လိုပြင်ဆင်မှုတွေ ပြုလုပ်ထားတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ကျွန်တော်က ကိုယ်လုပ်ရမယ့်အလုပ် ကိုယ်လုပ်တယ်။ ကိုယ်က ဖြစ်နိုင်သမျှ ကြိုးစားပြီး ဆောင်ရွက်ပေးတယ်။ လူထုကသာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ အောင်မြင်သွားမှာပါ။ ပူးပေါင်းဆောင်ရွက်မှု မရှိဘူးဆိုရင်တော့ ကြုံတွေ့ရမယ့် စိန်ခေါ်ချက်က မဲစာရင်းမှားတယ်။ မဲစာရင်းကြည့်ရခက်တယ်ဆိုတဲ့ စိန်ခေါ်ချက်ကြီးဖြစ်မှာပါပဲ။ ဒါကိုလည်း ကျွန်တော်က မဲဆန္ဒရှင်သက်သေခံလက်မှတ်ဆိုတာနဲ့ ကျော်လွှားဖို့ လုပ်ထားပါတယ်။ မဲစာရင်းမှာပါတယ်။ မဲပေးချင်တယ်။ မဲစာရင်းကို ရှာရခက်တယ်ဆိုတာများဖြစ်နေရင် ရပ်ကွက်နဲ့ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးကို လာလိုက်ပါ။ မဲဆန္ဒရှင် သက်သေခံလက်မှတ်ဆိုတာကို ကျွန်တော်တို့ ပြုစုထားပါတယ်။ ဒီလက်မှတ် လုပ်ပေးထားခြင်းအားဖြင့် အကျိုးကျေးဇူးငါးခုရမယ်။ တစ်က မဲစာရင်းထဲမှာပါပြီး မဲပေးပိုင်ခွင့်ရှိသွားပြီဆိုရင် ဒီလက်မှတ်ရတယ်။ နှစ်က ဘယ်မဲရုံမှာ မဲပေးရမလဲဆိုတာကို အလွယ်တကူ သိနိုင်မယ်။ သုံးက မဲရုံက မဲစာရင်းမှာ လက်မှတ်ထိုးဖို့အတွက် အမှတ်စဉ်နံပါတ်ကို သိနိုင်မယ်။ ဒီတော့ မဲလက်မှတ်ကို မြန်မြန်ဆန်ဆန် ထုတ်ယူနိုင်မယ်။ လေးကတော့ တခြားသက်သေခံ ကတ်ပြားတွေပြဖို့ မလိုအပ်တော့ဘူး။ မှတ်ပုံတင်၊ ကားမောင်းလိုင်စင်၊ ကျောင်းသားကတ်တွေ မဲရုံမှာ ပြစရာမလိုတော့ဘူး။ နောက်ဆုံးကတော့ မှားနေရင် မဲစာရင်းကို ပြင်ပေးလိုက်မယ်။ ဒါဆိုရင် ကော်မရှင်က မဲစာရင်းမမှားတော့ဘူး။ ဒါကြောင့်မို့ မဲစာရင်းအခက်အခဲကို ကျော်လွှားမှာကတော့ မဲဆန္ဒရှင် သက်သေခံလက်မှတ် ထုတ်ပေးတာပါပဲ။ မဲစာရင်းရှိတဲ့လူတိုင်းလည်း မထုတ်ပေးပါဘူး။ ဖောင်းပွသွားမှာစိုးလို့ပါ။ ဒါကြောင့် မဲပေးချင်သလား။ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးကို လာခဲ့ပါ။ ပြီးရင် သက်သေခံလက်မှတ်ထုတ်လိုက်ပါ။ ဒါဆိုရင် လွယ်လွယ်ကူကူ မဲပေးနိုင်သွားပြီ။ သက်သေခံလက်မှတ်မှာက ဘယ်မဲရုံမှာ မဲပေးရမယ်။ မဲပေးဖို့ လက်မှတ်ထိုးရမယ့်အမှတ်စဉ်နံပါတ် ဘယ်လောက်ဖြစ်တယ်ဆိုတာ တစ်ခါတည်းသိမယ်။ နောက် သက်သေခံလက်မှတ်ပါရင် အခြားသက်သေခံ အထောက်အထားပြစရာ မလိုတော့ဘူး။ ပြီးရင် မဲစာရင်းကို မှန်ကန်အောင်ပြင်ဆင်သွားနိုင်ပြီ။

**မေး။ ။ ဒါဆိုရင် မဲဆန္ဒရှင်စာရင်းမှာ အမည်ပါဝင်ပေမယ့် မဲဆန္ဒရှင်သက်သေခံလက်မှတ် မထုတ်ယူသူတွေဟာ ရွေးကောက်ပွဲနေ့မှာ မဲပေးခွင့်ဆုံးရှုံးမှာလား။ မဲပေးခွင့်ရှိရဲ့လား။ ဒါမှမဟုတ် သက်သေခံ မဲပေးခွင့်လက်မှတ်ထုတ်ယူထားပြီး ပျောက်ဆုံးသွားခဲ့ရင်ကော မဲပေးခွင့်ရှိပါဦးမလားဆိုတာ ဖြေကြားပေးပါခင်ဗျာ။**

ဖြေ။ ။ ပေးခွင့်ရှိတာပေါ့။ သက်သေခံလက်မှတ်က ထုတ်လည်းရတယ်။ မထုတ်လည်း မဲပေးခွင့်မဆုံးရှုံးဘူး။ သက်သေခံလက်မှတ်ထုတ်ယူထားရဲ့နဲ့ ပျောက်ဆုံးသွားရင်လည်း မဲမပေးရဘူးလို့ မထင်ပါနဲ့။ ဒါဆိုရင် မှတ်ပုံတင်နဲ့ပေးရတော့ မဲစာရင်းနံပါတ် ဘယ်လောက်လဲဆိုတာ ရှာဖွေရတာ အချိန်ကြာတာပေါ့။ သက်သေခံလက်မှတ် မထုတ်ထားသူတွေကလည်း မဲစာရင်းမှာနာမည်ပါဝင်ရင် မဲပေးခွင့်ရှိတယ်။ ကိုယ့်ရဲ့ မဲစာရင်းနံပါတ်စဉ်ကို သိထားတဲ့သူတွေဆိုရင် မထုတ်လည်းရတယ်။ မဲစာရင်း ထုတ်ပြန်ခဲ့ရာမှာပါတဲ့ လူတိုင်းကို လိုက်ထုတ်မပေးနေဘူး။ မဲပေးချင်တဲ့သူ လာထုတ်လို့ရတယ်။ သက်သေခံကတ်ပြားထုတ်မှ မဟုတ်ဘူး။ သက်သေခံကတ်ပြားထုတ်ချင်ရင်တော့ ပိုကောင်းတယ်။ မဲပေးဖို့ သေချာသွားပြီ။

(အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။)

# လာမည့်ရွေးကောက်ပွဲအပေါ် အီးယူ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့က ဘက်မလိုက် ကြားနေစောင့်ကြည့်သွားမည်ဟု ယနေ့ သတင်းစာရှင်းလင်းပွဲ၌ပြောကြား




**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် သမိုင်းတွင် အရေးကြီးသည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီကူးပြောင်းမှုတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို တစ်ကမ္ဘာလုံးနှင့် ဥရောပသမဂ္ဂက အမြဲစောင့်ကြည့်နေကြောင်း၊ ဥရောပသမဂ္ဂရွေးကောက်ပွဲ လေ့လာရေးအဖွဲ့အနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ စေခိုင်းမှုအပေါ်တွင်မှ လုပ်ဆောင်မည်မဟုတ်ဘဲ ဘက်မလိုက်ကြားနေလုပ်ထုံးလုပ်နည်းဖြင့်သာ လေ့လာအကဲဖြတ်သွားမည် ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အကြီးအကဲ၊ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေ့ါဖ်က ပြောသည်။

"ကျွန်တော်တို့က လွတ်လပ်ပြီး ဘက်မလိုက်တဲ့ အဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးအပေါ် အကဲဖြတ်မှုများကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကို ဝင်ရောက်စွက်ဖက်မှာ မဟုတ်ဘူး။ ဒါဟာ မြန်မာနိုင်ငံသားတွေရဲ့ အရေးပါတဲ့ရွေးကောက်ပွဲဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ကြားချက်အရ ဥရောပပါလီမန် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေ့ါဖ် ဦးဆောင်သော ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည် ဥရောပသမဂ္ဂမှ နှစ်ပေါင်းများစွာ ပြုစုထားသည့် နည်းစနစ်များအပေါ် အခြေခံပြီး ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကျင်းပသည့် နေ့နှင့် ရွေးကောက်ပွဲပြီးနောက် ကာလများအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အပြည့်အဝ အသေးစိတ် ပိုင်းခြားလေ့လာသုံးသပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့၏ ပိုင်းခြားသုံးသပ်မှုကဏ္ဍများတွင် ဥပဒေဆိုင်ရာမူဘောင် ရွေးကောက်ပွဲစီမံအုပ်ချုပ်မှုလုပ်ငန်း၊ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု၊ မီဒီယာများ၏ ပြုမူလုပ်ဆောင်ချက်၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းရလဒ်များကို စီစဉ်ဖော်ပြခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်းတို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မဲရုံအားလုံးကို စောင့်ကြည့်နိုင်မှာမဟုတ်ပေမယ့် မှန်ကန်တဲ့ရလဒ်ရောက်အောင် စောင့်ကြည့်သွားမှာဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ရောက်အောင် ကာလတိုစောင့်ကြည့်မှုနဲ့ ကာလရှည်စောင့်ကြည့်မှုတွေကို ဖြန့်ကြက်ချထားတာ ဖြစ်ပါတယ်။ ဒီနှစ်ခုပေါင်းပြီး တိကျအောင် သုံးသပ်နိုင်မှာဖြစ်ပါတယ်" ဟု မစ္စတာ အလက်ဇန္ဒား ဂရက်ဖ် လမ်းဘ်စဒေ့ါဖ်က ဆက်လက်ပြောကြားသည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့တွင် ပင်မအဖွဲ့ဝင် ဆန်းစစ်လေ့လာသူရှစ်ဦးသည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၂၆ ရက်တွင် ရောက်ရှိခဲ့ပြီး ကာလရှည်လေ့လာသူ ၃၀ ကိုလည်း အောက်တိုဘာ ၁၁ ရက်တွင် တာဝန်ပေးစေလွှတ်ခဲ့ကြောင်း၊ ကာလတိုလေ့လာသူ ၆၂ ဦးနှင့် ဥရောပလွှတ်တော်မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဥရောပသမဂ္ဂမှ သံတမန်များသည် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ လာရောက်အားဖြည့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၈ နိုင်ငံအပြင် နော်ဝေ၊ ဆွစ်ဇာလန်နှင့် ကနေဒါနိုင်ငံတို့မှ လေ့လာသူ ၁၅၀ ခန့်သည်လည်း ရွေးကောက်ပွဲကျင်းပရာ မြန်မာနိုင်ငံအနှံ့အပြားသို့ သွားရောက်၍ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည် ရွေးကောက်ပွဲအပြီး နှစ်ရက်အကြာတွင် တွေ့ရှိချက်အစီရင်ခံစာကို သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ကနဦးထုတ်ပြန်ချက်ကို ထုတ်ပြန်သွားမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ အကြံပြုတင်ပြချက်များ ပါဝင်သည့် အပြီးသတ်အစီရင်ခံစာကို နောက်ပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-သီသီမင်း)**

### ❍ ကမ္ဘာ့အကောင်းဆုံးမှ

တိုနီခရုစ်(ရီးယဲလ်မက်ဒရစ်)၊ လီဝန်ဒိုစကီး(ဘိုင်ယန်မြူးနစ်)၊ မာရှေယာနို(ဘာစီလိုနာ)၊ မက်ဆီ(ဘာစီလိုနာ)၊ သောမက်မူလာ(ဘိုင်ယန်မြူးနစ်)၊ နျူအာ(ဘိုင်ယန်မြူးနစ်)၊ နေမာ(ဘာစီလိုနာ)၊ ပေါ့ဘာ(ဂျူဗင်တပ်)၊ ရာကီတစ်(ဘာစီလိုနာ)၊ ရော်ဘင်(ဘိုင်ယန်မြူးနစ်)၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်(ရီးယဲလ်မက်ဒရစ်)၊ ဆန်းချက်ဇ်(အာဆင်နယ်)၊ ဆွာရက်ဇ်(ဘာစီလိုနာ)၊ ယာယာတိုရေး(မန်စီးတီး)၊ ဗီဒယ်(ဂျူဗင်တပ်/ဘိုင်ယန်မြူးနစ်)တို့ဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံးနည်းပြ ၁၀ ဦးစာရင်းမှာ အယ်လ်လီဂရီ(ဂျူဗင်တပ်)၊ အန်ဆယ်လော့တီ (ရီးယဲလ်မက်ဒရစ်နည်းပြဟောင်း)၊ လော်ရင့်ဘလန့်(ပီအက်စ်ဂျီ)၊ ဟင်နရီကေး(ဘာစီလိုနာ)၊ မော်ရင်ဟို(ချယ်လ်ဆီး)၊ ဆမ်ပါအိုလီ(ချီလီလက်ရွေးစင်အသင်း)၊ ဆီမြူနီ (အက်သလက်တီကိုမက်ဒရစ်)နှင့် အာစင်ဝင်းဂါး(အာဆင်နယ်)၊ ဂွါဒီယိုလာ(ဘိုင်ယန်မြူးနစ်)နှင့် အီမာရီ(ဆီဗီလာ)တို့ဖြစ်ကြသည်။

**(ငွေကြယ်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**အင်္ဂပူ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာ ၂၃ ရွာအား မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က အင်္ဂပူမြို့နယ်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးသန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီမံကိန်းရန်ပုံငွေ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၂၃ ရွာအတွက် ကျပ်သိန်းပေါင်း ၆၉၀၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝင်းဗိုလ်)**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ရောင်းချခဲ့သော လှိုင်မြို့နယ် "မြနန်းသိင်္ဂီ"ရုပ်ရှင်ရုံအား ဝယ်ယူခဲ့စဉ်က စာချုပ်စည်းကမ်းများနှင့်အညီ ရုပ်ရှင်ပြသရေးလုပ်ငန်း ဆောင်ရွက်ခြင်းမရှိသဖြင့် လွှဲပြောင်းဝယ်ယူသူ ဦးငွေဝင်း(မှတ်ပုံတင်အမှတ်၊ ISN-၅၄၇၂၇၆) အား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း) ပိုင် ရုပ်ရှင်ရုံများမှ လှိုင်မြို့နယ်"မြနန်းသိင်္ဂီ" ရုပ်ရှင်ရုံကို ဦးငွေဝင်း(အမျိုးသားမှတ်ပုံတင်အမှတ်၊ ISN-၅၄၇၂၇၆) အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၂၇-၁၀-၁၉၉၈)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၇/၉၈)ဖြင့် အောက်ပါစည်းကမ်းချက်များနှင့်အညီ ရောင်းချခဲ့ပါသည်-

(က) လက်ရှိလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်။ မူလလုပ်ငန်းနှင့် ဆက်နွယ်သော အခြား လုပ်ငန်းများကို လည်းကောင်း၊ မူလလုပ်ငန်းတိုးတက်စေရန် အခြားစီးပွားရေးလုပ်ငန်းများ ကိုလည်းကောင်း အများပြည်သူအကျိုးငှာ လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူခြင်း ခံရမည်ဖြစ်သည်။

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဝယ်ယူထားသော ရုပ်ရှင်ရုံများမှ လွှဲပြောင်းဝယ်ယူထားသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ (၁၄-၇-၂၀၁၅)ရက်စွဲပါ၊ ၁၉-(အပြီးရောင်းရုပ်ရှင်ရုံ)/၂၀၁၅(၁၂၃၄)စာအမှတ်ဖြင့် ရှေ့လုပ်ငန်းစဉ် Proposal အား တစ်လအတွင်းတင်ပြရန်၊ (၁-၁-၂၀၁၆)ရက်နေ့တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မူလစာချုပ်ပါစည်းကမ်းအတိုင်း လိုက်နာရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ တရားလွှတ်တော်ရှေ့နေ ဦးလှချို့မှ ဦးစီးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၉-၁၀-၂၀၁၅) ရက်စွဲပါ နို့တစ်စာဖြင့် အကြောင်းကြား အသိပေးပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်"မြနန်းသိင်္ဂီ"ရုပ်ရှင်ရုံအား ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းရောင်းချပြီးချိန်(၅-၃-၁၉၉၉)ရက်နေ့မှစ၍ ယနေ့အထိ ရုပ်ရှင်ပြသခြင်းလုပ်ငန်း လုပ်ကိုင်မှုမရှိခြင်း၊ ရုပ်ရှင်ရုံ ဝယ်ယူသူ၏ တင်ပြချက်အရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ(၂၄-၁၂-၂၀၁၂)ရက်နေ့တွင် ရုပ်ရှင်လုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်း တွဲဖက်လုပ်ကိုင်စေရန် လုပ်ငန်းပြောင်းဆောင်ရွက်ခွင့်ပြုခဲ့သော်လည်း ယနေ့အထိအကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

## သတင်းမီဒီယာကောင်စီ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းမီဒီယာအဖွဲ့အစည်းများ စုပေါင်းထုတ်ပြန်ချက်

မကြာမီကျင်းပတော့မည့် သတင်းမီဒီယာကောင်စီရွေးချယ်တင်မြှောက်ပွဲနှင့် စပ်လျဉ်းပြီး မိမိတို့ သတင်းမီဒီယာ အဖွဲ့အစည်းများက အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် ပြောင်းလဲလာသော မြန်မာသတင်းမီဒီယာလောကအတွက် ၂၀၁၂ ခုနှစ်မှ စတင်၍ သတင်းမီဒီယာဥပဒေရေးဆွဲခြင်း၊ သတင်းမီဒီယာကျင့်ဝတ်ရေးဆွဲထုတ်ပြန်ခြင်း၊ သတင်းမီဒီယာအချင်းချင်း သတင်းမီဒီယာနှင့် အခြားအဖွဲ့အစည်း သို့မဟုတ် တစ်သီးပုဂ္ဂလအကြားဖြစ်ပွားသော ပဋိပက္ခများကို ပြေလည်အောင်ဖြေရှင်းပေးခြင်း၊ သတင်းသမားများအတွက် အရည်အသွေးမြှင့်တင်သော သင်တန်းများပြုလုပ်ပေးခြင်း၊ ၂၀၁၅ ရွေးကောက်ပွဲနှင့် ပတ်သက်၍ သတင်းမီဒီယာကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက်များပြုစုခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် မကြာသေးမီက အတည်ပြုပြီးသော သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေများအရ ရွေးချယ်ပွဲမှ ပေါ်ထွက်လာမည့် သတင်းမီဒီယာကောင်စီအား တာဝန်လွှဲပြောင်းပေးရမည်ဖြစ်ပါသည်။

သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးတွင် MJA,MJN,MJU နှင့် BNI တို့က ဝင်ရောက်ပူးပေါင်းရွေးချယ်ခံရန်အတွက် ထောင်ချီသော မိမိတို့ကိုယ်စားပြုသည့် သတင်းသမားများက ကိုယ်စားလှယ်လောင်းများ ရွေးချယ်စေလွှတ်ထားပြီးဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ပြီး ဖြစ်ပေါ်လာမည့် သတင်းမီဒီယာကောင်စီတွင် မိမိတို့ သတင်းမီဒီယာအဖွဲ့အစည်းများသည် အခြားအဖွဲ့အစည်းများ သတင်းသမားများနှင့် ညီညွတ်စွာလက်တွဲပြီး သတင်းမီဒီယာလောကတိုးတက်ဖွံ့ဖြိုးရေးနှင့် သတင်းသမားများအကျိုးဆောင်ကြဉ်းရေးကို လွတ်လပ်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် သတင်းမီဒီယာကောင်စီ ကိုယ်စားလှယ်များ ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ခြွင်းချက်မရှိထောက်ခံကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း
Myanmar Journalists Association (MJA)

မြန်မာဂျာနယ်လစ်ကွန်ရက်
Myanmar Journalists Network (MJN)

မြန်မာစာနယ်ဇင်းသမဂ္ဂ
Myanmar Journalists Union (MJU)

နိုင်ငံတကာမြန်မာသတင်းဌာန
Burma News International (BNI)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် တာဝန်ရှိသူများကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Park Royal ဟိုတယ်၌ တွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် သတင်းမီဒီယာအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ရယူနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ဆက်သွယ်သတင်းရယူနိုင်သည့် ပုဂ္ဂိုလ်များ သတ်မှတ်ပေးရေးနှင့် သတင်းစာဆရာများအသင်းမှ ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်ရာတွင် ဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ ရောင်းချခဲ့သော ရုပ်ရှင်ရုံများလွှဲပြောင်းစဉ်က မူလစာချုပ်ပါ စည်းကမ်းချက်များအရ ရုပ်ရှင်ပြသရေးလုပ်ငန်းပူးတွဲဆောင်ရွက်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းသီးခြားလုပ်ကိုင်နေကြသဖြင့် ဝယ်ယူထားသော ရုပ်ရှင်ရုံပိုင်ရှင်များအား သိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း) မှ ရောင်းချခဲ့သော ရုပ်ရှင်ရုံများလွှဲပြောင်းစဉ်က မူလစာချုပ်ပါ စည်းကမ်းချက်များအရ ရုပ်ရှင်ပြသရေးလုပ်ငန်း ပူးတွဲ ဆောင်ရွက်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းသီးခြားလုပ်ကိုင်နေကြသော အောက်ဖော်ပြပါ ရုပ်ရှင်ရုံပိုင်ရှင်များအား သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်-

| စဉ် | ရုပ်ရှင်ရုံအမည် | ဝယ်ယူသူအမည် | မှတ်ပုံတင်အမှတ် | ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏အမိန့်ကြော်ငြာစာအမှတ် |
|---|---|---|---|---|
| (က) | မြို့မရုပ်ရှင်ရုံ ကောလင်းမြို့ | ဦးသိန်းဝင်း | ၅/ကလတ(နိုင်)၀၆၃၂၈၆ | ၆/၂၀၁၂ (၂၃-၃-၂၀၁၂) |
| (ခ) | ကြယ်တာရာရုပ်ရှင်ရုံ သထုံမြို့ | ဦးမျိုးမြင့် | ၁၀/သထန(နိုင်)၀၈၅၅၈၇ | ၂၈/၂၀၀၁ (၁၁-၉-၂၀၀၁) |
| (ဂ) | စံပြရုပ်ရှင်ရုံ မြောင်းမြမြို့ | ဦးမျိုးဝင်း | MMA-၂၁၈၇၂၃ | ၅/၉၉ (၁၉-၂-၁၉၉၉) |
| (ဃ) | စိန်မေတ္တာရုပ်ရှင်ရုံ သီပေါမြို့ | ဦးအောင်ဝင်းခိုင် | ၁၃/သပန(နိုင်)၀၀၇၆၁၂ | ၃၈/၉၉ (၂၁-၉-၁၉၉၉) |
| (င) | ခေမရဋ္ဌရုပ်ရှင်ရုံ ကျိုင်းတုံမြို့ | ဦးစိုင်းတစ်အောင် | KTG-၀၆၂၆၂၀ | ၅/၉၈ (၁၇-၈-၁၉၉၈) |

၂။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း) ပိုင် ရုပ်ရှင်ရုံများမှ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အပြီးရောင်းချခဲ့သည့် ရုပ်ရှင်ရုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်သို့ လွှဲပြောင်းစာချုပ်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာများတွင် ပါရှိသည့် အောက်ပါစည်းကမ်းချက်များနှင့်အညီ ရောင်းချခဲ့ပါသည်-

(က) ရုပ်ရှင်ပြသခြင်း မူလလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရမည်။ မူလလုပ်ငန်းနှင့် ဆက်နွယ်သော အခြားလုပ်ငန်းများကိုလည်းကောင်း၊ မူလလုပ်ငန်းတိုးတက်စေရန် အခြားစီးပွားရေးလုပ်ငန်း များကိုလည်းကောင်း အများပြည်သူအကျိုးငှာ လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူခြင်းခံရမည် ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဝယ်ယူထားသော ရုပ်ရှင်ရုံများမှ ဘဏ်လုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်နေသော ရုပ်ရှင်ရုံများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၄-၇-၂၀၁၅) ရက်စွဲပါ၊ ၁၉-(အပြီးရောင်းရုပ်ရှင်ရုံ)/၂၀၁၅(၁၂၃၄)စာအမှတ်ဖြင့် ရှေ့လုပ်ငန်းစဉ် Proposal အား (၂)လအတွင်း တင်ပြရန်၊ (၁-၁-၂၀၁၆) ရက်နေ့တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မူလ စာချုပ်ပါစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် အထက်ဖော်ပြပါ အမည်ပါရှိသူ ရုပ်ရှင်ရုံဝယ်ယူထားသူတို့သည် မြန်မာ့ရှေ့ဆောင်ဘဏ်သို့ တစ်ဆင့်ပြန်လည်ရောင်းချ၍ ဘဏ်လုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်နေပြီး သတ်မှတ်အချိန်ကာလအတွင်း မူလ လုပ်ငန်းဖြစ်သည့် ရုပ်ရှင်ပြသရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ် Proposal တင်ပြရန် ပျက်ကွက်ခြင်း၊ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်းတို့ကြောင့် တရားလွှတ်တော်ရှေ့နေ ဦးလှချို့မှ ဦးစီးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၉-၁၀-၂၀၁၅) ရက်စွဲပါ နို့တစ်စာပေးပို့အကြောင်းကြားခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာတွင်ပါရှိသည့် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိသည့် ရုပ်ရှင်ရုံကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဆားလင်းကြီး၌ အထူးရဲများဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ဆားလင်းကြီး အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်ခန်းမ၌ အထူးရဲများဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်က အထူးရဲများ ခန့်ထားခြင်း၊ လုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဖေက မဲရုံလုံခြုံရေးဆိုင်ရာများကို ဖြည့်စွက်ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီများနှင့် အထူးရဲသင်တန်းသား ၉၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အောင်သီဟ(ဆားလင်းကြီး)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန်　　အောက်တိုဘာ　　၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၆ ပါတီ၊ လူမှုအဖွဲ့အစည်း ၅၁ ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်း ကိုးဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းမှန်ကန်ရေးအတွက် ကော်မရှင်အနေဖြင့် အခြေခံမဲစာရင်းကို ပြုစုဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှန်ကန်မှုသည် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် မူတည်ပါကြောင်း၊ နိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံခြားသံရုံးအသီးသီးတွင် ကြိုတင်ဆန္ဒမဲပေးနေပြီဖြစ်ကြောင်း၊ ပြည်ပရောက်မဲဆန္ဒရှင်များ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း၌လည်း အောက်တိုဘာ ၂၉ ရက်မှစ၍ နိုဝင်ဘာ ၇ ရက်အထိ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်နေသော မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ကြိုတင်မဲပေးခွင့်ပြုထားကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ မီဒီယာများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲစောင့်ကြည့်ရေး ဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်များ ခိုင်လုံသောအကြောင်းပြချက်ဖြင့် တာဝန်ရှိသူမှ ထောက်ခံပေးပါက ၁၀ ရက် ကြိုတင်မဲပေးနိုင်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်များတွင် မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်မဲပေးခွင့်ရှိသူများ ကြိုတင်မဲပေးနိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲတွင် တံဆိပ်တုံးနှိပ်ပြီးမဲပေးရမည်ဖြစ်၍ အခက်အခဲမရှိစေရန် မဲရုံဝင်ပေါက်၌ စမ်းသပ်ရိုက်နှိပ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်တစ်ဦးတည်းက နှစ်ကြိမ်မဲပေးခြင်းမဖြစ်စေရန် လက်သန်း သို့မဟုတ် လက်ချောင်းတစ်ချောင်းချောင်းအား နှစ်ရက်ခန့်မပျက်နိုင်သည့် မင်အမှတ်အသားပြုလုပ်သည့်စနစ် ဆောင်ရွက်ထားကြောင်း။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ လူပုဂ္ဂိုလ်များအနေဖြင့် မဲရုံများကို စောင့်ကြည့်လေ့လာသည့်အခါ လျှို့ဝှက်မဲပေးမှုစနစ် မထိခိုက်စေရန်နှင့် မဲပေးခြင်းလုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်သူများ၊ မဲဆန္ဒရှင်ပြည်သူများအတွက် အနှောင့်အယှက်မဖြစ်အောင် သတ်မှတ်ထားသည့်ကျင့်ဝတ်များ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

ဆန္ဒမဲရေတွက်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် သက်သေများရှေ့မှောက်တွင် ဆန္ဒမဲပေးခြင်းပြီးလျှင်ပြီးချင်း ဆောင်ရွက်မည်ဖြစ်ပြီး ရလဒ်များကြေညာခြင်းကိုလည်း မဲရုံများ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ရေတွက်ပြီးလျှင်ပြီးချင်း ကပ်ထားကြေညာမည်ဖြစ်ပြီး ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ယင်းနောက် IFES မှ Mr. Paul Guerin က မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ညွှန်ကြားချက်၊ လိုက်နာရန်အချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ရွေးကောက်ပွဲရလဒ်များအား စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသော နိုင်ငံရေးပါတီများက ဆက်လက်မေးမြန်း ဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးအား ဆက်လက်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး IFES မှ Mr. Paul Guerin က မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် လူမှုအဖွဲ့အစည်းများမှ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အပစ်ရပ်တချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ၎င်းတို့ဒေသတွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကူညီမည်

သတင်း
ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓါတ်ပုံ – ဖိုးထောင်

ရန်ကုန်　　အောက်တိုဘာ　　၂၀

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့သည် ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် တွေ့ဆုံခဲ့ကြသည်။**

လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားနယ်ပယ်များတွင် တည်ငြိမ်အေးချမ်းသည့် ရွေးကောက်ပွဲဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းပြီး တိုင်းရင်းသားများအား အသိပေးနိုင်ရန်အတွက် ယင်းကဲ့သို့ နှစ်ဖက်တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။



စောဆဲလ်ဂေ

ယနေ့ တွေ့ဆုံပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် ပဋိပက္ခတချို့ကြောင့် မဲဆန္ဒနယ်မြေအချို့၌ ရွေးကောက်ပွဲရွှေ့ဆိုင်းမည်ကို စိုးရိမ်ပူပန်လျက်ရှိနေကြောင်း ၎င်းတို့၏ သဘောထားကို တင်ပြခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် အာမခံချက်ပေးအပ်ခဲ့ပြီး အေးချမ်းသည့် ရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

ဖက်ဒရယ်ဒီမိုကရေစီ ထူထောင်ရာတွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်ပေါ်လာစေရန် တိုင်းရင်းသားများဘက်မှ လိုလားလျက်ရှိသည့်အတွက် ရွေးကောက်ပွဲအောင်မြင်စေရန်အတွက် ၎င်းတို့ဘက်မှ တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြန်လည်ပြောကြားခဲ့သည်။

ယနေ့တွေ့ဆုံမှုသို့ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် -ငြိမ်းချမ်းရေးကောင်စီ (KNLA-PC)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်(DKBA)တို့ တက်ရောက်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး (CNF) မှာမူ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်မှု မရှိခဲ့ကြောင်း မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)၏ ဥပဒေအကြံပေးဒေါက်တာငွန်ကျုံးလျန်ထံမှ သိရသည်။

ယနေ့ တွေ့ဆုံမှုအပြီးတွင် တက်ရောက်ခဲ့ကြသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)မှ ကိုယ်စားလှယ်များအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**စောဆဲလ်ဂေ**
**(ကရင်အမျိုးသားအစည်းအရုံး- KNU)**

ကျွန်တော်တို့ အချိန်အကန့်အသတ်နဲ့ တွေ့ဆုံရတာဖြစ်တဲ့အတွက် ရွေးကောက်ပွဲကော်မရှင်ဘက်က စိုးရိမ်မှုရှိနေတဲ့ ကိစ္စတွေအပေါ်မှာပဲ ကျွန်တော်တို့က ဆွေးနွေးခဲ့တယ်။ ကျွန်တော်တို့ဒေသဟာ နယ်မြေကျယ်ဝန်းတော့ ရွေးကောက်ပွဲကျင်းပတဲ့အခါမှာ လုံခြုံရေးအရအနှောင့်အယှက်ပေးလာမှာကို UEC ဘက်က စိုးရိမ်တယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်ရင် ကျွန်တော်တို့ရဲ့ KNU မှာ ညွှန်ကြားချက်တွေရှိပါတယ်။ ရွေးကောက်ပွဲကို မနှောင့်ယှက်ဖို့နဲ့ လိုအပ်တာကို ညှိနှိုင်းဖြေရှင်းဖို့ပါ။ ဒီကိစ္စနှစ်ရပ်ကို အဓိကဆွေးနွေးပါတယ်။ ကျွန်တော်တို့ဒေသထဲမှာ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဒီနေ့အထိတော့ အခက်အခဲပြဿနာမရှိသေးဘူး။ ရွေးကောက်ပွဲအောင်မြင်စေဖို့ လိုအပ်ရင် လိုအပ်သလောက် ကျွန်တော်တို့ KNU ဘက်က လိုက်လျောနိုင်တဲ့အဆင့်အထိတော့ KNU ဘက်က ပူးပေါင်းဆောင်ရွက်ဖို့အသင့်ရှိတယ်။

**ခွန်းဆိုင်**
**(အကြံပေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ - RCSS)**

ရွေးကောက်ပွဲမှာ ကျွန်တော်တို့ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေက အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး လုပ်ထားတယ်ဆိုတော့ ကျွန်တော်တို့ရဲ့ လှုပ်ရှားနေတဲ့နယ်မြေတွေထဲမှာ ရွေးကောက်ပွဲကျင်းပမှုမှာ ကျွန်တော်တို့ ဘယ်လိုကူညီပေးနိုင်မလဲ။ ရွေးကောက်ပွဲအောင်မြင်အောင် ကျွန်တော်တို့ ဘယ်လိုအကူအညီပေးနိုင်မလဲဆိုတာကို လာပြီးတော့ ဆွေးနွေးတာပါ။ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေကြောင့်ဆိုပြီး



ခွန်းဆိုင်

ရွေးကောက်ပွဲကြီးမဖြစ်မှာကို မလိုလားဘူး။ ဒီတော့ ရွေးကောက်ပွဲကျင်းပမယ့် နယ်မြေတွေမှာတည်ငြိမ်ဖို့ ကူညီပေးချင်တယ်။ ပြည်သူတွေ သူတို့ရဲ့ ဆန္ဒကို လွတ်လွတ်လပ်လပ် ပြသနိုင်ဖို့ အကူအညီပေးချင်တာပဲ ရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ လာတွေ့တယ်။

ကော်မရှင်ဥက္ကဋ္ဌက လူထုဘက်က ဒါမှမဟုတ် မဲရှုံးသွားတဲ့အမတ်လောင်းတွေဘက်ကနေပြီး မဲရှုံးရတာဟာ တစ်ဖက်က လက်နက်ကိုင်ခြိမ်းခြောက်မှုတွေကြောင့် ဖြစ်တယ်ဆိုပြီး ကန့်ကွက်လာရင် UEC ဘက်က ပြန်လည်စစ်ဆေးရမှာဖြစ်ပြီး ပါတီဖျက်သိမ်းရတဲ့ အနေအထားအထိ ဖြစ်လာနိုင်တယ်လို့ ကျွန်တော်တို့ကို ပြောပါတယ်။

ကျွန်တော်တို့ဘက်ကတော့ အဲ့လိုမျိုးတွေဖြစ်မလာအောင် ရွေးကောက်ပွဲမကျင်းပနိုင်တဲ့ နယ်မြေဆိုပြီး တစ်ဖက်သတ် ရုတ်တရက်မကြေညာပါနဲ့။ မဲဆန္ဒနယ်ကို ရုပ်သိမ်းပြီး မဲရုံတွေ ဖျက်သိမ်းတာမျိုးကိုမလုပ်ပါနဲ့။ ကျွန်တော်တို့ကိုအရင်ဆွေးနွေးပါလို့ ရွေးကောက်ပွဲကော်မရှင်ကို ဒီနေ့ ဆွေးနွေးပွဲမှာ တောင်းဆိုထားပါတယ်။

**ဦးလှမောင်ရွှေ**
**(အထူးအကြံပေး) မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)**

လက်နက်ကိုင် အဖွဲ့အစည်း (၇) ဖွဲ့ဘက်ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် သူတို့ ကဏ္ဍကနေ ကူညီပါ့မယ်လို့ အပြန်အလှန်ဆွေးနွေးတယ်။ RCSS နဲ့ KNU က သူတို့ဒေသအတွင်းမှာ ရှိနေတဲ့ မြို့နယ်တွေအတွက် သူတို့ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ကော်မရှင်ဥက္ကဋ္ဌကို ပြောသွားတာကလည်း လာမယ့် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ဘက်ကို ပိုပြီးတော့ ရောက်စေတယ်။

KNU ဘက်ကရှင်းပြတာက သူတို့အနေနဲ့ အောက်ခြေတပ်မဟာတွေကို ရွေးကောက်ပွဲကို လုံးဝမနှောင့်ယှက်ဖို့ ညွှန်ကြားထားတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်လည်း ကူညီကြဖို့ ပြောထားတယ်။ RCSS ကလည်း အရင်က သူတို့နယ်ပယ်ထဲက ၁၆ မြို့နယ်မှာ မဲဆွယ်တာတွေကို ဆိုင်းငံ့ထားဖို့ ပြောထားပေမယ့် အခုသူတို့ကိုယ်တိုင်က ရွေးကောက်ပွဲကို ဝိုင်းဝန်းပြီး ဆောင်ရွက်သွားမယ်လို့ ပြောသွားတဲ့အတွက် RCSS နဲ့ KNU ထိန်းချုပ်နယ်မြေတွေနဲ့ ဆက်စပ်မြို့နယ်တွေမှာ ပဋိပက္ခဖြစ်တဲ့ မြို့နယ်တွေအားလုံးမှာ ပိုပြီးကောင်းလာမယ်လို့ ကျွန်တော်ထင်တယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတော့ သူတို့အနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ကိုဖြစ်စေရမယ်လို့ အာမခံချက်ပေးထားတယ်။ တိုင်းရင်းသားတွေကလည်း သူတို့ကိုယ်တိုင်ဟာ နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်လာပြီဖြစ်တဲ့အတွက် တစ်နေ့ကျရင် သူတို့ကိုယ်တိုင်လည်း ဒီလိုရွေးကောက်ပွဲတွေကို ဖြတ်သန်းရမှာပဲ။ လူထုရဲ့ အဆုံးအဖြတ်ကို ခံယူရမှာပဲဆိုတာကို သူတို့လည်း နားလည်တယ်။

## ၂၀၁၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ထွက်ပြီ

**နေပြည်တော်　အောက်တိုဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ပုံနှိပ်ထုတ်ဝေသော ၂၀၁၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ကျပ် ၅၀၀၊ ရိုးရိုးစက္ကူဖြင့် ၃၅၀ကျပ်နှုန်းဖြင့် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁ ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈၊ အမှတ်(၁၅၉) (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၈၆ ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အမှတ်(၁၇၃-၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၁၀၂ ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ မန္တလေးမြို့တွင် ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရှေးနှစ်တစ်ရာကျော်က အံ့မခန်းထည်ဝါလှသည့် ပခန်းငယ်ကျောင်းတော်ကြီး ယိုယွင်းပျက်စီးလျက်ရှိ



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာအုပ်စုအတွင်းရှိ ချစ်သူ့ရွာတွင် ရှေးနှစ်ပေါင်း ၁၅၀ ကျော်သက်တမ်းရှိ ကုန်းဘောင်ခေတ်လက်ရာ ပခန်းငယ်ကျောင်းတော်ကြီးမှာ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးကာ ကျောင်းလှေကားများနှင့် တိုင်လုံးများသာကျန်ရစ်လျက်ရှိနေပေသည်။ **(ယာပုံ)**

"ကျွန်တော်တို့ငယ်ငယ်တုန်းက ဒီကျောင်းကြီးပေါ်မှာပဲ တက်ဆော့ကြ၊ ပလ္လင်ပေါ်မှာထိုင်ပြီး ဘုရင်လုပ်တမ်းကစားခဲ့ကြတာပေါ့ဗျာ။ အခုတော့ဒီပလ္လင်ကြီးလည်း မရှိတော့သလို ကျောင်းတော်ကြီးကလည်း ပြုပြင်မှုမရှိတော့ တဖြည်းဖြည်းအိုမင်းရင့်ရော်ပျက်စီးသွားခဲ့တာပါ။ အလွန်နှမြောစရာကောင်းပါတယ်"ဟု ကျောင်းတော်ကြီးအနီးတွင်နေထိုင်ခဲ့သော ချစ်သူ့ရွာသား ဦးစိုးဝင်းမြင့်က ပြောသည်။

ပန်းဒူးဆရာတော်ကြီးသည် နေပြည်တော်ဗားကရာတိုက်မှ ပခန်းကျောင်းတော်ကြီးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူပြီး စာသင်သားသံဃာအပါး ၄၀၀ ကျော်တို့အား စာပေပရိယတ္တိများပို့ချကာ ၁၂၃၄ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ပခန်းငယ်ကျေးရွာအုပ်စု ဒေသခံတို့သည် ပခန်းငယ်ကျောင်းတော်ကြီး ဇရာထောင်း၍ တစ်စတစ်စယိုယွင်းပျက်စီးနေမှုများအား မိမိတို့မျက်စိအောက်တွင် တွေ့မြင်နေကြသော်လည်း သစ်ပင်၊ ချုံနွယ်များရှင်းလင်းပေးနိုင်ရုံမှအပ ပြုပြင်မွမ်းမံခြင်းအလို့ငှာ မစွမ်းဆောင်နိုင်ခဲ့ဘဲ ရှိနေသည်။

အဆိုပါကျောင်းတော်ကြီးအား သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် မင်းတုန်းမင်း၏ ငယ်ဆရာ ဘထွေးတော် ပခန်းမင်းကြီးဦးရန်ဝေးက သူ၏ဦးရီးတော် ပန်းဒူးဆရာတော်ကြီး သီတင်းသုံးနေထိုင်ရန်ရည်စူး၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းတော်ကြီး ဆောက်လုပ်ရာတွင် မှူးတော်၊ မတ်တော်၊ စော်ဘွားတို့က ပါဝင်ကူညီရန် မင်းတုန်းမင်းကြီးကိုယ်တိုင် မိန့်တော်မူခဲ့ကြောင်း သိရသည်။

ကျောင်းတော်ကြီးဆောက်လုပ်ရန် နေပြည်တော်မှ လက်သမားအကျော်အမော် ၁၀၀ အား ခေါ်ဆောင်၍ ရှစ်ပေအကျယ်အဝန်းရှိသော ကျောင်းတော်ကြီးကို ပြာသာဒ်ဆောင်၊ ဘောဂဆောင်၊ ဓနုဆောင်၊ ဆောင်မကြီးတို့ဖြင့် အဆောင်လေးဆောင်ဖွဲ့စည်းကာ သက္ကရာဇ် ၁၂၁၈ ခုနှစ်မှစတင်၍ သိမ်၊ ပိဋကတ်တိုက်တော်တို့နှင့်အတူ တစ်ပြိုင်နက်အခါယူ အုတ်မြစ်ချကာ ခုနစ်နှစ်တိုင်ကြာအောင် တည်ဆောက်ခဲ့ရကြောင်း အဆိုပါကျေးရွာမှ ကျောင်းတော်ကြီး သမိုင်းမှတ်တမ်းပြုစုရေးအဖွဲ့ဝင် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ပြောသည်။

"မြတ်စွာဘုရားသီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းတော်ကြီးဟာ တစ်ဆယ့်ခြောက်ပယ် ကျယ်ဝန်းပါတယ်။ ဒီပခန်းကျောင်းတော်ကြီးကို ဇေတဝန်ကျောင်းတော်ကြီးရဲ့ တစ်ဝက်သတ်မှတ်ပြီး တည်ဆောက်ထားတဲ့အတွက် ရှစ်ပယ်ကျယ်ဝန်းပါတယ်။ တစ်ပယ်ကို နှစ်ဧကရှိတယ်ဆိုတော့ ဒီပခန်းကျောင်းတော်ကြီးက ၁၆ ဧက ကျယ်ဝန်းပြီး ကျောင်းရေစက်ချပွဲကိုလည်း သံဃာတော်အပါး ၁၀၀၀ ပင့်ဖိတ်ပြီး တစ်လကြာမျှ ကျင်းပခဲ့တဲ့အတွက် သမိုင်းတွင်ခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကျောင်းတော်ကြီးတစ်ခုလုံးအား ကျွန်းသားများဖြင့်သာ ဆောက်လုပ်ထားကာ တိုင်ပေါင်း ၃၃၂ လုံးပါဝင်၍ တစ်တိုင်လျှင် လုံးပတ်ခြောက်ပေလေးလက်မမှ ခြောက်ပေရှစ်လက်မအထိရှိပြီး တိုင်အရှည်မှာ ပေ ၂၀ မှ ပေ ၆၀ အထိရှိသည်။

ခါးပန်း၊ ရက်မတို့မှာ ထု ၂ ဒသမ ၅လက်မ၊ ဖြက် ၁၃ လက်မ၊ ဆင့်များမှာ ထုလေးမ၊ ဖြက်လေးမရှိ၍ ကြမ်းပြင်အခင်းများမှာ ထု ၁ ဒသမ ၅ လက်မ၊ ဖြက်တစ်ပေရှိပြီး လှေကားရှစ်စင်းတပ်ဆင်ထားသဖြင့် ခန့်ညားထည်ဝါလှသည့်အပြင် ကျောင်းတော်ကြီးဆောက်လုပ်ရန် အပြစ်အနာအဆာကင်းသောသစ်များကို မှူး၊ မတ်၊ စော်ဘွားတို့က တာဝန်ယူရှာဖွေ၍ ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်မျှောကာ ချင်းတွင်းမြစ်ကြောင်းကို တစ်ဖန်ဆန်တက်၍ သယ်ယူပေးခဲ့ရကြောင်းသိရသည်။

ထို့အပြင်ကျောင်းတော်ကြီးအား ဘုံသုံးဆင့်၊ မှန်ကင်းခြေဆုတင်ထားသည်။ ကွမ်းစင်မာရဘင်မျက်နှာကြက်များတွင် ပန်း၊ခြုံးနွယ်တို့ဖြင့် လှပစွာထုလုပ်ထားရာ ငှက်ကြီး၊ ငှက်ငယ်တို့ နားနေဟန်၊ ကဟန်၊ ချီဟန်၊ လိုက်ဟန်၊ တွန်ကျူးတော့မည့်ဟန်များ လှုပ်ရှားနေဘိသကဲ့သို့ ထင်မှတ်ဖွယ်ဖြစ်အောင် ထုဆစ်ထားသည်။ ဒုရင်ပုံတို့မှာလည်း လက်သမားကျော်တို့၏ လက်ရာမှာ အနုသုခုမ လက်ရာမြောက်လှသည်။

ပခန်း ကျောင်းကန်၊ ပုဂံဘုရားဆိုစကားအတိုင်း ပခန်းငယ်ကျောင်းတော်ကြီးသည် အလွန်ပင်ကြီးကျယ်ခမ်းနားလှပေသည်။ ပြာသာဒ်ဆောင်တွင် ဟင်္သာသနပလ္လင်ထားရှိ၍ ပလ္လင်ပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။ ဓနုဆောင်တွင် ဆရာတော်ကြီးနှင့်တကွ သံဃာတော်များ ဝတ်တက်၊ ဝတ်ကပ်ခြင်းနှင့် အစည်းအဝေးများကို ပြုလုပ်ကြသည်။ ဆောင်မတွင် ဓမ္မာသာသနပလ္လင်တော်ထားရှိပြီး ဆရာတော်ကိုယ်တိုင် တရားဓမ္မဟောကြားဆုံးမ ဩဝါဒပေးရာနေရာဖြစ်ပါသည်။ ဘောဂဆောင်တွင်လည်း ပစ္စည်းပရိဘောဂများ ထားရှိခြင်း၊ ဆွမ်းကျွေးခြင်းများပြုလုပ်ခဲ့ကြောင်း မှတ်တမ်းများတွင် ရေးသားထားသည်။

ပခန်းငယ်ကျောင်းတော်ကြီးပြုပြင်ထိန်းသိမ်းခြင်းသည် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးတာဝန်တစ်ရပ်ကို တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေဦးမူးမြစ်ကမ်းပါးတိုက်စားခံရသည့် အိမ်ထောင်စုများအား ထောက်ပံ့ကူညီသည့်အပြင် ကမ်းပါးထိန်းနံရံများလုပ်ဆောင်

**ရွှေဘို အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ရှိ မူးမြစ်ကမ်းဘေးတွင်တည်ရှိသော လေးရွာကျေးရွာမှ မူးမြစ်ကမ်းပါးရေတိုက်စားခံရသည့် အိမ်ထောင်စုများအား ထောက်ပံ့ကူညီထားသည့်အပြင် ကမ်းပါးထိန်းနံရံများလုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလေးရွာကျေးရွာမှ အိမ်ခြေ ၂၂ အိမ်သည် မူးမြစ်ကမ်းပါးရေတိုက်စားမှုကြောင့် အိမ်များဖျက်သိမ်းရွှေ့ပြောင်းခဲ့ရကြောင်း၊ ယင်းဖျက်သိမ်းရွှေ့ပြောင်းခဲ့ရသည့် အိမ်ခြေ ၂၂ အိမ်မှ အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၁၁၇ ဦးတို့အတွက် ဩဂုတ် ၇ ရက်က တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းလေးမျိုး(အမျိုးသားလုံချည်၊ အမျိုးသမီးလုံချည်၊ မျက်နှာသုတ်ပဝါ)နှင့် ဆန်ရိက္ခာ ဖိုးငွေကျပ် ၉၀၉၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ အလှူရှင်များကလည်း အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် ၇ သိန်းခန့်နှင့် စားသောက်ဖွယ်ရာများ၊ ပစ္စည်းများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအမံဖြင့် မူးမြစ်ရေတိုက်စားခံခဲ့ရသော ရေဦးမြို့နယ် လေးရွာကျေးရွာတွင် တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးများက စက်တင်ဘာ ၆ ရက်မှစတင်၍ မူးမြစ်ကို ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ကြောင်း၊ ကွင်းဆင်းတိုင်းတာစစ်ဆေးချက်များအရ လေးရွာကျေးရွာ မူးမြစ်ကမ်းတစ်လျှောက်အလျား ပေ ၃၃၀၀ ကမ်းပြိုနေရာများတွင် မျောကျောက်ဖြည့်ကွန်ကရစ်ကွက်အလျား ပေ ၃၃၀၀ တည်ဆောက်ကာကွယ်ခြင်းနှင့် ရေလမ်းကြောင်းပြောင်းလဲရေးအတွက် အလျား ပေ ၅၀ ရှိ ရေကာတာ အတို ၂၀ ခုတို့ တည်ဆောက်ပေးရန် လိုအပ်နေကြောင်း၊



ယင်းလိုအပ်ချက်လုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ် သန်း ၃၄၀ ဖြစ်ကြောင်း၊ အဆိုပါကုန်ကျစရိတ်အတွက် ပြည်ထောင်စုသီးသန့်ရန်ပုံငွေရရှိရေးအတွက် ဆောင်ရွက်နေကြောင်း ရေဦးမြို့မှ လယ်သမားရေး၊ အလုပ်သမားရေးကူညီဆောင်ရွက်ပေးနေသူ ဦးအောင်မြင့်သောင်းက ပြောသည်။

**(ရောင်နီတင်ဝင်း)**

ooo

ဥတုရာသီ တောက်ပမှီ၏

# ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၂၀**

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ သင်တန်းခန်းမ၌ကျင်းပရာ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မထသ(ဗဟို)မှ တာဝန်ရှိသူများက ယာဉ်လိုင်းအသီးသီးမှ ဥက္ကဋ္ဌများနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အား ဆွေးနွေးဟောပြောခဲ့သည်။

ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေးက"ကျွန်တော်တို့ရဲ့ ရည်မှန်းချက်၊ တာဝန်ထဲမှာလည်း ပါပါတယ်။ ပြည်သူလူထုကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီး အသိပညာပေးရမယ်။ ကာကွယ်စောင့်ရှောက်ပေးရမယ်။ အဓိကကတော့ ဒီတာဝန် နှစ်ရပ်ကိုချုံ့လိုက်ရင် ပြည်သူလူထု ယာဉ်အန္တရာယ်ကင်းရှင်းရေးတာဝန်နဲ့ စည်းကမ်းထိန်းသိမ်းရေးတာဝန်ပေါ့။ အခုသူတို့က မြေပြင်မှာတကယ်ကားမောင်းနေတာဆိုတော့ ထိရောက်အောင်ဆွေးနွေးပေးတာပါ။

"ဒီလိုဟောပြောပို့ချလိုက်ခြင်းအားဖြင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအတွက် လွန်စွာအကျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တစ်နေ့တစ်နေ့ ယာဉ်အန္တရာယ်ကြောင့် လူဦးရေ ဘယ်လောက်သေဆုံးထိခိုက်နေလဲ၊ ဆုံးရှုံးမှုတန်ဖိုးဘယ်လောက်များလဲဆိုတာကို ပြောပြတယ်။ ထိခိုက်ဒဏ်ရာရသူတွေထဲမှာ လူငယ်တွေလည်းပါနေတာဆိုတော့ မိသားစုကိုလုပ်ကျွေးနေတဲ့ အိမ်ထောင်ဦးစီးသာပါသွားရင် ပြဿနာတွေ အများကြီးရှိလာနိုင်ပါတယ်။

ဒီတော့ဒီလိုနှိုင်းယှဉ်ပြီး သူတို့ကိုအသိပညာပေးလိုက်ခြင်းအားဖြင့် အသိပညာရသွားပြီဆိုရင် အမူအကျင့်တွေပြောင်းလဲလာကြမှာပါ။ အဲဒါဆို ယာဉ်မတော်တဆမှုတွေ လျော့နည်းလာပြီးသေဆုံး၊ ထိခိုက်ဒဏ်ရာရမှုနဲ့ဆုံးရှုံးမှုတန်ဖိုးတွေလျော့နည်းသွားမှာပါ"ဟု ဆွေးနွေးဟောပြောပွဲအပြီးမီဒီယာများအား သီးသန့်ပြောကြားခဲ့သည်။

အဆိုပါဟောပြောမှုများအတွင်း ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ ရဲမှူးကြီးကျော်ထွေး၊ အမှတ်(၆)ယာဉ်ထိန်းတပ်ဖွဲ့၊ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးသန်းမြင့်၊ ယာဉ်မှုစစ်နှင့်မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်၊ ယာဉ်လိုင်းအသီးသီးမှဥက္ကဋ္ဌများနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၅၀ တို့အား အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများအား စက်တင်ဘာ ၇ ရက်က ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းလိုက်သည့် မော်တော်ယာဉ်ဥပဒေစာအုပ်အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ဘန်အဖလက်ခ်ကို ခွင့်လွှတ်လို့မရသေးတဲ့ ဂျနီဖာဂါနာ

ဘန်အဖလက်ခ်နဲ့ ကလေးထိန်းခရစ္စတင်းအော်ဇိုနီယန်တို့ ပက်သက်ခဲ့တဲ့ကိစ္စရပ်အပေါ် ဂျနီဖာဂါနာအနေနဲ့ အခုထိမမေ့နိုင်သေးသလို ခွင့်လွှတ်လို့လည်းမရသေးဘူးလို့ သတင်းရင်းမြစ်တစ်ခုကဆိုပါတယ်။ ဘန်ကတော့



သူတို့နှစ်ဦးကွာရှင်းပြတ်စဲခဲ့တဲ့ ကိစ္စရပ်အပေါ် ဘာတစ်ခုမျှ ထူးထူးခြားခြား မှတ်ချက်ပေးတာမျိုးမရှိဘဲ ဂါနာရိုက်ကူးရေးသွားတဲ့အချိန်မှာ သားသမီးသုံးဦးကိုလာရောက်စောင့်ရှောက်ပေးတာ၊ ကျောင်းပို့ကျောင်းကြိုလုပ်ပေးတာတွေပြုလုပ်လေ့ရှိသလို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာ ဂါနာနဲ့ အတူတူ စျေးဝယ်ထွက်တာမျိုးပြုလုပ်ခဲ့တဲ့အတွက် သူတို့နှစ်ဦး ပြန်လည်လက်တွဲကြတော့မှာလားဆိုတဲ့မေးခွန်းတွေ မီဒီယာတွေကြားမှာ ပလူပျံခဲ့ပါတယ်။

ဒါပေမယ့် ဂါနာရဲ့ မိတ်ဆွေတွေကတော့ ဂါနာက ဘန်ကို အထင်ကြီးသလို အလွန်မြတ်နိုးခဲ့တာကြောင့် ဒီလိုလူမှုရေးဖောက်ပြန်မှုပြုခဲ့တဲ့ ဘန်ရဲ့ လုပ်ရပ်ကို ဘယ်လိုမှခွင့်လွှတ်လို့မရသေးသလို တစ်ဖက်မှာလည်း ဘန်ကို မမေ့နိုင်သေးဘူးလို့ အီးအွန်လိုင်းကို သတင်းပေးခဲ့ပါတယ်။ ဘန်နဲ့ အခုလို အတူတကွ မိတ်ဝတ်မပျက်ဆက်လက်ဆက်ဆံနေတာက ကလေးတွေအနေနဲ့ နုငယ်တဲ့အရွယ်မှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှာစိုးတဲ့အတွက်သာ ဖြစ်တယ်လို့ ဂျနီဖာဂါနာက တုံ့ပြန်လိုက်ပါတယ်။

သူတို့နှစ်ယောက် အခုလိုကွာရှင်းပြတ်စဲပြီးနောက် အတူတကွ သွားလာဖို့ကို ဘန်အဖလက်ဖ်ဘက်က စတင်ဖိတ်ခေါ်ခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးကြားသွေးအေးနေတဲ့အနေအထားကိုလည်း ဘန်ကမလိုလားဘူးလို့လည်း သိရပါတယ်။ သူတို့နှစ်ဦးမှာ လက်ထပ်လက်စွပ်ဝတ်ဆင်မထားတာကို မီဒီယာတွေက သတိပြုခဲ့မိပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာမှာပဲ ကွာရှင်းပြတ်စဲလိုက်ပြီလို့ နှစ်ဖက်စလုံးက အတည်ပြုခဲ့ကြတာဖြစ်ပါတယ်။

ယခုနောက်ပိုင်းတွေ့ရှိခဲ့တဲ့ပုံမှာ ဘန်အဖလက်ခ်က မုတ်ဆိတ်ကျင်စွယ်တွေရိတ်သင်ထားတာကြောင့် ဒါက ဂါနာနဲ့ ကွာရှင်းပြတ်စဲပြီးနောက်ပိုင်း သူ့ကိုယ်သူ စိတ်သစ်လူသစ်ဖြစ်အောင်ကြိုးစားနေထိုင်နေတဲ့ အမှတ်သင်္ကေတတစ်ခုလို့လည်း မီဒီယာတွေကရေးသားကြပါတယ်။

**မေလဲ့သင်း**

# မင်္ဂလာမောင်နှံဝတ်စုံတွေအတွက် အရောင်တောက်တောက်တွေသာသုံးလာကြ

ခုအချိန်ကာလဟာ ဝါလကင်းလွတ်သီတင်းကျွတ်တော့မှာမို့ ဝါကျွတ်ရင် မင်္ဂလာပွဲဆင်နွှဲကြမယ့် မင်္ဂလာမောင်မယ်တွေဟာ အခုလိုအချိန်မှာဆိုရင် မင်္ဂလာပွဲကိစ္စတွေနဲ့ ခေါင်းခြောက်နေကြရပါပြီ။ သတို့သမီးလောင်းတွေ အနေနဲ့လည်း ဖိတ်စာ၊ အဝတ်အစား၊ မိတ်ကပ်၊ ခန်းမငှားရမ်းရတာတွေ၊ ဓာတ်ပုံ၊ သတို့သား၊ သတို့သမီးအရံတွေအတွက် စဉ်းစားပေးရတာတွေ၊ မင်္ဂလာပွဲမှာဧည့်ခံမယ့် အစားအသောက်ကိစ္စတွေအပါအဝင် မြောက်မြားလှတဲ့ အရေးပေါင်းများစွာနဲ့ ခေါင်းခြောက်နေရချိန်ပါ။

အရင်တုန်းက မင်္ဂလာဆောင်တွေမှာ ရိုးရာအယူအဆတွေနဲ့ ရောထွေးနေတတ်လို့ အရောင်တွေကသိပ်ပြီး ဆန်းဆန်းပြားပြား ထွင်ရတာမျိုးမရှိပါဘူး။ အခုခေတ်အနေအထားမှာ အရောင်အဆန်းအပြားတွေအတော်ပေါများလာတော့ သမားရိုးကျ မင်္ဂလာအရောင်တွေကိုသာ ဝတ်ကြတာမျိုးမဟုတ်တော့ဘဲ ပန်းဆီရောင်၊ စိမ်းပြာရောင်၊ ကျောက်စိမ်းရောင်၊ ခရမ်းဖျော့ရောင်တို့လို အရောင်ဆန်းတွေ၊ ခရေစီကာလာတွေကိုပါ မင်္ဂလာပွဲအတွက် ထည့်သွင်းစဉ်းစားလာတာကို တွေ့လာရပါတယ်။

"အခုနောက်ပိုင်းက အယူအစွဲအလမ်းတွေကို သိပ်ပြီး မလုပ်တော့ဘူး။ အရောင်ဆိုလည်း ဆန်းဆန်းတွေကို သုံးလာကြတယ်။ ဒီနှစ်အတွက် မကြီးစန်းဆီမှာလုပ်ထားတဲ့ ဝတ်စုံလေးတွေရှိပါတယ်။ ခရမ်းရောင်ရင့်ရင့်နဲ့ အနီရောင်ရဲရဲကို ရွှေရောင်နဲ့စပ်ထားတဲ့ ဝတ်စုံတွေလုပ်ထားပါတယ်။ ဒါပေမယ့် လူကြီးစီစဉ်တဲ့ပွဲတွေဆိုရင်တော့ ရှေးအစဉ်အလာအတိုင်း ပုံမှန်အရောင်တွေသာသုံးပြီး လူငယ်တွေပဲစီစဉ်ရင်တော့ အရောင် တောက်တောက်တွေသုံးကြတယ်။ နောက်ပြီး အခုခေတ် သတို့သမီးတွေက အရင်တုန်းက သတို့သမီးတွေလို မင်္ဂလာဝတ်စုံကို ဝတ်ပြီး အမှတ်တရမသိမ်းချင်ကြတော့ဘူး။ အခုခေတ်က သတို့သမီးဝတ်စုံ ငှားပြီး ဝတ်လာကြတာတွေ များလာတယ်"လို့ မကြီးစန်း(ခင်စန်းဝင်း)က သူမရဲ့အမြင်ကို ပြောပါတယ်။

အခုနောက်ပိုင်းမှာ သတို့သမီးတွေအတွက် ဆန်းပြားတဲ့အဆင်တန်ဆာတွေက အရမ်းများလာတော့ ဒီဇိုင်နာတွေ၊ မိတ်ကပ်ဖန်တီးရှင်တွေက သူတို့ဆီမှာပဲ အပြီးသတ်ပြင်ဆင်မှုတွေ ရရှိအောင် ဝန်ဆောင်မှုတွေလည်း လုပ်လာတာကို တွေ့လာရပါတယ်။

"မကြီးစန်းတို့ဆီမှာ သတို့သမီးတစ်ဦးအတွက် မင်္ဂလာဝတ်စုံ၊ မိတ်ကပ်အပြင် ဆံဖျားကနေ ခြေဖျားထိ ၉၀ ရာခိုင်နှုန်းလောက်အထိ ဝန်ဆောင်မှုလုပ်ပေးတယ်။ နောက်ပြီး အပေါ်က ထိုင်မသိမ်းဝတ်ရင် အောက်ကဖိနပ်ကို ပုံတော်စီးမယ်ဆိုရင် ဘယ်ဆိုင်၊ ဘယ်နေရာမှာ ရနိုင်တယ်ဆိုတာပါ တစ်ခါတည်း လမ်းညွှန်ပေးပါတယ်" ဟု မကြီးစန်းက ပြောပြပါတယ်။

အခုခေတ် သတို့သမီးများအတွက် မင်္ဂလာဝတ်စုံတွေက ကျပ်တစ်သိန်းခွဲကနေ ကျပ် ၁၈ သိန်းအထိရှိပါတယ်။ သတို့သမီးအကြိုက် အဆင်တန်ဆာတွေကို ချဲ့ချင်ရင်ချဲ့သလောက်ထပ်ပြီး ကုန်ကျစရိတ်ရှိမှာပါ။ သတို့သမီးတစ်ဦးရဲ့ မင်္ဂလာဝတ်စုံအပြင် ဆံထုံး၊ မိတ်ကပ်၊ လက်ဝတ်ရတနာ၊ ဖိနပ်တွေအတွက်ပါ ကုန်ကျစရိတ်က ကျပ်သုံးသိန်းကနေ သူ့ရဲ့ရွေးချယ်မှုပေါ်မူတည်ပြီး ဆယ်ဂဏန်းအထိကုန်ကျမှုတွေရှိပါတယ်။

မင်္ဂလာပွဲဆင်နွှဲကြမယ့် သတို့သား၊ သတို့သမီးများအနေနဲ့ ကိစ္စအားလုံးကို ကိုယ်တိုင်လိုက်လုပ်နိုင်သူ ရှိသလို မအားလပ်လို့ မင်္ဂလာပွဲအစီအစဉ်တစ်ခုလုံးကို ကြားခံနဲ့ အပြီးအစီးဆောင်ရွက်တာတွေလည်းရှိပါတယ်။ ကိုယ်တိုင် အသေးစိတ်လိုက်စီစဉ်ချင်ကြတဲ့သူတွေလည်းရှိနေပြီမို့ လုပ်ဆောင်ရတာတွေ သက်သာလာတာလည်း ရှိပါတယ်။

ခုခေတ်မှာ မင်္ဂလာမဆောင်ခင် ဓာတ်ပုံတွေ ကြိုတင်ရိုက်ကူးထားပြီး မင်္ဂလာဆောင် အခမ်းအနားမှာ ပရိုဂျက်တာနဲ့ ဆလိုက်ရှိုးပြကြတာလည်း ခေတ်စားလာပါတယ်။ အခုနောက်ပိုင်း မင်္ဂလာဆောင်မယ့်စုံတွဲတွေအနေနဲ့ Pre-Wedding Photo တွေကို Indoor တင်မဟုတ်ဘဲ နောက်ခံ ရှုခင်းလှလှတွေ Romantic ဆန်ဆန်နေရာမျိုးတွေမှာ အိုင်ဒီယာဆန်းဆန်းပြားပြားတွေနဲ့ အရိုက်များလာကြပါတယ်။

ဒီလိုဆန်းပြားတဲ့အရောင်အသွေးတွေကို ဒီဇိုင်နာတွေကလည်း တီထွင်ပြီး ရှိုးပွဲတွေအနေနဲ့ပြသတော့ သတို့သမီးတွေအနေနဲ့ မင်္ဂလာဝတ်စုံဒီဇိုင်း၊ အရောင်အသွေးတွေကို သိပ်ပြီး ခေါင်းစားစရာမလိုတော့ပါဘူး။

**ရှင်မင်းနွယ်**
**မျိုးစန္ဒာမောင်**



ဓာတ်ပုံ - Myanmar Celebrity Entertainment Website

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၁ - ၁၀ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-ခြေခြေမြစ်မြစ်
နှစ်နှစ်ကာကာချစ်တဲ့
ကာလပေါ်တေးအရသာ
ဂီတရိပ်သာ(ကိုစိန်ဝင်း)
၆:၂၀ ဒီမိုကရေစီစိတ်ထား အပိုင်း(၂)
၆:၄၅ "ခေါင်းကောင်းကောင်းနဲ့ ရွေးကြစို့"
၇:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၆)
၇:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၁၈)
၈:၄၅ Catch Asia News(Part-13)
၈:၅၅ တေးဂီတအစီအစဉ်
၉:၁၀ ပြည်သူ့နီတိ"အမွေ"
၉:၃၀ ပြန်ကြားရေးဝန်ကြီးဌာန
နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့်
မြန်မာ့အသံခေတ်ပေါ်တေးဂီတ
ပူးပေါင်းဖျော်ဖြေတင်ဆက်မှု
အစီအစဉ်
၁၀:၀၀ မြန်မာရုပ်ရှင်(ဖြူ/မဲ)
"လူဇော်"
(ကျော်ဟိန်း၊ ဆွေဇင်ထိုက်)
(ဒါရိုက်တာ-ဇော်ထက်)

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာ ပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၈:၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈:၅၀ "မန္တလေးမှ မြစ်ကြီးနားသို့"
၁၀:၃၅ အောင်မြင်သူနှင့်အတူ
(Meet The Successful)
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်
အစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ဆု"(အပိုင်း-၇)
၁:၂၀ Channel'0'(အပိုင်း-၆)
၁:၅၀ ဂီတမဟာပျော်စရာ
၂:၁၀ "သနပ်ခါးပိုင်ရှင်"
၂:၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၃:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
စကားဝိုင်း
၄:၃၅ အဝေးသင်တက္ကသိုလ်
ပညာရေးရုပ်မြင်သံကြား
သင်ခန်းစာ (ဒုတိယနှစ်)
(ဥပဒေ အထူးပြု)(ဥပဒေပညာ)
၄:၅၀ "ဘောလုံးကစားနည်းရဲ့
အခြေခံနည်းစနစ်များ"
(အလယ်တန်း)(အပိုင်း-၂)
၅:၅၀ "ပူးပေါင်းအဖြေရှာ
ယာဉ်ကြောပြဿနာ"
၆:၁၅ "လက်လွှတ်မခံသင့်တဲ့
အခွင့်အရေး"
၆:၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
"ကားပျက်လို့ပါမေမေ"
(မင်းညီ၊ အေးအေးအောင်၊
ပိုးအိခင်)
(ဒါရိုက်တာ-ကိုရွှေမိုးသက်)
၇:၁၅ Channel '0' (အပိုင်း-၇)
(ပထမပိုင်း)
၈:၃၅ ဆန္ဒတူညီမဲပေးကြမည်
နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ဆု"(အပိုင်း-၈)
သုခမရင်ခွင်အငြိမ့်သဘင်
"သရီးကာလာအငြိမ့်"

### မြဝတီ

၆:၀၃ တရားတော်
၆:၁၆ မေတ္တာပို့
၆:၂၀ ဓမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၀ မျိုးချစ်တပ်မတော်
၆:၃၅ မှတ်တမ်း
၆:၄၅ မြန်မာသံစဉ်ချိုနားဝင်
၇:၁၀ အမျိုးသားရေးတေးကဗျာ
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ အမျိုးသားရေးတေးကဗျာ
၈:၁၅ မွေးမြူသုတ
၈:၃၀ DVD Hits
၈:၃၅ ဇာတ်လမ်းတို
၈:၄၅ မြဝတီနေ့စဉ်သတင်း
၈:၅၀ သူနှင့်သူ၏သီချင်းများ
၉:၀၀ စာပေအလင်းစာပေသတင်း
၄:၁၅ လျှပ်တစ်ပြက်
၄:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ရွှေဟောင်းသုတ
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၅ ပန်းကလေးများပွင့်တော့မည်
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အတိတ်ရဲ့ချစ်ခြင်း(အပိုင်း-၈၃)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၀၆ Amazing Cities
၆:၁၅ Meet Whith The Celebrities
၇:၀၀ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဂျောင်းဒိုဂျွန်း အပိုင်း(၄၀)
၈:၀၀ နိုင်ငံတကာတင်း
မိုးလေဝသသတင်း
ရယ်စရာပျော်စရာဟာသကမ္ဘာ
ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
မြဝတီရုပ်မြင်သံကြားသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ပြည်သူ့တရားရှင်ပေါင်ချိန်
(ဒုတိယတွဲ)အပိုင်း(၃၆)

### MRTV - 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ ခန္ဓသုတ်၊
မောရသုတ်၊ ဝဋ္ဋသုတ်
၈:၀၀ Cartoon Series
(English Play-ground)
၉:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားကမေတ္တာများ"
(အပိုင်း-၁၀)
၁၀:၅၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁:၀၀ ဟင်းချက်ရအောင်
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(အပိုင်း- ၇၆)
၁:၀၀ "သူတော်ကောင်းနှင့်
သူတော်ကောင်းတရား"
တရားတော်(ပါမောက္ခချုပ်
ဆရာတော် ဒေါက်တာဘဒ္ဒန္တ
နန္ဒမာလာဘိဝံသ)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"Flowers & Butterflies"
၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ"
(အပိုင်း-၈၉)
၃:၄၅ ရန်ကုန်မြင်ကွင်းကျယ်
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉၀)
၈:၂၀ ရသစုံညွှန်းတမ်းများ
၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားကမေတ္တာများ"
(အပိုင်း-၁၁)
၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(အပိုင်း- ၇၇)
၁၀:၁၅ Let's Talk
၁၀:၅၀ MRTV-4 Stage
၃:၅၀ World of Knowledge
(Adventure Wanted
Bull Riding)
၄:၃၅ တန်ခိုးကြီးမားဘုရားစေတီ
ပုထိုးများ [အောင်ဇမ္ဗူတောရ
ဓမ္မရိပ်သာတွင်
ကိန်းဝပ်စံပယ်လျက်ရှိသော
ရွှေဟောင်းရုပ်ပွားတော်များ
အကြောင်း] (အပိုင်း-၂)

**အားကစား**

# ဘိုင်ယန်မြူးနစ်အသင်း၌ ဂွါဒီယိုလာ ဆက်ရှိနေမည်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီကုန်အထိ ဆက်ရှိနေမည့်အပြင် စာချုပ်သစ်တစ်ရပ်ကိုလည်း ထပ်မံချုပ်ဆိုမည်ဟု ယုံကြည်ထားကြောင်း ဘိုင်ယန်မြူးနစ်အသင်းဘက်က ဆိုလိုက်သည်။

အသက်(၄၄)နှစ်အရွယ်ရှိ စပိန်နိုင်ငံသားနည်းပြ ဂွါဒီယိုလာသည် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သည့်အပြင် ပြီးခဲ့သည့်စက်တင်ဘာလအတွင်းကလည်း ၎င်းအနေဖြင့် အင်္ဂလန်မြေတွင် နည်းပြတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လိုကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးပါက ၎င်း၏ ဘိုင်ယန်မြူးနစ်အသင်းနှင့် ချုပ်ဆိုထားခဲ့သည့် စာချုပ်သက်တမ်းသည်လည်း ကုန်ဆုံးမည်ဖြစ်သည်။ ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နည်းပြဂွါဒီယိုလာမှာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိခဲ့ခြင်းကြောင့် လက်ရှိအသင်းလက်မဲ့ဖြစ်နေသည့် ရီးယဲလ်မက်ဒရစ်နည်းပြဟောင်း အန်ဆ လော့တီကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းက စီစဉ်ထားကြောင်းသိရသည်။

ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြဖြစ်လာခဲ့သည်။ နည်းပြဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို ကိုင်တွယ်ခဲ့စဉ်က ဆုဖလားများစွာဆွတ်ခူးပေးနိုင်ခဲ့ပြီး စပိန်နိုင်ငံလက်ရွေးစင်အသင်းကိုလည်း ၁၉၉၂ အိုလံပစ်ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် လက်ရှိတာဝန်ယူကိုင်တွယ်လျက်ရှိသည့် ဘိုင်ယန်မြူးနစ်အသင်းအတွက်လည်း ဘွန်ဒက်လီဂါဖလားနှစ်ကြိမ်၊ ဂျာမန်ပိုကယ်ဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်နှင့် ကမ္ဘာ့ကလပ်အသင်းများ ဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

[ငွေကြယ်]

## အောက်တိုဘာ ၂၂ ရက်(ကြာသပတေးနေ့) ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်များ

| | | | |
|---|---|---|---|
| မယ်လ်မို | - | ရှက်တာဒိုးနက် | နံနက်-၁း၁၅ |
| ပီအက်စ်ဂျီ | - | ရီးယဲလ်မက်ဒရစ် | နံနက်-၁း၁၅ |
| စီအက်စ်ကေအေ | - | မန်ယူ | နံနက်-၁း၁၅ |
| ဝုဖ်ဘတ် | - | အိုင်ဟိုဗင် | နံနက်-၁း၁၅ |
| အက်သလက် | - | အက်စတာနာ | နံနက်-၁း၁၅ |
| ဂါလာတာစာရေး | - | ဘင်ဖီကာ | နံနက်-၁း၁၅ |
| ဂျူဗင်တပ် | - | ဂလာဘတ်ချ် | နံနက်-၁း၁၅ |
| မန်စီးတီး | - | ဆီဗီလာ | နံနက်-၁း၁၅ |

(မောင်မောင်ဇော်)




# Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ ပင်လယ်ပြင်ရွက်လှေအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/အဖွဲ့အစည်းရှစ်ခု၏ ပံ့ပိုးကူညီမှုဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# စတားရစ်ချ်အပေါ် ရာနှုန်းပြည့်ယုံကြည်မှုရှိသည့် ဂျာဂင်ကလော့



မေလဲ့သင်း

လီဗာပူးနည်းပြသစ် ဂျာဂင်ကလော့က တိုက်စစ်မှူး စတားရစ်ချ်၏ခြေစွမ်းအပေါ် ယုံကြည်မှုအပြည့်အဝရှိကြောင်း ဆိုလိုက်သည်။ စတားရစ်ချ်သည် မနှစ်က ရာသီဝက်ခန့်ကပင် ပေါင်နှင့်တင်ပါးဒဏ်ရာပြဿနာတို့ကြောင့် စပါးအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်၌လည်း ဝင်ရောက်ကစားနိုင်ခြင်းမရှိသေးဘဲ လီဗာပူး၏ပွဲစဉ်အတော်များများကို လွဲချော်နေခဲ့သည်။ ယခုအခါ လေ့ကျင့်ရေးကွင်းတွင် ကြံ့ခိုင်မှုအပြည့်ဖြင့် ဝင်ရောက်ကစားနိုင်ပြီဖြစ်သော်လည်း စပါးနှင့်ပွဲစဉ်တွင် ထည့်သွင်းမကစားစေခဲ့ခြင်းကြောင့် စတားရစ်ချ်၏အနေအထားအပေါ် ပရိသတ်များက စိတ်ဝင်စားနေရာ ကလော့က ကစားသမား၏ခြေစွမ်းနှင့်ပတ်သက်၍ ၎င်းအနေဖြင့် မည်သည့်အခါကမျှ သံသယမဝင်ခဲ့ကြောင်းဆိုခဲ့သည်။

လီဗာပူး၏တိုက်စစ်တွင် ဖာမီနိုနှင့် ဘန်တီကီတို့လည်းရှိနေရာ စတားရစ်ချ်အနေဖြင့် ကြံ့ခိုင်မှုပြည့်ဝလာလျှင်လည်း ပွဲထွက်ကစားခွင့်ဆုံးရှုံးနိုင်သည်ဟူသော မှန်းဆချက်များလည်းရှိသောကြောင့် စတားရစ်ချ် ကြံ့ခိုင်မှုပြည့်ဝနေလျှင် အကောင်းဆုံးကစားနိုင်မည်ကို ၎င်းအနေဖြင့် ယုံကြည်ကြောင်းတလောက ပြောကြားပေးခဲ့သည်။ ကလော့က စတားရစ်ချ်သည်လာမည့် ရက်သတ္တပတ်အတွင်း လီဗာပူးအတွက် ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း၊ ဆေးပညာရှင်များနှင့် ကြံ့ခိုင်ရေးမှူးများ၏ အကြံပြုချက်ကြောင့် စပါးနှင့် ပွဲစဉ်တွင် စတားရစ်ချ်အား ဝင်ရောက်မကစားစေခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ရေးကွင်းတွင် အကောင်းဆုံးကစားနိုင်ပြီဖြစ်သလို စတားရစ်ချ်၏ခြေစွမ်းအပေါ် ရာနှုန်းပြည့် ယုံကြည်ကြောင်း ဆိုခဲ့သည်။

# ဝပ်န်လာလီဂါ ရင်ခုန်သံ – ၉

စပိန်လီဂါပွဲစဉ် (၉)ကို အောက်တိုဘာ ၂၄၊ ၂၅၊ ၂၆၊ ၂၇ နေ့တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာ အက်သလက်တီကိုနဲ့ ဗလန်စီယာဆုံတွေ့တဲ့ပွဲ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေသလို ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့လို အသင်းကြီးတွေအနေနဲ့ နိုင်ပွဲဆက်နိုင်မလားဆိုတာကိုပါ စောင့်ကြည့်သွားရဖို့ရှိပါတယ်။



ရှိုင်းမင်းမင်း

**ဗီယာရီးရဲလ်-အက်စ်ပန်ညို** — ဗယ်လက်ကာနို-အက်စ်ပန်ညို နံနက် ၁း၀၀(၂၄-၁၀-၁၅)

ဘာစီလိုနာကို ဂိုးပြတ်ရှုံးခဲ့ရပြီး သုံးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတဲ့ ဗယ်လက်ကာနိုတို့ ရလဒ်ဆိုးတွေကို ရပ်တန့်ဖို့ကြိုးစားမှာပါ။ ဗယ်လက်ကာနိုရဲ့ ခံစစ်ပိုင်းက အမှားအယွင်းများတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်နေသလို အက်စ်ပန်ညိုရဲ့ အဝေးကွင်းခြေစွမ်းကလည်း သာမန်သာရှိပါတယ်။ ဒါကြောင့် ဗယ်လက်ကာနိုတို့ အနိမ့်ဆုံးသရေရမှာပါ။

**ဆယ်လ်တာဗီဂို-ရီးယဲလ်မက်ဒရစ် ည ၈း၃၀(၂၄-၁၀-၁၅)**

ဆယ်လ်တာဗီဂိုဟာ အိမ်ကွင်းခြေကောင်းမွန်တဲ့ အသင်းလို့ ဆိုနိုင်ပါတယ်။ လက်ရှိအချိန်အထိ အိမ်ကွင်းမှာ လေးပွဲ ကစားခဲ့ရာမှာ ရှုံးပွဲမရှိသေးပါဘူး။ ရီးယဲလ်မက်ဒရစ်ကတော့ ချန်ပီယံလိဂ်အပါအဝင် ပွဲဆက်တွေများနေပါတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အနေနဲ့ နိုင်ပွဲဆက်နိုင်အောင်တော့ အားစိုက်ကစားမှာပါ။ ဂိုးပြတ်ဖို့ခက်ခဲပေမယ့် ရီးယဲလ်ပဲ အနိုင်ရသွားမှာပါ။

**ဂရန်နာဒါ-ဘက်တစ် ည ၁၀း၄၅ (၂၄-၁၀-၁၅)**

နောက်ဆုံးပွဲစဉ်မှာ အက်စ်ပန်ညိုကို အိမ်ကွင်းမှာတောင် ဂိုးပြတ်ရှုံးခဲ့ရတဲ့ ဘက်တစ်ဟာ နိုင်ပွဲပြန်ရဖို့အတွက် အားစိုက်ကစားလာမှာ သေချာပါတယ်။ အထူးသဖြင့် ဂရန်နာဒါရဲ့ခြေက ဒီရာသီမှာ ပျက်ယွင်းမှုတွေ များလွန်းနေပြီး တိုက်စစ်ပိုင်းကအဆုံးသတ်လုံးဝမတည်ငြိမ်ပါဘူး။ ဘက်တစ်တို့ နိုင်ပွဲပြန်ရသွားမှာသေချာပါတယ်။

**ဆီဗီလာ-ဂီတာဖေး နံနက် ၁း၀၀ (၂၅-၁၀-၁၅)**

နောက်ဆုံးပွဲစဉ်မှာ အီဘားနဲ့သရေကျခဲ့ပြီး နိုင်ပွဲတွေ ရပ်တန့်ခဲ့ရတာကြောင့် ဆီဗီလာတို့အနိုင်ပြန်ရရေး အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဆီဗီလာဟာ အိမ်ကွင်းပွဲစဉ်တွေမှာ တိုက်စစ်ကစားပုံ ကောင်းတတ်ပြီး ဂီတာဖေးကတော့ အဝေးကွင်းပွဲစဉ်တွေမှာ နိုင်ပွဲမရသေးတဲ့အထိ ခြေအားနည်းပါတယ်။ ဆီဗီလာကပ်နိုင်မယ်။

**မာလာဂါ- ဒီပို့တီဗို နံနက် ၂း၃၅ (၂၅-၁၀-၁၅)**

ဗလန်စီယာကို ဂိုးပြတ်ရှုံးနိမ့်ခဲ့လို့ မာလာဂါတို့နိုင်ပွဲပြန်ရအောင် အရေးတစိုက်ကစားသွားမှာပါ။ မာလာဂါဟာ အိမ်ကွင်းကစားပုံလည်း မာကျောမှုရှိပြီး ခံစစ်ပိုင်းက အိမ်ကွင်းမှာ ပိုမိုကျစ်လျစ်တတ်တဲ့အတွက် ဒီပို့တီဗိုကို ထိန်းချုပ်နိုင်မှာပါ။ အဝေးကွင်းမှာ ဒီပို့တီဗိုတို့ ရှုံးပွဲမရှိသေးဘူးဆိုပေမယ့် ဒီပွဲမှာတော့ မာလာဂါပဲကပ်နိုင်ဖို့ရှိပါတယ်။

**လီဗန်တေး-ဆိုစီဒက် ညနေ ၅း၃၀ (၁၈-၁၀-၁၅)**

နောက်ဆုံးပွဲစဉ်မှာ ရီးယဲလ်ကိုရှုံးနိမ့်ခဲ့ရတဲ့ လီဗန်တေးဟာ တိုက်စစ်ကအစ တစ်ပွဲတစ်ဂိုးနှုန်း သွင်းနိုင်ဖို့တောင် ရုန်းကန်နေရတဲ့အထိ ခြေစွမ်းပိုင်းအားနည်းနေပါတယ်။ ဒါပေမယ့် သတိပြုရမှာက ဆိုဒီဒက်ကလည်း တိုက်စစ်ကစားပုံ သာမန်သာရှိသလို ခြေလည်းမတည်ငြိမ်ပါဘူး။ ဂိုးနည်းနည်းနဲ့ သရေကျသွားဖို့ရှိပါတယ်။

**လက်ပဲလ်မက်စ် - ဗီလာရီးယဲလ် ည ၉း၃၀ (၂၅-၁၀-၁၅)**

ဗီလာရီးယဲလ်ဟာ ဒီရာသီမှာ ကောင်းမွန်တဲ့ခြေစွမ်းတွေရရှိနေတယ်ဆိုပေမယ့်လည်း အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ကစားပုံ အားနည်းတတ်ပါတယ်။ ဒါပေမယ့် တန်းတက် လက်ပဲလ်မက်စ်ကလည်း ခြေစွမ်းပိုင်းအားနည်းပြီး တိုက်စစ်က အဆုံးသတ်ပိုင်းတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲစဉ်မှာလည်း ဗီလာရီးယဲလ်ပဲနိုင်ပွဲရသွားမှာပါ။

**ဘာစီလိုနာ - အီဘား ည ၁၁း၄၅ (၂၅-၁၀-၁၅)**

ဘာစီလိုနာဟာ နောက်ဆုံးပွဲစဉ်မှာ ဗယ်လီကာနိုကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းက အရင်ပုံစံမျိုးရဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အခုအထိ အဆုံးသတ်ပိုင်း မတည်ငြိမ်ပါဘူး။ အီဘားက လက်ရှိခံကစားပုံ ကောင်းမွန်နေတဲ့ အသင်းပါ။ ဒါကြောင့် ဘာစီလိုနာ အနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်ဘူး။

**အက်သလက်တီကို - ဗလန်စီယာ နံနက် ၂း၀၀ (၂၆-၁၀-၁၅)**

အက်သလက်တီကိုက အိမ်ကွင်းမှာ တိုက်စစ်က ဂိုးရနည်းတတ်ပေမယ့် အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ ဒ့ါအပြင် ခံစစ်ကစားပုံလည်း မဆိုးပါဘူး။ ဗလန်စီယာကတော့ နောက်ဆုံးပွဲစဉ်မှာ မာလာဂါကို ဂိုးပြတ်အနိုင်ရခဲ့ပေမယ့် အဝေးကွင်းစွမ်းဆောင်ရည် မတည်ငြိမ်သေးတာကို တွေ့ရပါတယ်။ အက်သလက်တီကိုပဲ အနိုင်ရမယ်။

**ဘီဘာအို - ဂီဂျွန် နံနက် ၂း၀၀ (၂၇-၁၀-၁၅)**

ဘီဘာအိုက အဝေးကွင်းထက် အိမ်ကွင်းမှာ ကစားပုံ ပိုကောင်းပါတယ်။ တိုက်စစ်ပိုင်းကအစ အိမ်ကွင်းမှာဆိုရင် အဆုံးသတ်ပိုင်း သိသိသာသာ ပိုထက်မြက်တတ်ပါတယ်။ ဒါပေမယ့် ဂီဂျွန်ကလည်း အဝေးကွင်းမှာ ခံကစားပုံမဆိုးဘဲ တစ်ပွဲသာရှုံးနိမ့်ထားရတဲ့အသင်းပါ။ ဒါကြောင့် ဘီဘာအို အခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

# အငှားယာဉ်ဖြင့် လှည့်လည်သွားလာကာ ခါးပိုက်နှိုက်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်မှု၊ ခိုးမှု၊ လုယက်မှုများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် သတင်းစုံစမ်းခဲ့ရာ မြို့နယ်များအတွင်း အငှားယာဉ်ဖြင့် လှည့်လည်သွားလာကာ ခါးပိုက်နှိုက်မှုများ ကျူးလွန်သောအဖွဲ့ရှိကြောင်း သတင်းရသဖြင့် ဖမ်းဆီးရမိရေး အောက်တိုဘာ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာကားမှတ်တိုင်၌ စုံစမ်းနေစဉ် မှတ်တိုင်သို့ဆိုက်ရောက်လာသော အမှတ်(၄၃) ယာဉ်လိုင်း ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်မှ ခါးပိုက်နှိုက်ပြစ်ချက်ပောင်းရှိသူများဖြစ်ကြသည့် ရွှေပြည်သာမြို့နယ်နေ ဆင်ပေါက်(ခ) သိန်းဝင်း (၆၂)နှစ်၊ ကုလား(ခ) အောင်မင်းခိုင် (၃၄)နှစ်၊ လှိုင်သာယာမြို့နယ်နေ တောပေါက်(ခ)ပြည့်စုံ (၂၃)နှစ်၊ ဝတုတ်(ခ)နေမျိုးဦး (၃၂) နှစ်၊ အလတ်ကောင်(ခ)မြတ်မင်းထွန်း (၃၆)နှစ်တို့ ငါးဦးမှာ ဆင်းလာပြီး ယာဉ်၏ နောက်မှ မောင်းနှင်လိုက်ပါလာသော DD/........ Probox အငှားယာဉ်ဖြင့် ထွက်ခွာသွားသည်ကို တွေ့ရသဖြင့် ၎င်းအငှားယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ယာဉ်မောင်း ဖြူတုတ်(ခ)လှိုင်မျိုးဝင်း (၂၂)နှစ် လှိုင်သာယာမြို့နယ်နှင့် ဆင်ပေါက်(ခ) သိန်းဝင်းပါ ငါးဦးတို့၏ ကျောပိုးအိတ်များအား စစ်ဆေးရှာဖွေရာ တောပေါက်(ခ)ပြည့်စုံ လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ငွေကျပ် ၁၁၅၀၀၀ အားတွေ့ရှိကာ အဆိုပါငွေများမှာ အမှတ်(၄၃)ဒိုင်နာယာဉ်ပေါ်ပါ အသက် (၄၀)နှစ်ခန့်ရှိ ခရီးသည် အမျိုးသားတစ်ဦး၏ ဘေးလွယ်အိတ်အတွင်းမှ ၎င်းတို့ အတူတကွ နှိုက်ယူရရှိခဲ့သော ငွေများဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ ၎င်းတို့ ခြောက်ဦးထံမှ ခါးပိုက်နှိုက်ရာတွင် အသုံးပြုသော ကျောပိုးအိတ်များ၊ နှိုက်ယူရရှိခဲ့သည့်ငွေကျပ် ၁၁၅၀၀၀ နှင့် DD/......Probox ယာဉ်တို့အား သိမ်းဆည်းကာ မြောက်ဥက္ကလာပမြို့မရဲစခန်းက (ပ)၈၀၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉ (နှိုက်)/၁၄ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။ ၎င်းတို့အား အခြားခါးပိုက်နှိုက်အမှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ရာ ဆင်ပေါက်(ခ)သိန်းဝင်းနှင့် အလတ်ကောင်(ခ)မြတ်မင်းထွန်းတို့ နှစ်ဦးသည် မေ ၂၂ ရက် မွန်းလွဲပိုင်းက အောင်မင်္ဂလာအဝေးပြေးမှ လှိုင်သာယာမြို့နယ်သို့ ပြေးဆွဲသည့် အမှတ်(၄၃) ယာဉ်လိုင်း ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်တွင် ခရီးသည် အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ ရွှေလက်ကောက်ခြောက်ကွင်းကို နှိုက်ယူခဲ့ပြီး ပေါင်နှံထားကြောင်းပေါ်ပေါက်ခဲ့သည်။

ယင်းသို့ ပေါ်ပေါက်ချက်အရ အဆိုပါနေ့က ဧရာဝတီတိုင်းဒေသကြီးနေ ဦးသန်းမြင့်သည် အမှတ်(၄၃) ယာဉ်လိုင်း ဒိုင်နာခရီးသည်တင်ယာဉ်အား စီးနင်းလာစဉ် ၎င်း၏ရွှေလက်ကောက်ခြောက်ကွင်းကို ခါးပိုက်နှိုက်ခံရ၍ မြောက်ဥက္ကလာပ မြို့မရဲစခန်းတွင် တိုင်တန်းထားရှိသော အမှုအား ၎င်းတို့ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ သက်သေခံရွှေလက်ကောက်ခြောက်ကွင်းကို ပြန်လည်သိမ်းဆည်းခဲ့ကာ အမှုဖွင့်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

❖

# တမလန်းသစ် သယ်ဆောင်လာသူများအား အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကောလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၁၁ နာရီက တရားမဝင်သစ်များသယ်ဆောင်နေကြောင်း သတင်းအရ ကောလင်း- ဥက္ကံကျေးရွာ သွားကားလမ်း နတ်ရေကန်ကျေးရွာအနီးလမ်းခွဲတွင် သွားရောက်စောင့်ဆိုင်းခဲ့သည်။ ထိုသို့ စောင့်ဆိုင်းနေစဉ် ဥက္ကံကျေးရွာမှ ကောလင်းသို့ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သီတာအေးရပ်ကွက်နေ ငါးရယ်(၂၉)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ယာဉ်ပိုင်ရှင် မျိုးမြင့်(၃၉)နှစ်လိုက်ပါလာသည့် 2E/....... ISUZU ယာဉ်အား ရပ်တန့်ရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ် ခားရွှေတုံး ၂၃တုံး (သုည ဒသမ ၆၈၁၈ တန်) တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက်က နမ့်ခမ်းမြို့မှ မူဆယ်သို့ စိုင်းဆမ်ကွဲ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၀ သိမ်းဆည်းရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက်နေ စိုင်းဆိုင်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မောင်ရွှေအားတွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၅ ရက်က မိုင်းဆတ်မြို့နယ် မယ်ဆတ်ကျေးရွာနေ ကျင်းစံ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၂ ပြား ကိုလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်က မြဝတီမြို့ ရပ်ကွက်(၄) ဝိဒူရလမ်းရှိ မျိုးအောင် ငှားရမ်းနေထိုင်သည့် နေအိမ်တန်းလျားကို ရှာဖွေစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈ ပြား သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ တိုင်းကျော်(ခ)မိုးကျော် တည်းခိုနေထိုင်သည့် မြဝတီမြို့ ရပ်ကွက်(၄) ကျောက်လုံးကြီးဘုရားလမ်းရှိ တည်းခိုခန်း အခန်းအမှတ် (C 7)ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား လေးပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

**(ကြေးမုံ)**


## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း**



## အိတ်ဖွင့်တင်ဒါအမှတ်(၀၇/၂၀၁၅-၂၀၁၆)အား ရွှေ့ဆိုင်းကြောင်း ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ၂၂-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) ကျင်းပရန် ကြော်ငြာထားသော အိတ်ဖွင့်တင်ဒါအမှတ်(၀၇/၂၀၁၅-၂၀၁၆) ရောင်းချခြင်းအား ခေတ္တရွှေ့ဆိုင်းထားပါကြောင်း ကြေညာအပ်ပါသည်။ ပြန်လည်ရောင်းချမည့်နေ့ရက်အား ထပ်မံကြေညာပါမည်။

**(အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ)**



## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CSC TAI HAI V.036 သင်္ဘောသည် ၂၂-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SALZGITTER V.4 သင်္ဘောသည် ၂၂-၁၀-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | ၂၃.၁၀.၂၀၁၅ ရက်မှ | ရွှေဆောင်(၁) | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ




## ရွေးကောက်ပွဲကာလအတွင်းမီးဘေးလုံခြုံစေရန် ညှိနှိုင်း

**နတ်တလင်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနရှိ ရွှေပြည်စိုးခန်းမ၌ အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်တွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၂ အုပ်စုမှ အရန်မီးသတ်တပ်ခွဲမှူးများ၊ ဒုတိယတပ်ခွဲမှူးများနှင့် တပ်စုမှူးများသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မီးသတိမူရေး၊ ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်က အထွေထွေရွေးကောက်ပွဲမကျင်းပမီကာလ၊ ကျင်းပစဉ်ကာလ၊ ရွေးကောက်ပွဲလွန်ကာလတို့အတွင်း တစ်မြို့နယ်လုံး မီးဘေးကင်းဝေးစေရန်၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ နတ်တလင်းမြို့နယ်တွင် မဲရုံပေါင်း ၁၄၇ ရုံရှိရာ တစ်ရုံလျှင် အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးစီတာဝန်ချထားပြီး ကျန်တပ်ဖွဲ့ဝင်များကလည်း မိမိတို့နယ်မြေဒေသအတွင်း မီးလောင်မှုမဖြစ်ပေါ်စေရေးအတွက် မျက်ခြည်မပြတ်စစ်ဆေးဆောင်ရွက်သွားကြရန်၊ နှစ်စဉ်နှစ်တိုင်း မီးဘေးကြိုတင်ကာကွယ်ရေးများကို ဆောင်ရွက်ကြသော်လည်း ယခုနှစ်တွင် ပိုမိုအရေးပေးပြီးလုပ်ဆောင်ကြရန်၊ ဖြစ်ပြီးမှမီးငြိမ်းသတ်ခြင်းထက် မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များက မိမိတို့နယ်မြေများတွင် ဆောင်ရွက်ထားသောအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မီးသတ်ဦးစီးမှူးက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

(ဝ၇၁)

## မိုးစပါးပုလဲသွယ် ၁၀ ဧကစံပြစိုက်ခင်း စံကွက်ရိတ်သိမ်း



**တောင်တွင်းကြီး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး၏ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာ ကွင်းအမှတ်(၂၀၀၀)တောင်သူဦးကျော်ဆွေ၏ မိုးကောင်းသောက် မိုးစပါးပုလဲသွယ် ၁၀ ဧက စံပြစိုက်ခင်း၌ အောက်တိုဘာ ၁၈ ရက်က စံကွက်ရိတ်သိမ်းရာ တစ်ဧကအစို ၁၅၆ ဒသမ ၂၅ တင်း၊ အခြောက် ၁၄၃ ဒသမ ၆၅ တင်းထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိဦးထွန်းမြင့်က မိုးစပါးများရိတ်သိမ်းပြီးချိန်တွင် ထပ်မံစိုက်ပျိုးမည့်သီးနှံများ အချိန်မီစိုက်ပျိုးရေး၊ မတ်ပဲ၊ ကုလားပဲ၊ နေကြာသီးနှံစိုက်ပျိုးရေးနည်းစနစ်များကို ဒေသခံတောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၅၈၀)

# မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဘေး ရေဝင်နုန်းမြေများတွင် ဆောင်းသီးနှံစိုက်ပျိုးရန် ထွန်ရေးပြင်သည့်လုပ်ငန်းများစတင်



**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက်ရှိ ရေဝင်နုန်းမြေများတွင် ယခုနှစ်ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ထယ်ရေးများစတင်ဝင်ပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ချင်းတွင်းမြစ်ရေသည် နှစ် ၅၀ အတွင်း ထူးကဲစွာ မြင့်တက်ခဲ့ပြီးနောက် ပြန်လည်ကျဆင်းသွားပြီးနောက်ပိုင်းတွင် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တောင်သူများမှ ထယ်ရေးစတင် ဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

“အခုနှစ်ချင်းတွင်းမြစ်ရေက နှစ်ကြိမ်တောင် ပြန်ပြီးတက်ခဲ့တယ်။ တက်တဲ့အခါမှာလည်း ညွန်နှစ်တွေပါတဲ့အတွက် ချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက်မှာရှိတဲ့ စိုက်ပျိုးမြေတွေအတွက် အတော့်ကို ကောင်းသွားတယ်။ ရေကြီးတာက တချို့အပိုင်းတွေကို ဆိုးကျိုးတွေပေးပေမယ့် စိုက်ပျိုးရေးနဲ့ပတ်သက်ရင်တော့ အတော့်ကို အကျိုးပြုတာကိုတွေ့ရတယ်။ အခုနှစ် ရေကြီးပြီးတဲ့နောက်မှာ စိုက်ပျိုးမြေတွေမှာ မြေပြောင်းလဲသွားတာကို တွေ့ရတယ်။ ထွန်ယက်တဲ့နေရာမှာလည်း မြေညီသွားတဲ့အတွက် အတော့်ကိုကောင်းပါတယ်။ အခုကျွန်တော် စိုက်မယ့်မြေဆို ထယ်ရေးငါးကြိမ်ရှိပြီ။ နောက်နှစ်ရက်လောက်ဆို ထွန်ပြီးရင် စိုက်လို့ရပြီ။ ပြီးတဲ့နှစ်တွေဆို စိုက်ပြီး နှစ်လခွဲလောက်ဆို မြေခြောက်ပြီး သီးနှံအထွက်နှုန်းကို ထိခိုက်တယ်။

အခုနှစ်တော့ အဲဒီအခက်အခဲကို စိုးရိမ်စရာမလိုတော့ဘူး။ ဆောင်းမြေပဲအတွက် ရိတ်သိမ်းချိန်ပြီးရင်တောင် မြေကမခြောက်နိုင်သေးဘူး။ ဒီနှစ် မျိုးမြေပဲတစ်တင်းကို ငွေကျပ်၄၄၀၀၀ ဈေးပေါက်တယ်။ နောက်ပိုင်းဆိုဈေးနှုန်းက အတက်အကျရှိနိုင်တယ်။

ကျွန်တော်မြေက မနှစ်ကဆောင်းမြေပဲတစ်ဧကကို မြေပဲတောင့် တင်း ၈၀ လောက်ထွက်တယ်။ အခုအခြေအနေအတိုင်းဆို စိုက်ပြီးနောက်ပိုင်းမှာ ပိုးမွှားအန္တရာယ်မရှိရင်တော့ တင်း ၈၀ အထက်ထွက်နိုင်မယ်လို့ မျှော်မှန်းထားတယ်” ဟု မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ ချင်းတွင်းမြစ်ကမ်းဘေးရေဝင်စိုက်ပျိုးမြေတွင် စိုက်ပျိုးလျက်ရှိသော တောင်သူတစ်ဦးကပြောသည်။

ချင်းတွင်းမြစ်ကမ်းဘေးရှိ စိုက်ပျိုးမြေများတွင် ဆောင်းသီးနှံများအဖြစ် မြေပဲ၊ ပဲကြား၊ ကုလားပဲ ၉၂၉၊ ဗွီ-၂၊ ကန်စွန်းဥနှင့် ပဲစိမ်းစားဥ စသောသီးနှံများကို နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ပခုက္ကူမြို့သို့ KUBOTA M6040 SU လယ်ထွန်စက်သစ်တစ်စီးပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၂၀**

ရေဘေးသင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များ ဆောင်းသီးနှံ အချိန်နှင့်တစ်ပြေးညီ ပြန်လည် စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ၏ အဖွဲ့ဝင် အဖွဲ့ချုပ်ဖြစ်သော မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် AFFM မှ KUBOTA M6040 SU လယ်ယာထွန်စက်အသစ်တစ်စီးပေးအပ်ခြင်းကို အောက်တိုဘာ ၁၇ ရက်က ပခုက္ကူမြို့နယ် လက်ပံပင်ကုန်းကျေးရွာ ဦးရန်အောင်နေအိမ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သော မြို့ခင်းသာ၊ ရွာသာအေး၊ သံပရာပင်ကုန်း၊ သရက်ပင်စု၊ လက်ပံပင်ကုန်း၊ ရွှေဘေး၊ ရှားတော၊ ကျွန်းညို၊ ရွာသစ်၊ လယ်ယာအရှေ့စုကျေးရွာများရှိ ရေဘေးသင့်အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များမှာ သီးနှံများ အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

အခမ်းအနားတွင် Mr.Narushima က “ ဒီစက်ကြီးတွေကို ကျေးလက်ဒေသတွေမှာတစ်ဦးတစ်ယောက်ထဲ ဝယ်ယူသုံးစွဲဖို့ဆိုတာ သိပ်ပြီးမလွယ်ပါဘူး။ စိုက်ပျိုးသီးနှံတွေကလည်း ရာသီအလိုက် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်မှသာ သတ်မှတ်စံချိန်အထွက်နှုန်းပြည့်မီမှာ ဖြစ်ပါတယ်။ သီးနှံအထွက်တိုးအောင်မြင်ဖြစ်ထွန်းဖို့အတွက် နည်းပညာနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းတွေဟာ အရေးကြီးတဲ့အချက်တွေပါ။ ဒါ့ကြောင့် အပြန်အလှန်ကူညီပြီး စိုက်ပျိုးရေးလုပ်ငန်းတွေကို တစ်နှစ်ထက်တစ်နှစ်တိုးတက်အောင်မြင်ရေး လုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်”ဟု မှာကြားခဲ့သည်။

“လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းချိန်တွင် ကျွန်တော်တို့တောင်သူတွေ အနေနဲ့ လယ်ယာသုံးလယ်ထွန်စက် ဝယ်ယူဖို့အတွက် ငွေကြေးအခက်အခဲတွေဖြစ်နေချိန်မှာ အခုလို စက်ကြီးကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလယ်ထွန်စက်ကြီးကို ကျေးရွာတောင်သူများ အလှည့်ကျသုံးစွဲသွားမှာပါ”ဟု လက်ပံပင်ကုန်းကျေးရွာ ဦးစိန်မြင့်က ပြောပြသည်။

**ပခုက္ကူ(ခရိုင်ပြန်/ဆက်)**

## အလုပ်ရှင်အလုပ်သမားများအကြား အငြင်းပွားမှုပြဿနာများ လျော့နည်းစေရေးအတွက် ပညာပေးဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

အလုပ်ရှင်အလုပ်သမားများအကြား အငြင်းပွားမှုပြဿနာများ လျော့နည်းစေရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်က အလုပ်သမားရေးရာဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းဝင်းက မိမိဌာနနှင့်သက်ဆိုင်သည့် ဥပဒေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး လူမှုဖူလုံရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က လူမှုဖူလုံရေးဥပဒေအား ရှင်းလင်းတင်ပြပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စိစစ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်းဦးက မိမိဌာနနှင့်သက်ဆိုင်သည့် ဥပဒေများအား ရှင်းလင်းပြောကြားခဲ့သည်။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေအား ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် အလုပ်သမားများ တက်ရောက်ခဲ့သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## မြစ်ကြီးနားတွင် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းမှုအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်း

**မြစ်ကြီးနား အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ သင်တန်းကာလတစ်လကြာဖွင့်လှစ်သည့် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းအတတ်ပညာသင်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုက အမှာစကားပြောကြားပြီး မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းအတတ်ပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်အုန်းက သင်တန်းဆိုင်ရာများ၊ သင်တန်းထူးချွန်ဆုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးဌာနမှူး ဦးရန်မျိုးနိုင်တို့က သင်တန်းထူးချွန်ဆုများ၊ သင်တန်းရက်မှန်ဆုများကိုလည်းကောင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဝင်းခိုင်က သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းနည်းပြများအတွက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၉၉)

## တိုင်းရင်းဆေးဖြင့် ကျန်းမာရေး အခမဲ့ကွင်းဆင်းကုသ

**မိုးနဲ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်သို့ တောင်ကြီးမြို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ အေးသာယာဆေးရုံအုပ်ကြီး ဒေါ်အေးအေးသိန်း ဦးဆောင်၍ တောင်ကြီး၊ လွိုင်လင်၊ ပင်လုံ၊ လဲချားနှင့် မိုးနဲမြို့တို့မှ တိုင်းရင်းဆေးမှူးများ၊ ဒုတိုင်းရင်းဆေးမှူးများ လက်ထောက်တိုင်းရင်းဆေးမှူးများအဖွဲ့သည် မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်ထိ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများအား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ (အေးသာယာ) ဆေးရုံအုပ်ကြီးက မြန်မာ့တိုင်းရင်းဆေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့ပေါ် ငါးရပ်ကွက်၊ နားခံကျေးရွာ၊ ဆွမ်မရမ်းကျေးရွာ၊ ကတ်နောက်ကျေးရွာ၊ နောင်မြိုင်းကျေးရွာနှင့် မြို့အနီးတစ်ဝိုက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၃၂၀ အား အရိုး၊ အကြောပြင်၊ ဒူးနာ၊ ခါးနာ၊ ချောင်းဆိုး၊ ရင်ကျပ်ဝေဒနာရှင်များအား နွေးထွေးပျူငှာစွာဖြင့် ဆေးဝါးများကုသပေးခဲ့ပြီး လိုအပ်သောဆေးများအား အခမဲ့ပေးအပ်ခဲ့သည်။

ယင်းနေ့က ဆေးဝါးကုသမှုဆောင်ရွက်ရာတွင် အဆိုပါဆေးဝါးများ အခမဲ့ကုသရေးအဖွဲ့အား မိုးနဲမြို့ နမ့်ခုံးရှမ်းများပရဟိတအသင်းကလည်း အားဖြည့်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## သန်းခေါင်စာရင်းအချက်အလက်များဖြန့်ဝေ၍အသိပညာပေး

**လွိုင်လင် အောက်တိုဘာ ၂၀**

သန်းခေါင်စာရင်းသည် နိုင်ငံ၏လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုများ၏ ဝိသေသလက္ခဏာများရရှိနိုင်သည့်အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်ရာ နိုင်ငံ၏ သယံဇာတအရင်းအမြစ်များခွဲဝေခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များကို ပြန်လည်ဆန်းစစ်နိုင်ခြင်းစသည့်ကိစ္စများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သန်းခေါင်စာရင်းပါအချက်အလက်များကို အသုံးပြုခြင်းဖြင့် ပိုမိုအကျိုးရှိအောင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သန်းခေါင်စာရင်းအချက်အလက်များကို ဖြန့်ဝေပေးပြီး အချက်အလက်အသုံးချနည်း အသိပညာပေးမှုများအား နိုင်ငံအတွင်းဆောင်ရွက်နေခြင်းဖြစ်ရာ လွိုင်လင်မြို့နယ်တွင်လည်း ၂၀၁၄ ခုနှစ်ကကောက်ယူခဲ့သော သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် လွိုင်လင်ခရိုင် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးလှစိုးက သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းအား အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်ထိ သုံးရက်ပို့ချဆွေးနွေးသွားမည်ဖြစ်ပြီး နေပြည်တော်(ရုံးချုပ်)တွင် နည်းပြသင်တန်းတက်ရောက်ခဲ့ပြီးဖြစ်သော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်သွင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသိန်းနှင့် Capacity Building Initiative အဖွဲ့မှ ဦးစောရေမွန်တို့က ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှ သန်းခေါင်စာရင်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအရာရှိများ၊ လူမှုရေးအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်း ၆၅ ဦး တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**

## ကျောက်ခွဲစက်များ လုပ်ကိုင်လာသဖြင့် ဒေသခံများအဆင်ပြေ



**စစ်ကိုင်း အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များတွင် ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ နေအိမ်အဆောက်အအုံများနှင့် ကျေးလက်လမ်းတံတားများ ဖောက်လုပ်တည်ဆောက်လျက်ရှိသည်။ သက်ဆိုင်ရာ မြို့နယ်များတွင်လည်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများကလည်း လမ်းတံတားများ တည်ဆောက်လျက်ရှိသည်။ ယခုအခါ ဝန်းသိုမြို့နယ် မယ်ဇလီကျေးရွာ အုပ်စု မိဿလင်၊ ငါးရံ့ချောင်းကျေးရွာ၏ အနောက်ဘက်တွင် ကျောက်ကြမ်းများထွက်ရှိသည့် တောင်ကြောများတွင် ကျောက်ထုတ်လုပ်ခွင့်ရရှိသဖြင့် စီးပွားရေးလုပ်ငန်းရှင်များ ကျောက်ခွဲစက်လုပ်ငန်းများ လုပ်ကိုင်ကြရာတွင် အနီးဝန်းကျင်ရှိ ဒေသခံများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါကျောက်ခွဲစက်လုပ်ငန်းများ လုပ်ကိုင်ရာတွင် ၆×၉ အမျိုးအစား တစ်ကျင်းလျှင် ကျပ် ၁၅၀၀၀၊ ၂×၄ တစ်ကျင်းလျှင် ကျပ် ၁၈၀၀၀၊ ၁×၂ တစ်ကျင်းလျှင်ကျပ် ၂၅၀၀၀၊ ဘီအမျိုးအစားတစ်ကျင်းလျှင်ကျပ် ၃၅၀၀၀၊ ချည်ပင်ကျောက်အမျိုးအစား တစ်ကျင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး အဆိုပါလုပ်ငန်းတွင် လုပ်ကိုင်ကြသော ဒေသခံများမှာ ကျောက်မိုင်းခွဲအမျိုးသားတစ်ဦးလျှင် တစ်ရက်ကျပ် ၅၀၀၀၊ အမျိုးသမီးတစ်ဦးလျှင် တစ်ရက်ကျပ် ၂၅၀၀ မှ ၃၀၀၀ ရရှိသဖြင့် အနီးဝန်းကျင်ရှိဒေသခံများ အများအပြားလာရောက်လုပ်ကိုင်ကြသည်။

"ကျွန်တော်တို့ဒေသတွေမှာ မိုးစပါးတစ်ခုတည်းသာ စိုက်ပျိုးရတဲ့အတွက် မိုးစပါးရိတ်သိမ်းပြီးရင် မိသားစုအပိုဝင်ငွေရရှိမယ့် အလုပ်အကိုင်မရှိတော့ ကချင်ပြည်နယ် ဖားကန့်၊ တနိုင်းဒေသတွေမှာရှိတဲ့ ရွှေမှော်၊ ကျောက်စိမ်းမှော်၊ ပယင်းမှော်တွေမှာ သွားရောက်လုပ်ကိုင်ကြရပါတယ်။ လက်ရှိမှာ ကချင်ပြည်နယ်မငြိမ်းချမ်းတော့ အဲဒီဒေသတွေကို သွားရောက်လုပ်ကိုင်သူ မရှိသလောက်ဖြစ်နေတာပေါ့။ အခုဆိုရင် မိမိဒေသမှာ ကျောက်ခွဲစက်လုပ်ငန်းတွေ လုပ်ကိုင်ခွင့်ရတော့ လုပ်ငန်းရှင်လည်းအဆင်ပြေ၊ ဒေသခံတွေလည်း အခြားဒေသတွေမှာ အပိုဝင်ငွေရရှိမယ့်အလုပ်တွေ သွားလုပ်ဖို့ မလိုကြတော့ဘူးပေါ့" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

**စိုင်းလှမင်း**

## ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်စေရန် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာဘာသာရပ် ရက်တိုသင်တန်းဖွင့်လှစ်

**မြိတ် အောက်တိုဘာ ၂၀**

ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်စေရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မြိတ်) ရုံးခွဲမှူးကြီးမှူး၏ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာဘာသာရပ် ရက်တိုသင်တန်းကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက GRAND JADE ဟိုတယ်ခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျောက်စိမ်းနှင့် မြိတ်ခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းတို့က မြိတ်ဒေသ၏ ခရီးသွားလာမှုနှင့် ဟိုတယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ဟိုတယ်များမှ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေးအတွက် ပထမဦးဆုံးဖွင့်သော သင်တန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းတွင် အိမ်တော်ဖြူဟိုတယ်မှ မန်နေဂျာ ဦးမင်းဇော်က ဧည့်ကြိုဘာသာရပ် ခေါင်းစဉ်(၃၁)မျိုး၊ GRAND JADE ဟိုတယ်မှ မန်နေဂျာ ဒေါ်ခိုင်ဇာနွယ်က အစားအစာနှင့် ဧည့်ခံကျွေးမွေးရေးဘာသာရပ် ခေါင်းစဉ်(၃၁)မျိုးနှင့် GRAND JADE ဟိုတယ်မှ မန်နေဂျာ ဦးတင်မင်းရှိန်က ဧည့်ခန်းဆောင်ထိန်းသိမ်းရေးဘာသာရပ် ခေါင်းစဉ်(၄၈)မျိုးကို သင်တန်းသား ၇၈ ဦးအား နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ အောက်တိုဘာ ၁၉ ရက်မှ ၃၁ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းသား ၇၈ ဦးတွင် ဟိုတယ်များမှ ဝန်ထမ်း ၅၀ နှင့် စိတ်ဝင်စားသူ ၂၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြိတ်မြို့တွင် ဟိုတယ်ရှစ်လုံး အခန်း ၃၉၆ ခန်းရှိကြောင်း၊ မောတောင်နယ်စပ်ဂိတ်ဖွင့်လှစ်ခဲ့ပြီး ကျွန်းအပန်းဖြေအလည်အပတ်ခရီးများဖြင့် မြိတ်ဒေသသို့လာရောက်ကြမည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဟိုတယ်တွင် တည်းခိုနေထိုင်စဉ် စိတ်ကျေနပ်မှုရရှိစေရန် ဟိုတယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝပေးနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားခရီးသွားများအနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာထိ မောင်တောင်နယ်စပ်လမ်းမှ ၁၂၂၈၂ ဦး၊ အခြားလမ်းမှ ၂၆၃၉ ဦး လာရောက်လည်ပတ်ခဲ့ကြကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မြိတ်)ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မြိတ်(ပြန်/ဆက်)**






## မိုင်းဆတ်၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း အသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**မိုင်းဆတ် အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း အသိပညာပေးဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီက မိုင်းဆတ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မိုင်းဆတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဒေါနယ်သိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ရှင်းလင်းပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ အဓိက တာဝန်ယူလုပ်ဆောင်ကြရမည့် သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ သိရှိနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်နှင့် မဲရုံမှူးအနေဖြင့် မဲရုံတွင်ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန်လိုအပ်ကြောင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်သိရှိပြီး လုပ်ငန်း၏ရည်ရွယ်ချက်ကို သိမှသာ တာဝန်ကို တိတိကျကျဆောင်ရွက်နိုင်မည်ဖြစ်၍ သင်တန်းတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါလမ်းညွှန်ချက်များအတိုင်း ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရေး လေ့ကျင့်သင်ကြားသွားစေလိုကြောင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်တို့က သင်တန်းဆက်လက်ပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်ထိ နှစ်ရက်ကြာဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**



## မဲရုံတည်ဆောက်မှုပုံစံနှင့် မဲပေးမှု လက်တွေ့သရုပ်ပြသ

**မကွေး အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုမဲရုံမှူးများ မဲရုံတည်ဆောက်မှုပုံစံနှင့် မဲပေးမှု လက်တွေ့သရုပ်ပြပွဲကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက မကွေးမြို့ အ-ထ-က(၂) ကျောင်းဝင်းအတွင်းရှိ မဲရုံအမှတ်(၁)တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင် မဲပေးပုံအဆင့်ဆောင်ရွက်ရာတွင် မှားယွင်းမှုမရှိစေရေး၊ ပယ်မဲ၊ ခိုင်လုံမဲများ၊ မဲများ စနစ်တကျ ရေတွက်ပုံများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက လက်တွေ့သရုပ်ပြရှင်းလင်းခဲ့သည်။ ယင်းသရုပ်ပြပွဲသို့ မကွေးမြို့နယ်အတွင်းရှိ ရပ်ကျေးကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ ဒုမဲရုံမှူးများ၊ ရပ်/ကျေးဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ညီညီမောင်(မကွေး)**

## ငလဲနှင့် ပွင့်တောက်ကျေးရွာတို့အား မြစိမ်းရောင် စီမံကိန်းဝင် ကျေးရွာအဖြစ် သတ်မှတ်

**စေတုတ္တရာ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သဖြင့် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ရွာလုံးကျွတ်ပြောင်းရွှေ့ရသည့် ငလဲကျေးရွာနှင့် ပွင့်တောက်ကျေးရွာနေပြည်သူများ စားဝတ်နေရေး အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဆင်ပြေမှုရရှိစေရန် အဆိုပါကျေးရွာနှစ်ရွာအား မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာအဖြစ် သတ်မှတ်ထားသည်။

ကျေးရွာရွှေ့ပြောင်းခြင်းလုပ်ငန်းများပြီးစီးပြီး အခြေတကျဖြစ်ပါက မြစိမ်းရောင်စီမံကိန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပြန်သောသတင်းများအရ သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေပေးအပ်

**မိုးညို အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းမြင့်စိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဦးကျော်လင်းတို့က ကျီးပင်စုရွာ၊ စပါယ်မျှောင်ရွာ၊မိုးညိုလေး-ကိုးတောင်မရွာ ကျေးရွာသုံးရွာကိုတစ်ရွာလျှင် ငွေကျပ်သိန်း၃၀၀နှုန်းဖြင့် ကျပ်သိန်း၉၀၀အား သက်ဆိုင်ရာကော်မတီများထံသို့ လွှဲအပ်ခဲ့ကြောင်းသိရသည်။

**ဝ၇၁**

# လျှပ်စစ်မီးရ၍ မီးလင်းခြင်းအပြင် ဆက်စပ်လုပ်ငန်းများပါဆောင်ရွက်နိုင်

**ဂန့်ဂေါ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် မီးစက်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာမှ ၂၀၁၃ ခုနှစ် အောက်တိုဘာမှ စတင်ကာ လျှပ်စစ်မီးရောက်ရှိသဖြင့် ဒေသနေပြည်သူများသည် လျှပ်စစ်ဓာတ်အားကို အလင်းရောင်အတွက်သာမက ဆက်စပ်စီးပွားရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ဂန့်ဂေါဒေသတွင် ယောလုံချည်ခေါ် ဂန့်ဂေါစပါယ်ရှယ်လုံချည် (နံကြီး)၊ (နံငယ်) တို့ကို လက်ရက်ကန်းဖြင့် ရက်လုပ်လျက်ရှိကြရာမှ စက်ရက်ကန်းဖြင့် ပြောင်းလဲရက်လုပ်ရန် စီစဉ်ဆောင်ရွက်နေကြသူများ ရှိလာသည်။


"စက်ရက်ကန်းနှင့် ဆက်စပ်ပစ္စည်းတွေကို ဝမ်းတွင်းမြို့မှာဝယ်ပါတယ်။ လုပ်ငန်းဆောင်ရွက်နိုင်ဖို့အတွက်တော့ မန္တလေးမြို့ ဆောင်းဒါးသင်တန်းကျောင်းမှာ ပညာသင်ယူစေပါတယ်။ အခုစက်တွေဆင်နေပါပြီ။ အောက်တိုဘာလကုန် ရက်ပိုင်းလောက်မှာ စတင်ရက်လုပ်နိုင်မှာပါ" ဟု နိုင်ငံကျော် ယောလုံချည်အများဆုံး ရက်လုပ်သည့် ပျားကျေးရွာမှ ဒေါ်သန်းရီက လုပ်ငန်းဆောင်ရွက်မှုကို ပြောပြသည်။

အဆိုပါ စက်ရက်ကန်းစင်အတွက် ရက်ကန်းစက်တစ်လုံးတပ်ဆင်ရန် ငွေကျပ် ၂၅ သိန်း ကုန်ကျမှုရှိကြောင်းနှင့် လက်ဖြင့် ရက်လုပ်သည်ထက် ၁၀ ဆခန့် ပိုမိုမြန်ဆန်စွာ ရက်လုပ်နိုင်မည်ဖြစ်ကာ လုပ်အားခလည်း ပို၍ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ခြင်းမှာ ဂန့်ဂေါမြို့နယ်သို့ အဆက်မပြတ်လျှပ်စစ်မီးရောက်ရှိခြင်း၏ အကျိုးကျေးဇူးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**(၄၆၅)**





**တိုက်ခန်းရောင်းရန်ရှိသည်**
လှိုင်မြင်းမိုရ်အိမ်ရာ (မြေညီထပ်)
လှိုင်မြင်းမိုရ်လမ်းမကြီး၊ လှိုင်မြို့နယ်။
စီးပွားရေးလုပ်ရန် ကောင်းသည်။
ဆက်သွယ်ရန်ဖုန်း-၀၉ ၂၅၄၃၉၂၄၁

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ရဲခေါင်ကား ဒီအက်စ်တို တစ်ဖြစ်လဲ ဆိုရှယ်လစ်ကျောင်းသားအဖွဲ့အစည်းဖြစ်၏။ အင်အားကား ကြားနေကျောင်းသားများ၏ အဖွဲ့ဖြစ်သည်။ တပ်ဦးဟောင်းပြီးလျှင် အင်အားသည် အင်အားအတောင့်ဆုံးအဖွဲ့ဖြစ်၍ တပ်ဦးဟောင်းတို့ အကြောက်ဆုံးအဖွဲ့ဖြစ်လေသည်။

ကျောင်းဖွင့်၍ မကြာမီပင် ကျောင်းသားလှုပ်ရှားမှုများ စကြ၏။ ရှေးဦးစွာ ခရိုင်အသင်းများက ထကြသည်။ ကျောင်းသားနိုင်ငံရေးအဖွဲ့တိုင်းက ခရိုင်အသင်းများကို အပိုင်စီးနိုင်ရန် အပြင်းအထန်ကြိုးစားကြသည်။

ကထိကဆရာတစ်ဦးအနေနှင့် သက်ခိုင် မနှစ်သက်ဆုံးကား ခရိုင်အသင်းများ ဖြစ်ကြ၏။ ခရိုင်အသင်းဟူသည်မှာ တက္ကသိုလ်၌ လုံးဝမရှိထိုက်သော အသင်းမျိုးဖြစ်၏။

ရှေးအခါက လူမျိုးတစ်ရာ့တစ်ပါး အနွယ်တို့သည် တက္ကသီလာဒိသာပါမောက္ခထံ ရောက်လာကြသည်။ ထိုအခါ မင်းမျိုးသည် မင်း၏အသွင်ကို စွန့်ရသည်။ ပုဏ္ဏားမျိုးသည် ပုဏ္ဏား၏အသွင်ကို စွန့်ရသည်။ ကုန်သည်မျိုးသည် ကုန်သည်၏ အသွင်ကို စွန့်ရသည်။ လယ်သမားမျိုးသည် လယ်သမားအသွင်ကို စွန့်ရသည်။ တပည့်ဟူသော တစ်မျိုးတည်းအသွင်ကို ဆောင်ကာ ပညာကို ကြိုးစားသင်ယူကြရသည်။ ဒွန်းစဏ္ဍားအမျိုးပင် ဖြစ်လင့်ကစား ပညာချွန်လျှင် တပည့်ကြီးအရာကို ရ၏။ တစ်နည်းအားဖြင့် ပညာညောင်ညိုပင်ရိပ်တွင် လူတန်းစားခွဲခွင့်မရှိ။ ဝေသာလီ၊ ကောသလ၊ ဗာရာဏသီဟူသော ဒေသစွဲလည်း မရှိရ။ ပညာလောကမည်သည်ပရမတ်ဖြစ်သော စကြာဝဠာတည်း။ ဒေသဟူသည် ပညတ်မည်သော နွားခြေရာခွက်တည်း။

တက္ကသိုလ်၌ ခရိုင်အသင်းများနှင့် လူမျိုးစုအသင်းများကြောင့် စိတ်ဝမ်းကွဲကြသည်။ ဟိုခရိုင်က တပ်ဦးဟောင်း၊ ဒီခရိုင်က တပ်ဦးသစ်၊ အနီခရိုင်က အင်အား၊ အနှာခရိုင်က ရဲခေါင်စသဖြင့် ခရိုင်ချင်း ရန်သူဖြစ်ကြ၏။ တစ်ခရိုင်သားချင်းပင် မုန်းကုန်ကြသည်။ ပို၍ဝမ်းနည်းဖွယ်ကောင်းသည်ကား ခရိုင်အသင်းများ အရာရောက်လာသောအခါ ပညာအသင်းများ အလိုလိုပျောက်ကုန်သည်။ ပညာအသင်းဟူသည် ပညာကို လိုလားသူများ၏ အသင်းသာဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးအခြေခံအဖြစ် အားကိုး၍မရ။ ခရိုင်အသင်းတို့ကား မဲစုနိုင်ရာဖြစ်သောကြောင့် နိုင်ငံရေးအခြေခံအဖွဲ့များ ဖြစ်လာကြသည်။ ထို့ကြောင့်လည်း အရေးပါလာကြ၏။

ရေနံချောင်းသား ဆရာဖြစ်သော ကိုသက်ခိုင်သည် မကွေးခရိုင်အသင်း၏ နာယကအဖြစ် တင်မြှောက်ခံရသည်။ စိတ်မဝင်စားသော ကိုသက်ခိုင်က နာယကရာထူးကို ပယ်လိုက်၏။ သို့ရာတွင် ခရိုင်ဥက္ကဋ္ဌ၏ နာမည်ကမူ သူ့ရင်၌ ကျန်ရစ်သည်။ မောင်စောနောင်. . . ဟူသတည်း။

မောင်စောနောင်ကို တက္ကသိုလ်၏ စင်မြင့်များတွင် ကိုသက်ခိုင်သည် မကြာခဏ တွေ့ရတော့၏။

ထိုစဉ်က ကျောင်းသား နိုင်ငံရေးအဖွဲ့အစည်းများသည် သမဂ္ဂအမှုဆောင်ရာထူးအတွက် မိမိတို့ လျာထားသော အလောင်းအလျာကို ကျောင်းသား ကျောင်းသူတို့ သိအောင် ပွဲထုတ်ပြတတ်၏။

တစ်နေ့တွင် တပ်ဦးဟောင်း လက်အောက်ခံအဖွဲ့အစည်းတစ်ခုက စကားရည်လုပွဲကျင်းပပေး၏။ အကဲဖြတ်လူကြီးတစ်ဦးအဖြစ် အဖိတ်ခံရသောကြောင့် ကိုသက်ခိုင် သွားရသည်။

စကားရည်လုပွဲ၏ အခမ်းအနားမှူးအဖြစ် မောင်စောနောင်က ဆောင်ရွက်၏။

ချည်လုံချည် ကွက်ကျဲတိုတို၊ အောက်ခံအင်္ကျီအဖြူကော်လာနှင့်ပင်နီအထူစား အပေါ်ဝတ်အင်္ကျီတို့ကို ဝတ်ဆင်ထားသော မောင်စောနောင်သည် မကွေး၌ ကိုသက်ခိုင် တွေ့ခဲ့ဖူးသော မောင်စောနောင်၏ အသွင်အတိုင်းပင်ဖြစ်သည်။ လုံးဝခွဲမထားသောကြောင့် ရိုင်းရိုင်းနှင့် မသပ်မရပ်နိုင်သော ဆံပင်များကလည်း ယခင်အတိုင်းတည်း။ တစ်ခုသာ ပိုလာသည်။ ယခုအခါ မောင်စောနောင်သည် ကျွဲကော်ကိုင်း အထူစား မျက်မှန်ကြီးကို တပ်ထား၏။

စကားရည်လုပွဲ၏ အခမ်းအနားမှူးသည် သူ့ပင်ကိုအရည်အသွေးနှင့် သူ့အာဝဇ္ဇန်းကို အစွမ်းကုန်ပြနိုင်သည်။ ထောင်နှင့်ချီရှိနေသော ကျောင်းသားများအလယ်တွင် သူကားတစ်လူဟု ကြက်မင်းဖြစ်ကြောင်း အမောက်ထောင်ပြနိုင်၏။

သို့ရာတွင် မောင်စောနောင်ကမူ တည်ငြိမ်ခံ့ညားစွာနှင့် စကားရည်လုပွဲကို ထိန်းယူသွား၏။ အမူအရာမလွန် စကားပို မသုံးသော်လည်း ဣန္ဒြေရှိသော သူ့ကို ပရိသတ်က သဘောကျနေ၏။ သူမတ်တတ်ထတိုင်း အဆိုရှင်အချေရှင်များ ထက်ပို၍ ဩဘာသံရ၏။

စကားရည်လုပွဲအပြီး၌ မောင်စောနောင်က ကိုသက်ခိုင်ကို လာနှုတ်ဆက်၏။

"ဆရာ့အိမ် ကျွန်တော်လာမလို့ပဲ ဆရာ။ ဒါပေမယ့် ကျောင်းရောက်စ အလုပ်များနေတာမို့. . ."

အင်းပေ့လေ. . . အားတဲ့အခါ လာပေ့။ ဒါထက် မောင်စောနောင်ဘယ်ကျောင်းဆောင်မှာ နေသလဲ"

"ကျွန်တော် ကျောင်းဆောင် မနေနိုင်ပါဘူး ဆရာ။ ဗောဓိကုန်းထဲမှာ နေပါတယ်"

ကိုသက်ခိုင်က ဘာမျှ မပြောဘဲ "သြော် သြော်. . ." ဟုသာ ဆိုပြီး မောင်စောနောင်ကို စိုက်ကြည့်၏။

အမှန်မှာ မောင်စောနောင် ကျောင်းဆောင်၌ မနေသည်ကို မသိသော်လည်း ကျောင်းမှန်မှန်မတက်ကြောင်းကိုမူ ကိုသက်ခိုင် သိပြီးဖြစ်၏။

ခုံနံပါတ်များကို စစ်ကြည့်သောအခါက မောင်စောနောင်သည် မိမိ၏ ဘာသာတွဲကို ယူထားကြောင်း ကိုသက်ခိုင် တွေ့ရသည်။ သို့ရာတွင် အတန်း၌ သူ့ကို တစ်ခါမျှ မမြင်မိ။ သို့ရာတွင် တက္ကသိုလ်ကျောင်းဝင်းအတွင်းနှင့် သမဂ္ဂအဆောက်အအုံတွင်မူ သူ့ကို အစဉ်တွေ့ရ၏။

အတန်ကြာမှ ကိုသက်ခိုင်က ရယ်ပြီး ဆို၏။

"အင်းလေ. . . အားတဲ့အခါ ဆရာ့အိမ် လာလည်ပါဦး။ ပြီးတော့ ဆရာ့အတန်းကိုလည်း တစ်ခါတလေ လာလည်ပါကွယ်"

မောင်စောနောင်ကလည်း ရယ်၏။

"အတန်းမတက်နိုင်တာတော့ တောင်းပန်ပါတယ် ဆရာ။ ကျွန်တော်က အလွတ်ပညာသင်ကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာလည်း လုပ်နေရလို့ပါ။ သမဂ္ဂရွေးကောက်ပွဲ ပြီးရင်တော့ ကျွန်တော် ကျောင်းမှန်မှန် တက်ပါ့မယ်"

မောင်စောနောင်ကို နှုတ်ဆက်ပြီး ကိုသက်ခိုင်သည် အိမ်ဆီသို့ တစ်ယောက်တည်း လမ်းလျှောက်ပြန်လာခဲ့သည်။

မကွေး၌ ကျန်ရစ်သည့် ကိုယ်တစ်ခြမ်းသေကာ မျက်လုံးကွယ်နေသော မောင်စောနောင်၏ ဖခင်ကို သတိရမိသည်။ မုန့်ဟင်းခါးသည် မိခင်ကိုလည်း မြင်ယောင်လာ၏။ ထို့နောက်ဟီး(လ်)မင်းကားပေါ်မှ မောင်စောနောင်၏ အစ်မဆရာဝန် အပျိုချောကိုလည်း အမှတ်ရမိပြန်၏။

ကိုသက်ခိုင်သည် သူ့ကိုယ်သူပင် အမျိုးအမည်မသိသော အပြုံးတစ်ရပ်ကို ပြုံးမိလေသည်။

ငွေကားဖြူပေါ်မှ ရွှေဝါရည်ဝင်းသည့် သူ့အစ်မကိုလည်း သူက ဝမ်းနည်းပန်းနည်း သတိရမိပြန်သောကြောင့် ဖြစ်သည်။

မန်းမြို့တော်၌ မနေဖူးသူတို့က မန္တလေး၏နွေကို ကြောက်မက်ဖွယ်ပူပြင်းသည်ကဲ့သို့ ဆိုကြ၏။ အမှန်မှာ မန်းမြို့၏ အညာနွေသည် မပူပြင်း။ နေ့ဆိုလျှင် ရှစ်ခွင်တိုင်းက အုံ့မှိုင်း၍ မှောင်ရီနေတတ်သည်။ သူရိယဖန်ရဟတ်၏ အပူဓာတ်က မကဲနိုင်။ ညအခါဆိုလျှင်ကား ဆီးငွေရည်စို့စို့နှင့် ချမ်းလို့ပင်နေတတ်သည်။

မန္တလေး၌ တကယ်ပူပြင်းသည့်လများကား ဇွန်နှင့်ဇူလိုင် မိုးသားများအတွင်း၌သာ ဖြစ်၏။ လေပြင်းသာလာသည်. . . မိုးက မပါ။ နေကပြင်း၍ အပူက လွန်သည်။

ထိုလများအတွင်းတွင်ပင် မန္တလေးတက္ကသိုလ်နယ်မြေသည်လည်း အပူဆုံး. . . အဆူဆုံး ဖြစ်သည်။

သမဂ္ဂရွေးကောက်ပွဲအချိန် နီးလာသောကြောင့် ညစဉ်လိုလို မဲဆွယ်တရားပွဲများ ရှိ၏။ အသံချဲ့စက်သံများက အားမနာတမ်း ညံသည်။ တစ်ဖွဲ့၏ တရားပွဲကို တစ်ဖွဲ့က နှောင့်ယှက်ပြီး တစ်ဦး၏ဟောပြောသံကို တစ်ဦးက လှောင်ပြောင်သရော်သည်။

သံချပ်သံ၊ ဒိုးပတ်သံ၊ ကြွေးကြော်သံ၊ ကလော်သံ၊ နှံ့သံများကလည်း ဝေစည်၏။ ကျောင်းဝင်းအတွင်းရှိ နံရံဟူသမျှမှာလည်း ပိုစတာများနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေ၏။ ဗဟိုစာသင်ဆောင်ကြီး၏ ပတ်လည် လမ်းတစ်လျှောက်၌လည်း နိုင်ငံရေးကာတွန်းပန်းချီကားများကို အစီအရီ ထောင်ထားကြ၏။

လုံချည်တိုတို၊ မျက်မှန်ထူထူ၊ ဆံပင်ရိုင်းရိုင်းနှင့် ကျောင်းသားတို့က စာရွက်စာတမ်းမျိုးစုံကို ဝေကြသည်။ ထဘီတိုတို၊ အင်္ကျီလက်ပြတ်၊ မျက်နှာထားတင်းတင်းနှင့် ကျောင်းသူများကလည်း သူတို့၏ မောင်ကြီးများကို ကူကြရှာသည်။

စာသင်တန်းတစ်ခုပြီးတိုင်း ခေါင်းလောင်းသံနှင့်အတူ အသံချဲ့စက်များက အပြိုင်အော်မြည်ကြသည်။ တက္ကသိုလ်၏ သင်္ကေတအသံသည် ခေါင်းလောင်းသံလော. . . အသံချဲ့စက်သံလော ခွဲခြားမသိနိုင်။ တက္ကသိုလ်၏ သရုပ်သည် စာကြည့်တိုက်မှ စာအုပ်လော. . . သမဂ္ဂမှ ဖယောင်းစက္ကူကြေညာချက်လော မကွဲပြားနိုင်။

ပညာပတ်ဝန်းကျင်ဟူသည်ကား မရှိ။ နိုင်ငံရေး ပတ်ဝန်းကျင်ကား အပြည့်ရှိနေသည်။

တက္ကသိုလ်ဆရာများက မျက်နှာငယ်တို့နှင့် ခေါင်းငိုက်လျှောက်ကြရခိုက် မြို့တွင်း မြို့ပြင်မှ နိုင်ငံရေး ဆရာ့ဆရာကြီး တို့က ကျောင်းသားများနှင့်ရောကာ ပြောင်ပြောင်ပင် ရင်ကော့ လမ်းသလားကြသည်။

မိုးမဲ့သော ဇွန်၊ ဇူလိုင်၌ ချွေးတလုံးလုံးနှင့် ဖြစ်နေကြသောကြောင့် ချွေးနှင့် အေးကာ ကျောင်းသားတို့ မပူကြဟန် ရှိလေတကား။ ဆရာတို့၏ ရင်မှာသာ ပူလောင်၏။

ကိုသက်ခိုင်တစ်ယောက်ကမူ သူတို့အားလုံးကို အဘိဓမ္မာဆန်စွာ ကြည့်ပြီး အေးအေးလူလူ တယောတီးနိုင်၏။ ရွေးကောက်ပွဲညဉ်၌ တက္ကသိုလ် တစ်မြေလုံး ခြိမ့်ခြိမ့်သဲ ဆူညံနေ၏။ အစွန်အဖျားကျသည့် ကိုသက်ခိုင်၏ အိမ်ဆီတွင်မူ နားအနည်းငယ် သက်သာ၏။

ကိုသက်ခိုင်က တယောတီးနေသည်။ ကိုသက်ခိုင်၏ မိတ်ဆွေ လူပျိုကြီးကထိက ဦးခင်ဦးလှိုင်က 'စံပယ်'သီချင်းကို ဆိုနေ၏။

ကိုခင်ဦးလှိုင်က သီချင်းကို ဆိုရုံသာဆိုသည် မဟုတ်။ ဖြူဖြူနုသော စံပယ်နှင့် သန့်သန့်စင်သော ဆယ်ကျော်နှစ်တို့ကို အလှချင်းအဘယ်ကြောင့် နှိုင်းအပ်ပုံကိုလည်း အနက်ဖွင့်ပြဆို ရှင်းလင်းလေ၏။

ထိုအခိုက်တွင်ပင် ဖြူဖြူနုသော စံပယ်ပျိုစင်တစ်ဦးသည် အခန်းဝ၌ ရပ်လာလေ၏။ ဆယ်ကျော်နှစ်မူမကပါ။ သို့ရာတွင် စံပယ်နှင့်မူ နှိုင်း၍မမှား၊ မမှား။

ကိုသက်ခိုင်သည် တယောကို ရပ်လိုက်ပြီး မော့ကြည့်မိ၏။

"သြော်. . . မမြင့်ဝေ"

မမြင့်ဝေသည် ကြည်လင်ချိုသာစွာ ပြုံးလိုက်၏။ သူ့ပင်ကိုဟန်အတိုင်း လွတ်လပ်ပေါ့ပါးစွာနှင့် အခန်းတွင်းသို့ ဝင်လာပြီး ကုလားထိုင်တစ်လုံးပေါ်၌ဝင်ထိုင်၏။ ထို့နောက် မျက်တောင်ကော့များကို အသာအယာ ပင့်လှန်ပြီး ညင်သာစွာ ဆို၏။

"ဆရာကို ဒုတိယအကြိမ်အဖြစ် မမြင့်ဝေလာ နှောင့်ယှက်မိနေပြန်ပြီလား မသိဘူး ဆရာ"

ကိုသက်ခိုင်က လျှင်မြန်စွာ ငြင်းမိ၏။

"အို. . . မဟုတ်ပါဘူး။ မမြင့်ဝေ. . . တစ်နေ့ ရောက်လာမယ်ဆိုတာ ဆရာသိနေပါတယ်။ မမြင့်ဝေကိုလည်း ဆရာမျှော်လင့်နေပါတယ် မမြင့်ဝေ"

မမြင့်ဝေနှင့် ကိုသက်ခိုင်သည် တစ်ဦး၏ မျက်လုံးများကို တစ်ဦးစိုက်ကြည့်နေမိကြသည်။

မည်သို့ သဘောပေါက်သွားသည် မသိ။ ကိုခင်ဦးလှိုင်သည် နေရာမှ ထ၏။

"သြော်. . . ကိုသက်ခိုင် စကားပြောစရာရှိ ပြောကြဗျာ။ ကျွန်တော်တော့ ရာဇတ်ဟော(လ်)သွားပြီး မဲအရေအတွက် ကြည့်လိုက်ဦးမယ်။ တပ်ဦးပဲနိုင်မှာက ကိန်းသေနေပါတယ်"

ကိုခင်ဦးလှိုင်သည် မမြင့်ဝေကိုပါ ခေါင်းညွတ် နှုတ်ဆက်လိုက်ပြီး ဝဖြိုးသော သူ့ခန္ဓာကိုယ်နှင့် မလိုက်အောင် လျှင်မြန်စွာ ထွက်ခွာကွယ်မြန်းသွား၏။

ကိုသက်ခိုင်က သက်ပြင်းရှိုက်ပြီး မမြင့်ဝေကို ကြည့်သည်။ မမြင့်ဝေကလည်း သက်ပြင်းရှိုက်၍ ပြုံးပြီး ကိုသက်ခိုင်ကို ကြည့်သည်။

ကိုသက်ခိုင်က တည်ကြည်စွာ မေးသည်။

"မမြင့်ဝေ. . . မောင်စောနောင်ကို တွေ့ပြီးပြီလား"

မမြင့်ဝေက ခေါင်းခါပြီး ဖြေ၏။

"ဗောဓိကုန်းထဲမှာ သူနေတယ်ဆိုလို့ မမြင့်ဝေ နှစ်ခေါက်တောင် သွားရှာပါတယ် ဆရာ။ မတွေ့ခဲ့ရပါဘူး။ ရှောင်သူတစ်ယောက်ကို ရှာသူက မမိနိုင်ပါဘူး ဆရာ"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**အထက(၅)ဗိုလ်တထောင်(၁၉၈၀-၈၁-၈၂)Batch၏**

**"အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ" ဖိတ်ကြားလွှာ**

သူငယ်ချင်းတို့ရေ-ကိုယ်တို့ကို ပညာသင်ကြားပေးခဲ့တဲ့ ဆရာ၊ ဆရာမ (၃၃)ဦးတို့ကို စတုတ္ထအကြိမ်မြောက် ကာယကံမြောက်စွာ ထိခြင်းငါးဖြာနဲ့ ကန်တော့နိုင်ဖို့ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် (စနေနေ့)၊ ညနေ ၃း၀၀-၅း၀၀နာရီ၊ M-3 Food Centreမှာ ကျင်းပရန် စီစဉ်ထားပြီးဖြစ်တဲ့အတွက် ငယ်သူငယ်ချင်းအားလုံး ပါဝင်ကျေးဇူးဆပ်နိုင်ရန် သတိတရခင်မင်စွာ အသိပေးဖိတ်ကြားအပ်ပါသည်။ ဒါ့အပြင် မတွေ့ရတာ ကြာပြီဖြစ်တဲ့ ဒို့တစ်တွေ စကားလက်ဆုံကျနိုင်အောင် "မိတ်ဆုံစားပွဲ"ကိုလည်း ပူဇော်ပွဲအပြီးတစ်ဆက်တည်း ညနေ ၆ နာရီမှာ စီစဉ်ထားပါတယ်။ "မိတ်ဆုံစားပွဲ" အစီအစဉ်ကို တစ်ဦးချင်းငွေမကောက်ခံဘဲ၊ စေတနာရှင် သူငယ်ချင်းများမှ စုပေါင်းကျခံပြုစုမှာဖြစ်ပါတယ်။ ကျေးဇူးရှင် ဆရာ၊ ဆရာမများအတွက် ကုသိုလ်အလှူငွေကို ဖော်ပြပါသူငယ်ချင်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် သူငယ်ချင်းတို့။

| | | | |
|---|---|---|---|
| ဦးအောင်ဇော်မြင့် | - ၀၉-၅၁၉၈၉၆၆ | ဒေါ်မိုးမိုးဦး | - ၀၉-၅၅၀၀၇၄၇ |
| ဦးစိန်တိုး | - ၀၉-၂၅၄၁၂၇၁၆၉ | ဒေါ်ဆွေဆွေမောင် | - ၀၉-၅၅၀၁၁၇၇ |
| ဦးကျော်သူဆွေ | - ၀၉-၅၁၈၆၆၇၄ | ဒေါ်ချိုချိုထွန်း | - ၀၉-၅၄၀၅၉၂၃ |
| ဒေါက်တာအောင်ခိုင် | - ၀၉-၅၁၂၉၅၆၀ | ဒေါ်လွင်လွင်မော် | - ၀၉-၇၃၂၅၀၅၇၄ |
| ဦးသော်တာ | - ၀၉-၅၁၅၇၅၆၇ | ဒေါ်မြင့်မြင့်သန်း | - ၀၉-၄၃၀၅၇၅၅၃ |

ကျင်းပရေးကော်မတီ



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တူညီဝတ်စုံချုပ်လုပ်သည့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးတွင် လာရောက်ဝယ်ယူနိုင် ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၁၁-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးသို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ပြည်နယ်မီးသတ်ဦးစီးဌာန
ရှမ်းပြည်နယ်
ဖုန်း-၀၈၁-၂၁၂၁၆၇၁/၂၀၆၈၁၀



**မြင့်မြတ်** အမှတ်တံဆိပ် **အမွှးပြေဆေး**

ခေါင်းယားခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံ့ဆဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-TMR 011342 (0118)

ပင်ရင်း-မကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း-၀၉၇၃၂၁၁၀၆၁၊ ၀၉၇၃၁၉၇၅၂၄၊ ၀၉၇၃၀၄၅၁၁၉



EPS - TOPIK Yay Set Group since 2009

Programming & Computer နည်းပညာ သင်တန်းများ ကိုရီးယားမှာ ဖိုက်ဆက်ရှင့်

ကိုရီးယား တွင်အလုပ် လုပ်နေသူများ လစာ တစ်လ ၁၈ သိန်းကျော်ရရှိနေပါပြီ၊

ကိုရီးယား ဘာသာ စကား စာမေးပွဲ အောင်မြင်သူများ ဒီသင်တန်းတွင်လာတတ်ကြပါသည်

ကိုရီးယား နိုင်ငံ တက္ကသိုလ် တွင်ကျောင်းတတ်ခဲ့သူ ကိုရီးယား တွင်အလုပ် လုပ်ခဲ့သူ

ကိုရီးယား ဘာသာဖြင့် ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ဘွဲ့ရခဲ့သူ က

ကိုရီးယား အလုပ်ဝင် စာမေးပွဲကို ယုံကြည်ချက်ရှိရှိ ဖြေဆိုနိုင်ရန် ကိုယ်တိုင် သင်ကြားပေးနေပါသည်၊ နယ် က လာသူများကို နေစရာ အခမဲ့ ပေးမည်၊

Hot Line 09 421170193 , facebook.com / yaysetgroup



**တိုက်ရောင်းရန်ရှိသည်**

RC(၃)ထပ်၊ ရေ၊ မီး၊ စုံ

မျက်နှာပွင့် ၁၈ပေ၊ နောက်အရှည် ၁၂၅ပေ၊ အမှတ်(၁၈၇)၊

၈၃×၈၄လမ်းကြား၊ ၂၉-လမ်း၊ အရှုပ်အရှင်းမရှိ၊

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ စုံစမ်းရန် ဖုန်း-၀၉-၂၀၁၀၇၇၁

## နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၃ ရွာအနက် ဥယျာဉ်၊ ကဒတ်ဖြာ၊ ပြည်တော်သာ၊ စိကုန်း၊ ပုဂံတောင်၊ မဂ်လွန်း၊ ပေါက်တော၊ ညောင်ဝိုင်း၊ ရုံးသပြေကန်ကျေးရွာတို့၏ မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို အောက်တိုဘာ ၁၃ ရက်က သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ကျဝန်ထမ်းများမှ ကွင်းဆင်းကြည့်ရှု၍ ကျေးရွာမြစိမ်းရောင်ကော်မတီ၏ စာရင်းဇယားများထားရှိမှုအား ကျေးရွာအရောက် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ကျေးလက်)**

## ခိုင်းနွားများထက် အသားထုတ်ရန်အတွက်သာအရောင်းအဝယ်ဖြစ်

**နွားထိုးကြီး အောက်တိုဘာ ၂၀**

နွားဈေးကွက်များတွင် ခိုင်းနွားများထက် အသားထုတ်လုပ်ရေးအတွက် နွားပေါက်၊ နွားငယ်များ၊ နွားလတ်များသာ အရောင်းအဝယ်အဓိကဖြစ်နေကြောင်း နွားဝယ်ရောင်းသူများက ပြောသည်။ နွားထိုးကြီးနွားဈေးတွင် တစ်နှစ်လျှင် ကျပ် ၃၅၀ သိန်းဖြင့် လေလံလုပ်ပိုင်ခွင့်ရရှိပြီး နောက်ပိုင်းတွင် ယင်းနွားဈေး၌ နွားအရောင်းအဝယ် စည်ကားလာကြောင်း လေလံပိုင်ရှင်က ပြောသည်။

"ကျပ်လေးသိန်း၊ ငါးသိန်းတန် နွားငယ်၊ နွားလတ်တွေသာ နွားဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေပါတယ်။ ကျပ် ၁၀ သိန်း၊ ၁၅ သိန်းတန်နွားကောင်း၊ နွားလှတွေက အရောင်းအဝယ်မဖြစ်ဘူးဖြစ်နေပါတယ်" ဟု အရောင်းအဝယ်လုပ်သူတစ်ဦးကပြောသည်။

မြင်းခြံနွားဈေး၊ ပုလိပ်နွားဈေး၊ မြို့သာနွားဈေး၊ ကူမဲနွားဈေး၊ နွားထိုးကြီးနွားဈေးများဖြင့်သာ နွားအရောင်းအဝယ်ရှိပြီး အသားထုတ်လုပ်ရေးအတွက်သာ နွားပေါက်၊ နွားငယ်၊ နွားလတ်များသာ အဓိကရောင်းဝယ်နေကြောင်း နွားဈေးကွက်အခြေအနေကို ပြောသည်။ ယခုနောက်ပိုင်းတွင် နွားအရောင်းအဝယ်ပါးနေ၍ နွားဈေးများအလုပ်မဖြစ်ရာမှ ယခုမိုးကျပြီးနောက်ပိုင်းတွင် နွားဈေးကွက်များ နွားအရောင်းအဝယ်ပြန်လည် ဦးမော့လာခြင်းဖြစ်၍ ဒေသခံနွားများ အရောင်းအဝယ်ဖြစ်လာသည်။

**ဌေးမြင့်မောင်**



## ကျွန်းလှမြို့နယ်တွင် ယာသီးနှံများ အထွက်နှုန်းလျော့ကျ



**ကျွန်းလှ အောက်တိုဘာ ၂၀**

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ပြီး ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယခင်နှစ်ကမစိုက်ပျိုးရသည့် လယ်မြေများ စိုက်ပျိုးရသော်လည်း ယာသီးနှံဖြစ်သည့် ပြောင်း၊ မိုးမြေပဲ၊ ပဲစင်းငုံတို့မှာ အထွက်နှုန်းမကောင်းကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အရှေ့ခြမ်းနှင့် အနောက်ခြမ်းကျေးရွာများတွင် စပါး၊ ပြောင်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲအမျိုးမျိုး၊ နှမ်းသီးနှံတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

"ပြောင်းဖူးတွေကို အောက်တိုဘာလဆန်းပိုင်းမှာ ချိုးယူကြပြီး အိမ်ကိုသယ်၍ အခွံခွာကြပါတယ်။ အရင်နှစ်ကတော့ ပြောင်းတစ်ဧကတင်း ၆၀ မှ ၇၀ ထွက်ရှိပေမယ့် အခုနှစ်မှာ ပြောင်းခင်းတွေ ရေနင်းသွားပြီး အရည်အသွေးမကောင်းတဲ့ ပြောင်းဖူးသာ ချိုးရပါတယ်။ တစ်ဧကတင်း ၂၀ မှ ၂၅ သာ ထွက်ရှိပါတယ်"ဟု ထန်းပင်ကုန်းကျေးရွာနေ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော် စီပီပြောင်း ၁၀ ဧကစိုက်ထားပါတယ်။ ဒီနှစ်အထွက်နှုန်းမကောင်းတော့ တင်း ၂၀၀၊ ၂၅၀ လောက်ရမယ်လို့ ခန့်မှန်းထားပါတယ်။ ပြောင်းတစ်ဧကကို မျိုးဖိုး၊ စက်ခုတ်ခ၊ စိုက်ခ၊ ပေါင်းသင်ခ၊ အလုပ်သမားခ ငွေကျပ် ၉၀၀၀၀ ခန့်ကုန်ကျပါတယ်။ အခုပွဲရုံပေါက်ဈေး ပြောင်းဆန်တစ်တင်းကျပ် ၆၈၀၀၊ ကျပ် ၇၀၀၀ ရှိပေမယ့် အထွက်နှုန်းမကောင်းလို့ ပြောင်းစိုက်တောင်သူတွေ မျိုးဖိုးသာရရှိပါတယ်"ဟု ၎င်းကထပ်မံပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီများနှင့် တွေ့ဆုံ

**ပွင့်ဖြူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီများနှင့် ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များအား တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီခွဲက ပွင့်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ရဲမှူးကြီးလူလူသန်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်ဦးဆွေက ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေအား ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ရဲမှူးအောင်ဆန်းမြင့်က မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ထားရှိမှုတို့အား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် စလင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် အတွင်းရေးမှူး ရဲမှူးခင်မောင်ရှိန်တို့က စလင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေတို့အား ရှင်းလင်းတင်ပြခဲ့ကြသည်။ ယင်းနောက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးနိုင်ဦးက ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့၏ မဲရုံများ၌ လုံခြုံရေးထားရှိခြင်းနှင့်ပတ်သက်၍ဆွေးနွေးခဲ့သည်။

လုံခြုံရေးစီမံချက်ရေးဆွဲထားသော်လည်း ရပ်ကျေးလုံခြုံရေး စီမံခန့်ခွဲရေးကော်မတီများမှတစ်ဆင့် လူတိုင်းနားလည်အောင် ပြည်သူများအား အသိပညာများပေးထားနိုင်လျှင် ကောင်းမွန်မည်ဖြစ်ကြောင်း၊ ဆန္ဒမဲလက်မှတ်များအား မြို့နယ်များသို့ရောက်ရှိသည်မှ ကျေးရွာများသို့ပေးပို့သည့်အခါ လုံခြုံရေးသတိဖြင့် ဂရုစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ စေ့စပ်ညှိနှိုင်းရေးအဖွဲ့လည်းထားရှိဆောင်ရွက်စေလိုကြောင်း၊ လုံခြုံရေးအရ ကြိုတင်ဇာတ်တိုက်မှုများ ရွေးကောက်ပွဲမကျင်းပမီဆောင်ရွက်ထားစေလိုကြာင်း စသည်ဖြင့် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးနိုင်ဦးက မှာကြားခဲ့သည်။

**သန်းနိုင်ဦး(ဇဖဲ)**

**Asia Top 0943164118,09421099574,098635520**

အင်းလေးဖောင်တော်ဦးဘုရားပွဲတော်နှင့် အင်းလေးကန်ဘုရားဖူး တောင်ကြီး၊ ပင်းတယ၊ ကဲ့လုံ၊ ကလော၊ ထမ်စမ်း၊ မွေတော်ကက္ကူ Guest Package 65000

ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Hotel Package 60000

ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ Guest Package 100000

မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000 Oct 16,23,27,30

ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်

**ရေစက်နာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)**

အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ ပင်းတယ၊ တောင်ကြီး၊ ကက္ကူ၊ ထမ်စမ်း(၄)ရက် (Oct 23/27)

ပုဂံ (စွယ်တော်လေးဆူ)၊ ပြည့်ငါးပြည့်၊ ပုပ္ပါး(၄)ရက် ✧ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း(၄)ရက်

မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၃)ရက်။ ✧ ဆက်၍-ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ (၆)ရက်

ကားမျိုးစုံစီးလုံးငှားရမ်းနိုင်ပါသည် သီတင်းကျွတ်ပွဲတော်အထူးခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ အပတ်စဉ်-သောကြာ

၂၀၆ (ပထပ်)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း(ဘိုးအိမ်ရုံးအနီး) 01-392704, 09 73017110, 09 5066657

**ရွှေနဂါး**

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ကားခေါ်သည်/စရိတ်ငြိမ်း

Ph: 209077, 209388


**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထကသရက်ကုန်းကျောင်း၊ ဒသမတန်း(B)တွင် ပညာသင်ကြားနေသော မအေးသန္တာ၏ ဖခင်အမည်မှန်မှာ ဦးဖိုးသန်းဖြစ်ပါသည်။

ဦးဖိုးသန်း [၇/ကဝန(နိုင်)၁၁၄၅၂၀]

**ကွန်ပျူတာပုရောဟိတ်**

ကြိုစက္ကဓာတာအားစစ်ဆေးနိုင်သည့်တခုတည်းသောကွန်ပျူတာ



ကလေးဇာတာ၏အားကြီးသောဂြိုဟ်နံများဖြင့်လုပခေတ်မီနာမည်လေးများ(၁၈၀)ကျော် နာမည်များနှင့်အတူတသက်တာဇာတာစစ်ဟောစာတမ်း(၃၆)မျက်နှာ အိမ်ထောင်ရေးစီးပွားရေးကျန်းမာရေးပညာရေးစိတ်နေစိတ်ထားအကျင့်စရိုက် ကလေးတသက်တာအချိန်ကာလအပိုင်းအခြားအလိုက်ဟောကိန်းများ အဆောင်ယတြာများ/အမြင့်တန်းသို့တိုးတင်ပေးထားသောနာမည်များဖြစ်ပြီး ပယောဂသမ္ဘတိုက်/ဘဏ်/ဂိရိယ/သတိများထုံးချွန်ထက်မြက်ပြီးအောင်မြင်စေရမည် ရောင်စုံအလှအခန့်မင်္ဂလာကြိုစက္ကဓာတာနှင့်ကင်ပွန်းတပ်ချိန်နှင့်ရက်များ လာရွေး/နိုင်ငံခြားemail၇၀၀၀ိ/မြို့တွင်းVPLနှင့်၈၀၀၀ိ/နယ်အမြန်ချောဖ၀၀၀ိ ကလေးပုံကိုViberဖြင့်ပို့လျှင်စာအုပ်ဖုံးဒီဇိုင်းတွင်တင်ပေးမည်/ခွဲမွေးချိန်/လုပ်ငန်းနာမည်ပေး တိုက်၂၂၁/အခန်း၆၀၂/ဗိုလ်တထောင်ဈေးလမ်းမကျယ်(အလယ်)/ပုဇွန်တောင်မြို့နယ်/ရန်ကုန်

ဆရာဦးသိန်းမြင့် A.G.T.I(Mech.Engg) ထံဖုန်းသာဆက်လိုက်ပါ 0931079394

095179128/0931300995/09262383622/ViberPh:09972122177

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း**
**ဝရဒါဇ္ဈာဓာတုစေတိယ စွယ်တော်မြတ်စေတီတွင်**
**ဒုတိယအကြိမ်မြောက် ဆီမီး(၉၀၀၀)ပူဇော်ပွဲအခမ်းအနား**
**ဖိတ်ကြားလွှာ**

၁၃၇၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၈-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)၌ အဘိဓမ္မာအခါတော်နေ့နှင့် ဆီမီး (၉၀၀၀) ပူဇော်ပွဲအား UMTA အသင်းသားများ စုပေါင်းကျင်းပမည်ဖြစ်ပါ၍ အတူတကွ ကြွရောက်ပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (ဗုဒ္ဓဟူးနေ့)
၂၀၁၅-ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

ကျင်းပမည့်အချိန် - ညနေ ၆ း ၀၀ နာရီ

ကျင်းပမည့်နေရာ - စွယ်တော်မြတ်စေတီ အရပ်ဝန်းပြင်

ညနေ ၅း၀၀ နာရီအရောက် နေရာယူပေးပါရန်နှင့် ယဉ်ကျေးမှုနှင့်ကိုက်ညီသော ဝတ်စားဆင်ယင်မှုများဝတ်ဆင်၍ ကြွရောက်ပူဇော်ကြပါရန်။

**ခိုင်သစ္စာ**

အုတ်(ရောင်း/ဝယ်)ရေး

စက်အုတ်၊ လက်အုတ် အမျိုးမျိုးရနိုင်သည်။

ဖုန်း-၀၉-၄၂၀၀၅၆၅၉၆၊ ၀၉-၇၉၀၆၉၁၀၇၉၊ ၀၉-၃၁၆၄၁၅၂၉

**မိုးသောက်ပန်းအဆင့်မြင့်မူကြို**

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ

ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ဇဝနအနီး: Ph-01-571545, 09-5126882,09-43122883

(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884

(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်**
**(MAPCO)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO)လက်အောက်ရှိ စက်ရုံများမှအသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသောကြောင့် ဝယ်ယူလိုသောလုပ်ငန်းရှင်/ကုမ္ပဏီများမှ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | လျှော်ပင်ခြောက် | (၃၇၇၇၂၇၂)ပိဿာ |
| ၂။ | Rosin(ထင်းရှူးဆီ) | (၀. ၄၃)တန် |
| ၃။ | Whitening Agent | (၄. ၈၆)တန် |
| ၄။ | Talc Powder | (၆၄. ၇၁)တန် |
| ၅။ | Titanium Dioxide($TiO_2$) | (၅. ၁၅၉၅)တန် |
| ၆။ | Alum(ကျောက်ချဉ်) | (၁. ၄၄၇)တန် |
| ၇။ | Sodium Thiosulphate | (၂. ၄၅၈၃)တန် |
| ၈။ | Sodium Carbonate($Na_2 Co_3$) | (၄. ၁၄)တန် |

၂။ တင်ဒါပေးသွင်းရမည့်ရက် -၂၀၁၅ခုနှစ်၊အောက်တိုဘာလ ၃၀ရက်

၃။ တင်ဒါပေးသွင်းရမည့်နေရာ - မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်

အမှတ်(၁၀၀)၊ ဝါးတန်းလမ်းနှင့်ကမ်းနားလမ်း၊ ကွန်ကရစ်
အမြန်လမ်းမကြီးဘေး၊ ဝါးတန်းဆိပ်ကမ်း၊ ဆိပ်ကမ်းနယ်မြေ၊ ရန်ကုန်။
ဖုန်း(၉၅-၁)၂၃၀၁၆၅၂-၅၃၊ ၂၃၀၁၈၂၆
Fax:(၉၅-၁)၂၃၀၁၈၂၄

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

myanmar
national airlines

**BOEING** လေယာဉ်အသစ်နှင့်အတူ
ဝန်ဆောင်မှုကောင်းများဖြင့် လုံခြုံစိတ်ချစွာ ခရီးသွားကြပါစို့ . . .




| ထွက်ခွာ | | ဆိုက်ရောက် | |
|---|---|---|---|
| ရန်ကုန် | (၁၀:၁၅) | စင်ကာပူ | (၁၄:၄၅) |
| စင်ကာပူ | (၁၆:၀၀) | ရန်ကုန် | (၁၇:၃၀) |
| ရန်ကုန် | (၀၉:၀၀) | ဟောင်ကောင် | (၁၃:၃၀) |
| ဟောင်ကောင် | (၁၄:၅၀) | ရန်ကုန် | (၁၆:၃၀) |

*ရန်ကုန် – ဟောင်ကောင် – ရန်ကုန်*
*ခရီးစဉ်များကို ဒီဇင်ဘာ (၄)ရက် မှစတင်ပြေးဆွဲမည်ဖြစ်ပါသည်။*

| ထွက်ခွာ | | ဆိုက်ရောက် | |
|---|---|---|---|
| ရန်ကုန် | (၀၆:၃၀) | နေပြည်တော် | (၀၇:၀၅) |
| နေပြည်တော် | (၀၇:၃၅) | ရန်ကုန် | (၀၈:၁၀) |
| ရန်ကုန် | (၀၇:၀၀) | မန္တလေး | (၀၇:၅၀) |
| မန္တလေး | (၀၈:၃၅) | ရန်ကုန် | (၀၉:၂၅) |
| ရန်ကုန် | (၁၀:၃၀) | ညောင်ဦး | (၁၁:၁၅) |
| ညောင်ဦး | (၁၂:၀၀) | ရန်ကုန် | (၁၂:၄၅) |
| ရန်ကုန် | (၁၅:၃၀) | မန္တလေး | (၁၆:၂၀) |
| မန္တလေး | (၁၇:၀၅) | နေပြည်တော် | (၁၇:၃၀) |
| နေပြည်တော် | (၁၈:၁၅) | ရန်ကုန် | (၁၉:၀၅) |

*ခရီးစဉ်များကို အောက်တိုဘာ (၂၀)ရက် မှစတင်ပြေးဆွဲမည်ဖြစ်ပါသည်။*

www.flymna.com
/MyanmarNationalAirlines

**01-378603, 01-377840**
104, Kanna Road, Kyauktada Township, Yangon. Myanmar

**AIRPORT ~ 09-263707422, 09-263707411**
ဖုန်းဆက်၍ Booking တင်ပြီး ထွက်ခွာမည့်နေ့တွင် လေဆိပ်၌ လက်မှတ်များ ဝယ်ယူနိုင်ပါသည်။

သီတင်းကျွတ်
Sale
17th Oct ~ 26th Nov | 2015
SONY

androidtv
Entertainment tailored for you.
Android TV is a trademark of Google Inc.
SPECIAL OFFER ▶ LATEST PRODUCTS ▶ EXCLUSIVE PREMIUM GIFTS
Official Warranty by: TMW Enterprise Limited
**Hot Line :** 01-546006 (Ext: 119, 120), **Sony Showroom :** 01-245311, 09-73119900, 01-398566, 02-72580~4, 09-91008417, 067-420791, 067-420966

AMERICAN VISION
EYE CARE CENTER
ပါဝါမျက်မှန်ဝယ်ယူသူတိုင်းအတွက်
အမေရိကန်ဗွီးရှင်းမှ သီတင်းကျွတ် **Promotion** အထူးအစီအစဉ်
THADINGYUT SPECIAL PROMOTION
Until 9-Nov-2015
First Pair 10% OFF
Second Pair 20% OFF
Third Pair 30% OFF
AMERICAN VISION
ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့
အခုပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။
YANGON: (01) 242476, 241897, 241898, MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393

လူ ၁၅ သန်း၏ ၂ ဒေါ်လာအိပ်မက်
(ဆင်းရဲမှု၊ ပဋိပက္ခနှင့် ဖွံ့ဖြိုးရေးမျှော်လင့်ချက်များ)
ဟိန်းဇော်
. . . ပြည်သူ ၁၅ သန်း၏ဘဝ၊
မြင့်တက်လာသောပြည်ပကြွေးမြီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပဋိပက္ခများ၊
စတော့ရှယ်ယာဈေးကွက်အလားအလာ အပါအဝင် မြန်မာပြည်၏
မျက်မှောက်ရေးရာနှင့် အနာဂတ်အခြေအနေများကို
ဖော်ထုတ်သုံးသပ်ထားသည့်စာအုပ် . . .
၂,၅၀၀ ကျပ်

ထွက်ပြီ
ဖြန့်ချိရေး– Hub Myanmar စာအုပ်တိုက်
အမှတ် ၂၄/၂၆၊ ၄ ဘီ/စီ၊ မြင်းပြိုင်ကွင်းကွန်ဒို၊
တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၁၈၅၄၁၃၊ ၀၉ ၇၉၇၃၆၇၉၄၄၊ ၀၉၂၅၀၀၂၂၉၈၃
City Mart နှင့် အမြို့မြို့အနယ်နယ်ရှိ
စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပြီး
ရန်ကုန်မြို့တွင်းမှာယူလိုပါက
အိမ်တိုင်ရာရောက်ပို့ဆောင်ပေးပါသည်။

ဗိုက်ခြေခြောက်လက်/လေဝီအား
ကွန်ကာရစ်အုတ် ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက်ရပြီ။
PH:09 731 99 410
09 420035882, 73199257

အလုပ်ရှိသည်
စာရေးမ(1)ဦး သိပ္ပံဘွဲ့ရ၊ အသက် 20-25 လစာ-130000
0973077744

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ တိုင်းအမှတ်(၅)၊ တောင်ငူလက်အောက်ရှိ လမ်းခင်းကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်နှင့်တည်နေရာ | တင်ဒါပုံစံနှုန်း(ကျပ်) |
|---|---|---|---|
| ၁ | ၄(တင)မမ/CE | ကျေးတောဘူတာရထားတွဲပေါ်အရောက်(၁"×၁½")အရွယ် စက်ခွဲ(အပြာရောင်)လမ်းခင်းကျောက်(၃၀၀၀. ၀၀)ကျင်းဝယ်ယူခြင်း | ၅၀၀၀. ၀၀ |
| ၂ | ၅(တင)မမ/CE | ရေနီဘူတာရထားတွဲပေါ်အရောက်(၁"×၁½")အရွယ် စက်ခွဲ(အပြာရောင်)လမ်းခင်းကျောက်(၃၀၀၀. ၀၀)ကျင်းဝယ်ယူခြင်း | ၅၀၀၀. ၀၀ |

**တင်ဒါပိတ်မည့်နေ့/အချိန် - ၂-၁၁-၂၀၁၅ရက်၊ (၁၆း၀၀)နာရီ**

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂၀-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနများသို့ မေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာမှူး(မြို့ပြ)အင်ဂျင်နီယာဌာန၊ တိုင်း(၅)တောင်ငူ၊ ဗျူဟာမနား။**
**ဖုန်း-၀၅၄-၂၃၀၆၁၊ ၀၅၄-၂၃၀၁၆၊ ၀၆၇-၂၂၀၇၇၊ ၀၆၇-၂၁၁၉၂**

၁၉၇၇ ခုနှစ်တွင် စတင်တည်ထောင်သည်
ဆီဂီဂရွေ ပိုးထည်


အင်းလျားလမ်း (ဓမ္မစေတီလမ်းအနီး) ကမာရွတ်မြို့နယ်။
Ph: 09-26 4545 008, 09-26 4545 009, 01-393 143
Big Chance @ Inya Road Branch

စိုးဇင်စာပေ၏စာအုပ်အမှတ် (၂၀)

ဒေါက်တာစိုးလွင်
ပွင့်သောပန်းတိုင်း
လှပဖို့ သားဆက်
ခြားကြစို့
ထွက်ပြီ
Tel:01 228297,
09 5049783, 09 450040767

မြန်မာ(ပြည်)စီးပွားရေးလမ်းညွှန်
၂၀၁၆ ခုနှစ်အတွက်
မြန်မာပြည်မှာဆို ဘာပဲလိုလို
ကြော်ငြာပိတ်ရက် နီးကပ်လာပါပြီ။
အထက်ပိုင်း

အောက်ပိုင်း
Myanmar Business DIRECTORY
Sales Direct Line | 01 - 373254, 245358 (Ext: 817), 01-250700
02 - 4000611

YCTC Business Institute
Earn A World Recognised MBA in Myanmar
ကမ္ဘာတက္ကသိုလ်ပေါင်း(၄၀)ကျော်မှ အသိအမှတ်ပြုသော
Management and Science University Malaysia မှ
ပညာရေးဆွေးနွေးပွဲ

Date : 25 Oct 2015 (Sunday)
Time : 10:00 am to 12:00 pm
Place : Sule Shangri-La (Pinya)
Speaker : Asst.Prof.Win Min Thein (Representative of MSU)
Flexible Installments !
www.msu.edu.my
December Intake
အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (Park Royal Hotel အနီး)
(09) 420 118 100, (09) 254 269 644 www.yctcinstitute.com, facebook : YCTC

## (၁၁)ကြိမ်မြောက်၊ ကျိုက္ကလော့ အမေ့မေတ္တာ စာမူပြိုင်ပွဲဆုရသူများစာရင်း

**ဝန္တဝင် ကဗျာရှည်**
ချမ်းမြဆောင်း(ကလော)၊ ပန်းမြမွှေး၊ မင်းသစ်ဝင်း(ကျောက်တံခါး)၊

**ခေတ်ပေါ်ကဗျာရှည်**
ငွေးကြည်(စလင်း)၊ နန်းခင်မွှေး(ပါပွေ)၊ ပြင်စည်အောင်(ခရာတော)

**ဆောင်းပါး**
မောင်နေခြည်(ပြည်)၊ မောင်နန်းထက်(ဟသ်ာတ)၊
လျှမ်း(မန်းတက္ကသိုလ်)၊ မောင်နှစ်သိမ့်(တောင်ကုတ်)၊ ပန်းအိရွှေစင်၊ မသစ္စာ။

**ဝတ္ထုတို**
တွင်းကြီးသားတင်ဝင်းဦး၊ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)၊
ကျော်ဖြိုးလွင်၊ မကျော် (ပြန်/ဆက်)၊ နီသင်အောင်ကျော်မိုး၊
ရဲရဲထွန်း(ဟသ်ာတ)

ဆုပေးပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်(ဗုဒ္ဓဟူးနေ့)(သီတင်းကျွတ်လပြည့်နေ့) ညနေ ၆ နာရီတွင် ကျိုက္ကလော့ သာသနာ့ဒီပါကျောင်းဆောင်၌ ကျင်းပပါမည်။

မှတ်ပုံ ACADEMY တင်ပြီး

တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး
အကယ်ဒမီ
ဓါတ်ပစ္စည်းမှန်သမျှကို အမိုးအကာနည်းဖြင့် ခြင်၊ ယင်၊ ပိုး
ကြွက်ပြားရှိုးချွတ်ဆေးကိုသုံးပါ
အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
Tel : 95-1-374797, 384944, 385640, 385858, 242726
Email : academychemicalburma@gmail.com

## ဝန်ထမ်းအလိုရှိသည်

ဆံပင်နှင့် မိတ်ကပ် အလှပြုပြင်ရေးဆိုင်တွင် ဘက်စုံသင်ကြားပေးမည်။ နေစရိတ်၊ စားစရိတ် အပြီးအစီး (မ)ဝန်ထမ်းအလိုရှိသည်။ ကျွမ်းကျင်ဝန်ထမ်း မ(၂)ဦးလည်း အလိုရှိသည်။

**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဆက်သွယ်ရန်ဖုန်း-၀၉-၃၆၁၁၂၂၉၁၊ ၀၉-၄၅၀၀၄၉၆၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ပန်းလောင်လမ်း၊ အမှတ်(၅၁၈/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်- သကမ-၁၃/၅၁၈-ခ၊ အကျယ်အဝန်း(အလျား ၂၀ပေ × အနံ ၆၀ပေ)ရှိ ဦးညွန့်သောင်း အမည်ပေါက်ပါမြေအား အမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ဝယ်ယူထားသူ ဦးရဲလွင်(၁၂/အစန(နိုင်)၁၆၁၇၉၉)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က ရောင်း မိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်အေးအေးသင်း (၁၂/လသယ(နိုင်)၀၃၀၄၇၅)
အမှတ်- ၅၆၅/၅၆၇ ၊ (အေ-၁)၊ MAC Tower ၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၃၁၁၄၄၇၃



## နိုင်ငံတော်သမ္မတဦးသိန်းစိန် အမှူးပြုသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှခေါင်းဆောင်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)တို့မှ တာဝန်ရှိသူများမှ **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်** (NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာပြည်အနာဂတ်အတွက် ဒီမိုကရေစီစနစ်ကို ဦးတည်ဆောင်ရွက်နိုင်ရန် အားလုံးလက်ခံသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အုတ်မြစ်ချနိုင်ခဲ့ခြင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသားများ၏ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း(၅)ခုနှင့် ခရိုင်(၁၃)ခရိုင်ရှိ တိုင်းရင်းသားပြည်သူလူထုများမှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှဲစွာ မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည် ဆက်လက်ပူးပေါင်းပါဝင်နိုင်ပါစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ယုံကြည်မျှော်လင့်ကြိုဆိုလျက်ရှိပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**






# ကြော်ငြာ

## ဘုရား၊ ရဟန်း၊ သံဃ ဒါယိကာမကြီး
## ဒေါ်လှမြိုင်(သန်လျင်) (၉၁)နှစ်

သန်လျင်မြို့နယ်၊ ဒါရိကာရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ်(၄/ခ)နေ (ဦးအုန်းရွှေ-ဒေါ်ဖွားညွန့်)တို့၏သမီး၊ (ဗိုလ်ကြီးရှုမောင်)၏ဇနီး၊ ဒေါ်ခင်အေးမူ (အလပြ-ငြိမ်း)၊ ဦးစန်းသွင်-ဒေါ်လေးလေးနွယ်(ထူးလျှံ-ကွန်ပျူတာ)၊ ဦးအေးကျော် (အလပြ-ငြိမ်း)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဉာဏ်မိုးဝေသွင်၊ မရတနာစန်းသွင် (Grade-6၊ အထက-၁၊ သန်လျင်)တို့၏အဘွားသည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ညွန့် (၈၂)နှစ်

ရန်ကုန်မြို့နေ ဦးဝင်းထွဋ်ဦး-ဒေါ်ဖြူဖြူလွင်ငွေး၊ ဦးမောင်မောင်လွင်ငွေး-ဒေါ်ခင်ခက်ခက်အောင်၊ ဦးပြည့်ဖြိုးဇော်-ဒေါ်ခင်စပါယ်ဖြူ ဒေါက်တာရဲမြတ်ကို-ဒေါက်တာနော်သစ္စာမိုးမြင့်၊ မဂျူးလိမ္မာ၊ မြစ်လေးယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ခင်ညွန့်သည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) ညနေ ၆ နာရီတွင် ပါရမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီလွင် အသက်(၅၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက်(၅)၊ အခန်း(၄၀၄)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်နေ ဦးလှအောင်-(ဒေါ်ညို)၏ သမီးချွေးမ၊ ဦးအင်းဟုတ်-ဒေါ်စက်တင်တို့၏သမီး၊ ဦးသန်းငွေး (Sky Steel Decoration)၏ဇနီး၊ မကေဇင်သွယ်၏ မွေးသမိခင်သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ မုခ်ဦး ဒါယကာကြီး
## ဦးသိန်းမြင့်(ရွှေဆိုင်)ဖျာပုံ၊ အသက်(၈၈)နှစ်

ဖျာပုံမြို့၊ (၅)ရပ်ကွက်မ၊ (၃)လမ်း၊ အမှတ်(၁၆)နေ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးကြည်ဆန်း-ဒေါ်သိန်းသိန်းအေး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်မြင့်ချို၊ ဦးစိန်ဝင်းထွဋ်-ဒေါ်ချိုဝေသိန်း၊ ဦးစိုးလင်း-ဒေါ်စုစုလှိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၉-၁၀-၂၀၁၅(တနင်္လာနေ့) ည ၉း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်း မြန်မာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းဟန် (၇၆)နှစ်
### (စက်မှုလုပ်ငန်း)

ရန်ကုန်မြို့၊ (၂၅)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၆၄၄)နေ (ဦးပိန်-ဒေါ်ခင်စု) တို့၏သား၊ ဒေါ်မြင့်မြင့်လွင်၏ ခင်ပွန်း၊ ဦးသိန်းငွေး-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်မြမြမူ၊ ဦးကိုကိုလွင်-ဒေါ်သိန်းသိန်းမြင့်၊ ဦးခင်မောင်အေး၊ ဦးအောင်နိုင်ဝင်း-ဒေါ်နှင်းနှင်းသိမ့်၊ ဦးကျော်ထွန်းဝင်း-ဒေါ်မိုးမိုးသန္တ ဦးဝင်းထက်ဝင်း-ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြမိုးသွယ်(လ-၉၊ ဒဂုံတောင်)တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းမြင့် (၆၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဇီဇဝါ(၁)လမ်း၊ အမှတ်(၁၃၆/က)နေ (ဦးမြဝင်း)၏ ဇနီး၊ (ဦးအုန်းမောင်-ဒေါ်လှကျင်)တို့၏သမီး၊ ကိုဝင်းမြင့်-မသူဇာလှိုင်၊ ကိုသန်းဝင်း-မအေးအေးသန်း(လ/ပြ၊ လ-၂၊ ဒေါပုံ)၊ ကိုဝင်းသိန်း-မဖြူမွန်စိုး (လ/ထ ကထိက၊ နည်းပညာတက္ကသိုလ်)တို့၏ မွေးသမိခင်၊ မလင်းလက်ရွှေရည်၊ မဝင်းလက်ရွှေရည်၊ မသူပြည့်စုံ၊ မအေးငြိမ်းသူတို့၏အဘွားသည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရှုကြည် (၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇) ရပ်ကွက်၊ အမှတ်(၂၈)၊ ရွှေတောင်တန်းလမ်းနေ (ဦးမောင်အေး)၏ဇနီး၊ ဦးစိုးခိုင်-ဒေါ်ရှုဘိမြင့်မြင့်၊ ဦးကျားကြီး-ဒေါ်မြကြည်၊ ဦးအုန်းလှိုင်-ဒေါ်စန်းလွင်၊ ဦးအုန်းမြင့်-ဒေါ်ခင်အေးမြင့်၊ ဒေါ်မြရီ၊ ဦးစောဝင်း-ဒေါ်မြမြတင်၊ ဒေါ်မြထွေးတို့၏မွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်ရှုကြည်သည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၅(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးဘုန်းမြင့်(No.1 Oiler) အသက်(၆၃)နှစ်
### South Point Co., Ltd
### အောင်ဆန်းသူရိယလှသောင်း ကျောင်းသားဟောင်း(၁၉၆၁-၇၂)ခုနှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၅၁၆)၊ ကုန်သည်လမ်းနေ ဗိုလ်မှူးအောင်ဘ (တပ်မတော်ရေ-ငြိမ်း)-(ဒေါ်ခင်ခင်တင်)တို့၏သား၊ (ဦးမာမက်-ဒေါ်နာဂမား)တို့၏သားသမက်၊ ဦးလှမြင့်-(ဒေါ်တင်တင်လှ)၊ ဦးစိုးလင်း-ဒေါ်ခင်မျိုးနွယ်၊ ဦးတင်ငွေ- ဒေါ်ခင်ဖုန်းကြွယ်၊ ဦးမြဟန်-ဒေါ်တင်စန္ဒာ၊ ဦးသိန်းဦး-ဒေါ်ခင်စန္ဒာ၊ (ဦးထွန်းလင်း)-ဒေါ်သန္တာ၊ (မောင်သောင်းတန်)၊ ဦးသောင်းမြင့်၊ ဦးခင်အောင်-ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို/မောင်၊ တူ/ တူမ ၁၁ယောက်တို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၆)၊ ခုနစ်လွှာ(ဘီ)၊ ပုညမုနလမ်းနေ ဒေါ်စန်းစန်းခင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဘုန်း (Bay Point)၊ မဆုဘုန်းမြင့်တို့၏ ချစ်လှစွာသောဖခင် ဦးဘုန်းမြင့်သည် ၁၅-၁၀-၂၀၁၅(ကြာသပတေးနေ့) နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ပြုံးသစ်
## အသက်(၅၄)နှစ်

ဒေါက်တာမြတ်မော်ထွန်း(Ngee Ann Polytechnic)၏ချစ်လှစွာသောဇနီး၊ မနှင်းဝေမော်(NTU)၏ချစ်လှစွာသောမိခင် ဒေါ်ခင်ပြုံးသစ်သည် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ဝ၀း၁၅နာရီတွင် စင်ကာပူနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဖွဲ့ဝင် ဦးမြသိန်းနှင့် ဇနီး ဒေါ်ရီရီဝင်း**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

# အနိစ္စ

## ဘုရားရဟန်းကျောင်းဒါယိကာမကြီး
## ဒေါ်ကျင်မွေး အသက် (၉၃)နှစ်
### (ခရမ်းမြို့)

ခရမ်းမြို့၊ စနေလမ်းနေ (ဦးလင်ထွေးစန်း-ဒေါ်စု)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၅၂)၊ ဒုတိယထပ်(ဝဲဘက်)နေ (ဦးကြူလေး)၏ဇနီး၊ ဒေါ်အေး (အမှတ်-၁၀၈၊ B-ရုံ သိမ်ကြီးဈေး)၊ ဒေါ်တင်မြ၊ ဦးသိန်းဟန်-ဒေါ်ဥမ္မာခင်၊ ဒေါ်အိန်း(ခ)ဒေါ်အေး၊ ဒေါ်ရင်ရင်လှ၊ မြိတ်မြို့နေ ဦးသောင်းနိုင်-ဒေါ်သန်းဟွန်း၊ ဒေါက်တာခင်ကြိုင်တို့၏မွေးမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၀-၁၀-၂၀၁၅ရက် နံနက် ၈း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရားရဟန်းကျောင်းဒါယကာကြီး
## ဦးကျော်ညွန့် (၈၂)နှစ်
### (အုတ်ဖိုမြို့)

အုတ်ဖိုမြို့နေ (ဦးရွှေငို-ဒေါ်ဒေါ်ပု)တို့၏သားလတ်၊ ရန်ကုန်မြို့နေ (ဦးမြဟန်-ဒေါ်ရွှေမှီ)တို့၏ သားသမက်၊ အမှတ် (အိုင် ၁၆-ဘီ)၊ စပါယ်လမ်း၊ ပန်းလှိုင်အိမ်ရာ၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ယဉ်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြမြသွေး(အလယ်တန်းပြ-ငြိမ်း)၏အစ်ကို၊ ဦးစိုးဝင်း(လက်ထောက်ညွှန်မှူး၊ ဆည်မြောင်း)-ဒေါ်တင်ငွေးယဉ် (အလယ်တန်းပြ-ငြိမ်း)၊ ဦးထွန်းလှကျော်-ဒေါ်ရင်ရင်မြ(USA)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုး ဦးကျော်ညွန့်သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းအမကြီး
## ဒေါ်ခင်ဝင်းဝင်း (၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်နေ (ဦးတင်အောင်-ဒေါ်မြတင်)တို့၏ သမီးကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ဒါနလမ်း၊ အမှတ်(၃၀)နေ သာယာကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဆရာဦးနေဝင်း(ထ/၆၊ မင်္ဂလာတောင်ညွန့်-ငြိမ်း)၏ဇနီး၊ ဦးမြတ်ထွန်း၊ ဦးကျော်စိုးလင်း-ဒေါ်ရီရီသန်း(MEB-မ/ဥ)၊ ဒေါ်မြတ်မြတ်နွယ်(ဗဟိုဘဏ်)၊ ဦးမော်နိုင်ထွန်း(စက်မှုဝန်ကြီးဌာန)-ဒေါ်မြတ်မြတ်ထွေး(MFTB)တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ခင်ဝင်းဝင်းသည် ၁၉-၁၀-၂၀၁၅(တနင်္လာနေ့) ည ၈း၄၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးအင်စိုး(ခ)ဦးဖိုးကွက် အသက်(၆၆)နှစ်
### (ပြင်ဘူကြီး၊ ပုလော)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပြင်ဘူကြီးကျေးရွာနေ(ဦးစစ်ရီ-ဒေါ်မြသီး)တို့၏ဒုတိယသား၊ (ဦးဇော်တင်)-ဒေါ်မိတင်တို့၏ သားသမက်၊ ထားဝယ်မြို့၊ကျောက်မော်ရပ်၊မြိတ်လမ်း၊ အမှတ်(၁၀၄)နေ ဒေါ်ငွေကြူ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအင်စိန်)-ဒေါ်ရှုအင်တို့၏ညီ၊ (ဦးအင်ကြွေ)-ဒေါ်သန်းကြူ (ဦးအင်တိတ်)-ဒေါ်တင့်ဝေ၊ ဦးအင်စွမ်-ဒေါ်ဖြူဖြူအေး၊ ဦးအင်ရှိန်(ခ)ဦးစစ်ခွေး-ဒေါ်အင်တို့တို့၏အစ်ကို၊ မခင်သန္တာ၊ မောင်အောင်ကိုကို၊မဖြူပြာသွယ်၊ မောင်အောင်ပြည့်စုံ တို့၏ ကျေးဇူးရှင်ဖခင်သည် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ထားဝယ်မြို့ ကူးတို့သုသာန်သို့ ပို့ဆောင် ဂူသွင်း မြှုပ်နှံပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကင်အိမ်း (၈၁)နှစ်
### (အဆွေတော်မိခင်ကြီး-ကော့ကရိတ်မြို့)

ကော့ကရိတ်မြို့၊ အောင်ဇေယျလမ်း၊ အလယ်ရွာနေ (ဦးရော်ကျန်း)၏ဇနီး၊ ဦးဝမ်ဟိုး-ဒေါ်စန်းစန်းဝင်း၊ ဦးဝမ်ထုံး(ခ)ဦးမျိုးလွင်-ဒေါ်ရင်ငွေး၊ ဒေါ်စွမ်ကီး-ဦးတင်ရှိန်၊ ဦးဝမ်ဘိန်း(ခ)ဦးမျိုးညွန့်၊ Dr. စန်းစန်းအေး-ဦးသိန်းဆွေ၊ ဦးမောင်မောင်(ခ)ကိုမျိုးသန့်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၉-၁၀-၂၀၁၅ရက် နံနက်၆း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁၀-၂၀၁၅ရက် မွန်းလွဲ၂နာရီတွင် ကော့ကရိတ်မြို့တရုတ်သုသာန်သို့ပို့ ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၅ရက် နံနက်၇နာရီမှ ၉နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်းအမကြီး
## ဒေါ်ခင်ရွှေ (၇၉)နှစ်
### (အလက-၂၊ ဒေါပုံ၊ လယ်ပြ-ငြိမ်း)
### သုံးခွမြို့နယ်အသင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ် (၂၂၄)၊ အောင်သုခလမ်း၊ သဘော်ကျင်းရပ်ကွက်နေ (ဦးဘာဘာ-ဒေါ်စိန်ညွန့်) တို့၏ သမီးချွေးမ၊ (ဦးအုန်းဖေ-ဒေါ်တင်) တို့၏ သမီး၊ ဦးကျော်အောင်(လဝက ခရိုင်မှူး-ငြိမ်း)၏ ဇနီး၊ ဦးသက်နိုင်စိုး (Multigate Shipping Co.,Ltd)-ဒေါ်ခင်စန်းတင့်(အမက-၁၄/မူလွန်၊ မင်္ဂလာတောင်ညွန့်)၊ ဦးမျိုးကျော် ( Director Best Star Pte Co.,Ltd -ခေတ္တ-စင်ကာပူ)-ဒေါ်ရတနာရှိန်(Director THUWUNNAWADI Co.,Ltd -ခေတ္တ-စင်ကာပူ)၊ ဦးကျော်ကျော်မိုး(လမ်းမတော်လဝက)-ဒေါ်အေးအေးသန်း(သာယာဝတီ လဝက)၊ ဦးခင်မောင်လွင်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) - ဒေါ်ကြည်ကြည်လွင်(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)၊ မသဲသဲအေးတို့၏ချစ်လှစွာသော မိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်ခင်ရွှေသည် ၁၉-၁၀-၂၀၁၅ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီထိ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးမိစံ (၇၄)နှစ်

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ကန်ကြီးအောင်လမ်း၊ (၁၀)မိုင်၊ အမှတ်(၇၂၄)နေ (ဦးအုန်းဖေ-ဒေါ်သေးတာ)တို့၏သမီးကြီး၊ ဦးတင့်ဆွေ၏ဇနီး၊ ဦးထွန်းအေး-ဒေါ်သန်းရင်၊ (ဦးမြင့်သိန်း)-ဒေါ်သန်းသန်း၊ ဦးမြင့်သန်း-ဒေါ်မိုးမိုးတို့၏ညီမ၊ ဦးကျော်ကျော်အောင်-ဒေါ်ငွေးငွေး၊ ဦးမင်းသိန်း-ဒေါ်ခင်ညိုညို၊ ဦးမြဝင်း-ဒေါ်ဝင်းဝင်းသန်းတို့၏အစ်မ၊ ဦးစိုးမိုး(အလုပ်သမားညွှန်ကြားမှုဦးစီးဌာန-ရန်ကုန်တိုင်းရုံး)-ဒေါ်ဆွေဆွေအေး(အလုပ်သမားညွှန်ကြားမှုဦးစီးဌာန မင်္ဂလာဒုံမြို့နယ်)၊ မောင်တင်မောင်အေးတို့၏မိခင်သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းမင်း(ခ)ဦးသန်းအေး အသက်(၆၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၄၁)နှင့် တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၄၅၂/က)နေ (ဦးစန်းကြိုင်-ဒေါ်ကြင်အိ)တို့၏သား၊ (ဦးမြစိန်-ဒေါ်စွန်)တို့၏ သားသမက်၊ ဒေါ်ရည်ရည်လွင်(ခ)ရိုစီ၏ခင်ပွန်း၊ ဒေါ်ခင်မာမာလွင်၊ ဒေါ်ကြင်မြင့်တို့၏မောင်၊ ဒေါ်ခင်ပြုံးရီ၊ ဒေါ်ခင်နှင်းလှိုင် တို့၏ အစ်ကို၊ (မောင်ဇော်မင်းလွင်)-မအေးစုဖြူ၊ မောင်သက်နိုင်ထွန်းတို့၏ဖခင် ဦးသန်းမင်း(ခ)ဦးသန်းအေးသည် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၄း၅၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစိုးလှိုင် အသက်(၅၀)
### အငယ်တန်းသဘော်လက်ထောက်
### ကိုယ်စားလှယ်ဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရန်ကုန်မြို့၊ အမှတ်(၈၁/၂)၊ မြင်သာ(၇)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးသာလှိုင်)-ဒေါ်ခင်ထားတင့်တို့၏သား၊ ဦးစန်းလွင်-ဒေါ်မာလာနွယ်(ကျောင်းအုပ်၊ အမက-၂၉၊ မူလွန် သင်္ဃန်းကျွန်း)၊ ဦးအောင်ကြည်ထွန်း-ဒေါ်သီတာအေးတို့၏မောင်၊ တူ/တူမ ငါးယောက်တို့၏ ဦးလေးသည် ၁၉-၁၀-၂၀၁၅(တနင်္လာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pa Thang Lian Suum
### B.A (Geology)
## အသက် (၃၅) နှစ်

တီးတိန်မြို့၊ မြို့မရပ်ကွက်၊ အမှတ် (မ-၁၉၅)နေ Pa Hang Cin Hau-Nu Cing Hau Niang တို့၏ စတုတ္ထမြောက်သား၊ Nu Nem Khan Cing-Neng Za Dalတို့၏သမီး၊ Nu Niang Lawh Nuam ၏ခင်ပွန်း၊ Nu Dim Lian Cing-Pa Khup Khan Kam (USA) Pa Thang Sian Mung-Nu Niang Khawm Cing (Tcdim) တို့၏ ညီ၊ Nu Ciin Lam Man-Rev Thawng Ngaih Lian (Bethany Baptist Church၊ ဒဂုံဆိပ်ကမ်း)၊ Tg Pau Lian Khup (USA)၊ Nu Vung Hau Lun-Pa Khup Cin Kam (USA)၊ Nu Mang Lam Ciin-Pa Pau Lam Mung (စင်ကာပူ)တို့၏ အစ်ကို/မောင်၊ Pa Thang Lian Suum သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ [ကျီတော်အိမ်ရာ၊ တိုက်(၄)၊ ချမ်းသာပလာဇာရှေ့၊ ပီတောက်ကွေ့-ယုဇနနှင့် ဆူးလေဗမာနွေလ ဘုရားကျောင်းရှေ့တို့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးထွေးအောင် (၇၇)နှစ်
### (အင်ဂျင်နီယာမှူး-ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ဆိုင်းကုန်းရပ်နေ (ဦးသစ်-ဒေါ်တင့်)တို့၏ သားထွေး၊ဒေါ်တင့်တင့်၏ခင်ပွန်း၊ ဦးမင်းညွန့်(ပထမအင်ဂျင်နီယာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်တင်လေးအောင်၊ ဦးအောင်ကျော်ဇင် (ပထမအင်ဂျင်နီယာ၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ဦးအောင်ကျော်စွာ (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း) တို့၏ ဖခင်၊ မောင်လင်းခန့်ပိုင်၏ အဘိုး ဦးထွေးအောင်သည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၂ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီထိ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ရတနာလမ်း၊ တိုက်(၃)၊ အခန်း(၀၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ညွန့် (၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၃၂)၊ ဦးကြင်ဥလမ်း၊ (၃၂)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောင်ပိုင်း)မြို့နယ်နေ (ဦးစံဦး-ဒေါ်ဖွားရီ)တို့၏သမီး၊ (ဦးထွန်းလင်း) သစ်လုပ်ငန်း၏ဇနီး၊ (ဦးသိန်းနိုင်မြင့်)၊ ဦးလွင်ငွေး-ဒေါ်ဆွေဆွေဝင်း (ခူဝံခြံ၊ ၉-မိုင်)၊ (ဦးဝင်းနိုင်မြင့်)၊ ဦးကျော်မိုး(စက်ရုံမှူးကြီး၊ အမှတ်-၂ သံမဏိစက်ရုံ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ဖြူဖြူမြင့်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ခင်ညွန့်သည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) ညနေ ၆နာရီတွင် ပါရမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၅ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝေလင်း(စစ်ကိုင်း) (၆၃)နှစ်
### တရားလွှတ်တော်ရှေ့နေ

မန္တလေးမြို့၊ နန်းရှေ့၊ အကွက်(၄၆)နှင့် စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်နေ [ဦးစိမ်းမောင်(တိုင်း/သမဦးစီးမှူး-ငြိမ်း)-ဒေါ်ခင်မိ]-ဒေါ်သန်းတင်တို့၏သား၊ မန္တလေးမြို့နေ (ဒေါ်အုန်းမြရီ)၏ ခင်ပွန်း၊ (မနုမြင့်ထက်)၊ ကိုရဲမင်းမောင် (Formula One Co., Ltd)-မဥမ္မာဝင်း၊ ကိုလူမော်မြင့်မောင် (MD, SWY Co., Ltd.)-မမော်မော်တင့်၊ ကိုကျော်စိုး (Project Manager, SWY Co.,Ltd.)- မစိန်စိန်စု၊ (ကိုအောင်ဇေမြင့်)၊ ကိုနေလင်း (AE, PTP, MOEP)-မငြိမ်းနုယဉ် (AE၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ကိုစိုင်းသီဟ (Director, Thazin Wai Co.,Ltd.)-မနွေးလဲ့လဲ့အောင် (Seven Diamond Co.,Ltd.)၊ ဗိုလ်မှူးသက်ထွန်းအောင်-ဒေါက်တာလှယဉ်မင်း (AL/CU-ပင်လုံ)၊ ကိုရဲမြတ်ဟိန်း (MD, Tet Phyo Wai Co., Ltd.)-ဒေါက်တာအိဖြူမြင့်၊ မဆုမွန်လဲ့အောင်(နည်းပြ၊ UIT)၊ ဒေါက်တာမေသွယ်ကျော်စိုးဝင်း (သရုပ်ပြ၊ UDM)၊ ကိုကောင်းကောင်း (Uniteam)၊ မဖြိုးသဉ္ဇာအောင် (ဒု-မြို့နယ်ဥပဒေအရာရှိ)၊ မသက်ထက်စံ ( NTT Data)၊ ဒေါက်တာစုစန္ဒီအောင်၊ မချိုစန္ဒာထွန်း (Tour Guide)၊ မဆုဝေနှင်း (BE, IT)၊ မနှင်းအိခိုင်(BE,Civil)၊ မပွံ့ပွံ့မြင့်အောင် (BE, Civil)၊ မောင်ထင်လင်းအောင် (1st Year, B.Tech)၊ မောင်ကောင်းခန့်ဝင်း (Final Part I, UM-2)၊ မအေးချမ်းစိုး (2nd Year, B.Tech)တို့၏ ဦးလေးသည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဝေလင်း(စစ်ကိုင်း) (၆၃)နှစ်
### တရားလွှတ်တော်ရှေ့နေ

မန္တလေးမြို့၊ နန်းရှေ့၊ အကွက်(၄၆)နှင့် စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်နေ [ဦးစိမ်းမောင်(တိုင်း/သမဦးစီးမှူး-ငြိမ်း)-ဒေါ်ခင်မိ]-ဒေါ်သန်းတင်တို့၏သား၊ မန္တလေးမြို့၊ အောင်တော်မူရပ်နေ (ဦးနာယား-ဒေါ်ပု)တို့၏သားသမက်၊ [ဒေါ်စိန် (အထက-၂၊ ငြိမ်း၊ စစ်ကိုင်း)၏တူ၊ မန္တလေးမြို့၊ ရန်ကင်းတောင်၊ ရန်ကင်းအေးငြိမ်းရိပ်သာ(စစ်ကိုင်းတောင်ရိုး၊ ဓမ္မာစရိယကျောင်းတိုက်၊ ဓမ္မဒါယာဒကျောင်း) ဆရာတော်ဦးသုမင်္ဂလ၏နောင်တော်၊ ရန်ကုန်မြို့နေ (ဦးမြင့်မောင်)-ဒေါ်အေးအေးသိန်း၊ ဒေါ်တင်တင်နု၊ ဦးမင်းသိမ်း(ဒုထွေဂျာ၊ PGMF)-ဒေါ်ကြူကြူ(လ/ထ မန်နေဂျာ၊ စိုက်ပျိုးရေး-ငြိမ်း)၊ ဦးသိန်းမြင့်(ဒုထွေ/ဂျာ၊ သစ်ထုတ်လုပ်ရေး-ငြိမ်း)-ဒေါက်တာမူမူ(မြို့နယ်ကျန်းမာရေးဦးစီးမှူး-ငြိမ်း)၊ လွိုင်ကော်မြို့နေ ဦးအောင်ထူး-ဒေါ်ကြည်ကြည်(ကယားပြည်နယ် စာရင်းစစ်ချုပ်)၊ နေပြည်တော်နေ ဦးတင်လှိုင် (ညွှန်မှူး၊ စာရင်းစစ်ရုံး-ငြိမ်း)-ဒေါ်သန်းသန်းမေ (စာရင်းကိုင်ချုပ် A-1၊ ဆောက်လုပ်ရေး)၊ မန္တလေးမြို့နေ ဒေါ်ခင်ရီ(ရုံးအုပ်၊ ဆည်မြောင်း-ငြိမ်း)တို့၏ ညီ/မောင်၊ ဦးမြင့်အောင် (လ/ထ အင်/ယာ၊ ရွာထောင်၊ ဒီဇယ်စက်ခေါင်းစက်ရုံ)-(ဒေါ်စမ်းစမ်းအေး)၊ ရန်ကုန်မြို့နေ ဦးကျော်စိုးဝင်း (မြို့နယ်ဦးစီးအရာရှိ-ငြိမ်း)-ဒေါ်ခင်စီ(မြို့နယ်ဦးစီးအရာရှိ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဆောက်လုပ်ရေး)၊ ဒေါ်တင်တင်လှိုင်(မတ္တရာတရားရုံး)၊ စစ်ကိုင်းမြို့နေ ဦးထွန်းအောင်ကျော်-ဒေါ်ချိုပြုံး၊ (ဦးစိမ်းမောင်မောင်)-ဒေါ်မြင့်အေး(စက်ရုံမှူး၊ တပ်မတော်သမိုင်း ချည်/ထည်စက်ရုံ)၊ မန္တလေးမြို့၊ အောင်တော်မူရပ်နေ ဦးအောင်မျိုး-ဒေါ်စန်းရီ၊ ဒေါ်စုစုစိမ်း (ကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်ခင်စန်းရီ တို့၏ အစ်ကို၊ (ဒေါ်အုန်းမြရီ)၏ခင်ပွန်း၊ တူ/တူမ ၂၂ ယောက်တို့၏ ဦးလေးသည် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ပြုံးသစ် (၅၄)နှစ်
### B.Sc(Chemistry)
### အစီအစဉ်လက်ထောက်(ငြိမ်း)မြန်မာ့အသံ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျွဲဆိတ်အိမ်ရာ၊ အမှတ်(၆၃-B)နေ ဒေါက်တာမြတ်မော်ထွန်း (Ngee Ann Polytechnic-ခေတ္တ စင်ကာပူ)၏ ချစ်လှစွာသောဇနီး၊ မနှင်းဝေမော်(NTU)၏ ချစ်လှစွာသောမိခင်၊ (ဦးထွန်းငွေ)-ဒေါ်သန်းမြတို့၏သမီးထွေး၊ ရွှေနေကြီး (ဦးထွန်းတင်-ဒေါ်ခင်ဥဥ)တို့၏သမီးချွေးမ၊ ဒေါက်တာခင်မောင်လွင်-ဒေါ်လဲ့လဲ့တင်၊ ဦးခင်မောင်ငွေ-ဒေါ်ခင်ငွေးမူ၊ ဦးခင်မောင်သန့်-ဒေါ်သီရိမေ၊ ဒေါက်တာခင်မောင်မြ-ဒေါ်ခင်မီမီဟိန်း၊ ဒေါက်တာခင်ပြုံးဆွေ၊ ဦးဇာနည်ထွန်း-ဒေါ်စန်းစန်းဝင်း၊ ဦးဟံသာထွန်း-ဒေါ်သင်းသင်းတို့၏ညီမသည် ၁၈-၁၀-၂၀၁၅ရက် စင်ကာပူစံတော်ချိန် နံနက် ဝ၀း၁၅နာရီတွင် စင်ကာပူနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၅ရက်တွင် စင်ကာပူ၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ (၂၂-၁၀-၂၀၁၅ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အရိုးပြာအား ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## စကီနာဘီ(ခ)စပယ်အောင် (၄၈)နှစ်
### ငွေစာရင်းဌာန(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးဌာန ဗိုလ်ဆွန်ပက်လမ်း

ရန်ကုန်မြို့၊ အမှတ်(၂၉-B)၊ (၁၂၂)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးတင်လှိုင်)-ဒေါ်နီ၊ (ဦးအောင်ညွန့် ဆ-သ-ရ)-ဟာဂျီမဒေါ်ညွန့်ညွန့်သန်းတို့၏သမီး၊ ကိုသောင်းကြွယ် @ ရာရာဘိုင်၏ဇနီး၊ မောင်အောင်ကောင်းဆက်၊ မောင်လရောင်လင်း၊ မစုကြွယ်စင်တို့၏မိခင်သည် ၁၉-၁၀-၂၀၁၅ရက် ည ၁၁း၂၅နာရီတွင် အလ္လာဟ်အမိန့်ခံယူပြီး ၂၀-၁၀-၂၀၁၅ ရက်တွင် ရေဝေးစွန်နီကဘာရ်စတန်ည ဒါဖွာနာပြီးစီးကြောင်း။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## လားရမ်းဒင်ထားရာ(ခ)အားသဲ (၂၉)နှစ်
### စံတော်ချိန်နေ့စဉ်သတင်းစာ

မင်္ဂလာဒုံမြို့နယ်နေ တကကကျော်ဝင်း-ဒေါ်စန်းစန်းအေးတို့၏သား၊ မောင်ပန့်မောယာ၊ မောင်လွန်းဆန်းငါ(ခ)ဆန်းသဲတို့၏အစ်ကို၊ ဒေါ်လျှံထန်ပွေးအေး၏တူ မောင်လားရမ်းဒင်ထားရာ(ခ)အားသဲ(ခ)တွတ်ပီ [BA (Philosophy)] (စံတော်ချိန် နေ့စဉ်သတင်းစာ အငယ်တန်းသတင်းထောက်)သည် ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁၀-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုပြီး ဂူသွင်းမည်ဖြစ်ပါကြောင်း။ (မင်္ဂလာဒုံနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီနှင့် စံတော်ချိန်သတင်းစာတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌပြောသည့် ပြည်ပနိုင်ငံများမှ ကြိုတင်မဲပေးရာတွင်ကြုံတွေ့သည့် အခက်အခဲများ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ၁၈ ရက်သာလိုတော့သည့်အချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)သည် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံမှုများအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။

မေးရေး-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

**ဦးတင်အေး (ဥက္ကဋ္ဌ)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**မေး။ ။ပြည်ပနိုင်ငံတွေမှာ ကြိုတင်မဲပေးရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုကော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘယ်လိုဖြေရှင်းပေးဖို့ အစီအစဉ်ရှိတယ်ဆိုတာ ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။တနင်္ဂနွေနေ့က စင်ကာပူကို ကျွန်တော် တိုက်ရိုက်ဖုန်းပြောဖြစ်တယ်။ ကလေးတစ်ယောက်ရဲ့ ပုံစံကို ကျွန်တော်ကြည့်လိုက်တော့ သူဟာလက်ရေးတွေဘာတွေ ရေးထားဖြည့်ထားတာမှန်တယ်။ ဒါပေမယ့် ကျွန်တော်တို့က ဘယ်တိုင်းပြည်ကို ပို့ရမှန်းမသိဘူး။ ဒီတော့ သူ့ရဲ့ terminology တွေကိုကြည့်ပြီး ဒါက ကိုရီးယားထင်တယ်လို့ ယူဆရင် ဒီမဲဟာ ကိုရီးယားကို ပို့လိုက်မိတယ်။ ဒီလိုလူမျိုးတွေအတွက် ကျွန်တော်တို့က ညှိနှိုင်းနေတယ်။ သူ့ကို မဲပေးနိုင်အောင် ထပ်ပို့ပေးဖို့ လုပ်နေတယ်။ ဒါကိုတော့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ညှိနှိုင်းနေပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

ရှောင်လေဝေးဝေး ယမကာဘေး
စာမျက်နှာ - ၂

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေသီကျွန်းသို့တိုင် တောမီးလောင်မှုကျယ်ပြန့်လာ
စာမျက်နှာ - ၄

လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်
စာမျက်နှာ - ၅

အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ၎င်းတို့ဒေသတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကူညီမည်
စာမျက်နှာ - ၁၀



# မော်ချီးဒေသတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၂၀**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် သဘာဝဘေးကြောင့် ဖြစ်ပွားခဲ့သည့်နေရာဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မော်ချီးဒေသတွင်ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေကြသည့်သဘာဝဘေးသင့်ပြည်သူများ၊ အိမ်ထောင်စုဝင်မိသားစုများအား နေထိုင်စားသောက်မှုအခြေအနေနှင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် မှတ်ပုံတင်များကို စစ်ဆေးပြီး ဒေသခံနှင့် ဒေသခံမဟုတ်သည့်လုပ်သားများကို **စာမျက်နှာ ၅ ကော်လံ ၃ သို့**

# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ကစားသမား ၂၃ ဦးစာရင်းထုတ်ပြန်




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ပဏာမရွေးချယ်ထားခဲ့သည့် ကစားသမား ၂၃ ဦး စာရင်းကိုထုတ်ပြန်ခဲ့ရာ အင်္ဂလန်ပရီမီယာလိဂ်မှ ကစားသမား ငါးဦး အထိပါဝင်ခဲ့ပြီး အဆိုပါကစားသမားငါးဦးစာရင်းတွင် ဆန်းချက်ဇ်၊ ဟာဇက်နှင့် ယာယာတိုရေးတို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ရွေးချယ်ခဲ့သည့် ကစားသမား ၂၃ ဦးစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ လက်ရှိ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုရှင် စီရိုနယ်လ်ဒိုနှင့် ဘာစီလိုနာအသင်း၏ အားအထားရဆုံး တိုက်စစ်မှူးဖြစ်သည့် လီယွန်နယ်မက်ဆီတို့လည်း ပါဝင်လာခဲ့သည်။ ထို့ပြင် ဝေလလက်ရွေးစင်အသင်းနှင့် ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်လည်း ပါဝင်လာခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးနည်းပြ ၁၀ ဦးစာရင်းတွင် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုနှင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးတို့လည်း ပါဝင်လာခဲ့ပြီး ဘာစီလိုနာအသင်းအား ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလား၊ စပိန်လာလီဂါဖလားနှင့် စပိန်ဘုရင့်ဖလား(စပိန်ကိုပါဒယ်ရေးဖလား)စသည်ဖြင့် တစ်နှစ်တည်းဖလားသုံးလုံးရယူဆွတ်ခူးပေးနိုင်ခဲ့သည့် နည်းပြဟင်နရီကေးနှင့် လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းအား တာဝန်ယူကိုင်တွယ်လျက်ရှိသည့် ဂွါဒီယိုလာလည်း ပါဝင်လာခဲ့သည်။

ဖီဖာကထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အကောင်းဆုံးကစားသမား ၂၃ ဦးစာရင်းမှာ အဂူရို(မန်စီးတီး)၊ ဘေးလ်(ရီးယဲလ်မက်ဒရစ်)၊ ဘင်ဇီမာ (ရီးယဲလ်မက်ဒရစ်)၊ စီရိုနယ်လ်ဒို(ရီးယဲလ်မက်ဒရစ်)၊ ဒီဘရူနီ (ဝုလ်စ်ဘတ်/မန်စီးတီး)၊ ဟာဇက်(ချယ်လ်ဆီး)၊ အီဘရာဟီမိုဗစ်ချ် (ပီအက်စ်ဂျီ)၊ အင်နီယေစတာ(ဘာစီလိုနာ)၊

**စာမျက်နှာ ၈ ကော်လံ ၃ သို့**




themirror.npt@gmail.com
www.facebook.com/themirrordaily